www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

မြို့မစာအုပ် - ၃၃

BURMESE CLASSIC .com

# ရွှေမိုးသည်း

## အကြည်တော်

တော်ဝင်မြို့မစာအုပ်တိုက်
၇၇(၁)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

စီစဉ်ထုတ်လုပ်သူ ကိုမိုး

စာမူခွင့်ပြုချက်အမှတ် - ၁၃၃၈ / ၂၀၀၃(၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၃၈ / ၂၀၀၃(၁၀)

မျက်နှာဖုံးဒီဇိုင်း

ကိုဆန်း (Glory)

ထုတ်ဝေသူ

ဦးလှိုင်ဝင်းမိုး (ယာယီ-၇၃၇)

၇၇/ခ၊ ၃၈လမ်း၊

ကျောက်တံတားမြို့နယ်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးသန်းလွင် (ရွှေလင်းယုန်ပုံနှိပ်တိုက်)

၅၁၊ရေကျော်လမ်းမ၊ ပုဇွန်တောင်။

အတွင်းဖလင်နှင့်စာအုပ်ချုပ်

မင်းမင်း

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၃-ခုနှစ်၊ အောက်တိုဘာ

အုပ်ရေ

(၅၀၀)

တန်ဖိုး

၇၀၀ ကျပ်

www.burmeseclassic.com

ညီမလေး...

သတိရခြင်းတွေကို ကျဲဖြန့်လိုက်ရင်

ဟောဒီရှာနေတဲ့ မိုးစက်...

မျက်ရည်စက်လက်ဖြစ်သွားလောက်ရဲ့..

www.burmeseclassic.com

'သူ့နာမည်က'. . .

'အင်း လုပ်ပါဦး' . . .

'ဟိုကွာ . . . ဘယ်လက်ထက်တုန်းကလဲမသိဘူး. . ဟိုကွာ. . . ဘာဘုရင်ကြီးကလဲ. . . သူ့သားဘယ်သူ့ကို. . . ဘယ်ဒိသာပါမောက္ခဆီပို့ပြီး ဘာပညာသင်ခိုင်းတယ် ဆိုပါရော့လား'

'ဟာကွာ. . . ဘအေးရာ. . . မင်းဟာကအတိအကျပါလား။ ငါက အဲဒီကောင်မလေးနာမည်ကို မေးတာ. . .'

'အေးလေ. . . ငါလဲ. . . အဲဒီကောင်မလေးနာမည် ပဲ ပြောမလို့. . . ပိုပြီးတိကျအောင် ဥပမေဥပမာရိယနဲ့ပြောမလို့. . . အဲ. . အဲဒါနဲ့. . . အဲဒီမင်းသားလေးကို ဟိုဒိသာပါမောက္ခကြီးက ဟိုပညာသင်ပေးလိုက်တယ်ကွ. .'

'ဘယ်ပညာလဲ'

www.burmeseclassic.com



ဘအေးခေါင်းကုပ်သည်။မျက်မှန်ပင့်သည်။ ရေနွေးခွက်မသည်။ ပြန်ချသည်။

'ဟိုကွာအပေါ်ကဘာတွေရှာကျလာတဲ့ ပညာဆိုလား' ဟုဆိုပြီး ရေနွေးကို ရှူးခနဲမှုတ်သောက်လိုက်၏။

'သြော်. . . သိပြီ. . . ကျောက်သံပတ္တမြားမိုး'

ဟု သန်းအောင်ဖြေသည်။ သူ့အဖြေကို ဘအေးက သဘောကျစွာ စားပွဲကို ဖြန်းခနဲတစ်ချက်ပုတ်လိုက်၏။

'အေး. . . ဟုတ်တယ်. . . အဲဒီမိုး. . . ဒါပေမယ့် အဲဒီမိုး မဟုတ်သေးဘူး. . .'

'အင်. . .'

သန်းအောင်၊ကိုသူ၊ထွန်းနိုင်နှင့်ကျွန်တော် လေးယောက်လုံး မျက်ခုံးများအတွင်းသို့ စုကပ်ကုန်၏။ အားလုံး ဘအေး၏ ပဟေဠိကို အဖြေညှိနေကြပုံ။အတန်ကြာမှ ထွန်းနိုင်က ဝင်းလက်သောမျက်နှာဖြင့်

'သြော်. . . သိပြီ. . . ဗိုလ်စံဖဲခေတ်က ရှာတဲ့မိုး. . . ဟိုလေ. . . ပဲမိုး. . .'

'နင့်ကလိန်း. . . ဒိသာပါမောက္ခခေတ်ကဆိုမှ. . . ဗိုလ်စံဖဲလုပ်နေသေးတယ်. . . မင်းကြီးတော်တို့ခေတ်က အကြောင်းတွေ လာမပြောနဲ့. . .'

ဘအေးက အခွင့်သာတုန်း ထွန်းနိုင်ကို အသားလွတ်တွယ်သည်။ ထွန်းနိုင်၏ မျက်နှာကြီး တန်ဆောင်တိုင်မီးပုံးလို ခွေခေါက်ခေါက်နှင့် တွန့်ဝင်သွား၏။

'ဟို. . . ဟိုကွာ. . . ရွှေမိုးငွေမိုး. . .'

ကျွန်တော်၏ မဝံ့မရဲစကားကို ဘအေးက အဖြေမှန်သိသွားသလို စားပွဲကိုဖြန်းခနဲထပ်ပုတ်လိုက်ပြီး. . .

www.burmeseclassic.com



'အေး. . . အဲဒါကိုပြောတာ. . . အဲဒါကိုပြော တာ. . . ဘာတဲ့'

'ရွှေမိုး. . . ငွေမိုး'

'အေး. . . ဟုတ်တယ်. . . အဲဒါသူ့နာမည်ပဲ. . .'

ကျွန်တော်မျက်မှောင်ကြီးကျုံ့သွားလေ၏။ ဒါကို မနေနိုင်မထိုင်နိုင် ထွန်းနိုင်က. . .

'ဟင်. . . နာမည်ကြီးကလဲ ဘယ်လိုကြီးလဲ. . ရွှေမိုး ငွေမိုးတဲ့'

ထွန်းနိုင်၏စကားကို ဘအေးက

'မင်းကြီးတော် ရွှေမိုးငွေမိုးရမှာလား မင်းတို့ဟာ နည်းနည်းလေးမှ ဖြန့်ကျက်ပြီးမတွေးဘူး။ ရွှေမိုးငွေမိုးဆိုတဲ့နာမည် မင်းကြီး တော်သွေးဆုံးကြီး ကလေးမွေးမှမှည့်. . . တကတဲ။ ဒီနာမည်ကြီး ဘယ်တုန်းက ဘယ်သူ့ကို မှည့်တာကြားဖူးလို့လဲ' ဟုဆို၍ ထပ်ငေါက်ထည့်လိုက်ရာ ထွန်းနိုင်၏မျက်နှာမှာ ပလာယာနှင့် ဆွဲအညှပ်ခံရသော စပရိန်လို ပို၍ကျုံ့ဝင်သွားပြန်၏။

'ဒါဆို . . . သူ့နာမည်က. . .'

'ရွှေမိုး. . .'

'ရွှေမိုး. . . ဟင်. . . နာမည်ကြီးကလဲ. . .'

'ရွှေမိုးချည်းပဲတော့ ဘယ်ဟုတ်ပါ့မလဲ ကျန်သေးတယ်'

'ဘာကျန်သေးလဲ. . .'

'သည်း. . .'

'သည်း. . . ဟုတ်လား၊ ဒါဆိုသူ့နာမည်က. . .'

'ရွှေမိုးသည်း. . .'

× × ×

www.burmeseclassic.com

ရွှေမိုးသည်း

www.burmeseclassic.com

'ညီကျော်ရာ. . . မင်းမို့လို့ ဒီကောင်မလေးမျိုး စိတ်ဝင်စားတယ် လူပုံကအူတိအူတ ကျွတ်ဆတ်ဆတ်နဲ့ စွာတေး . . .'

'အေးလေ. . . မျက်လုံးကပြူးပြူးကြီး'

ဘအေးစကားကို တစ်လျှောက်လုံးတစ်ခွန်းမှဝင်မပြောသေးသော ကိုသူကထောက်ခံ၏။

သူတို့စကားကြောင့် ထွန်းနိုင်ကပါတစ်စခန်းထပြန်၏။

'ဟုတ်ပ့ါကွာ. . . နှာခေါင်းကကောက်ကောက်နဲ့. .' သူတို့ပြောသလောက်မဆိုး. . . သို့သော်. . မျက်လုံးဝိုင်းဝိုင်း. . . နှာတံပေါ်ပေါ်၊ နှာခေါင်းရိုးအလယ်ကကျိုးသလိုဖြစ်နေတာတော့ ဟုတ်သည်။

'နောက်ပြီး နှုတ်သီးကလည်းချွန်လို့. . .'

ဒါတော့ဟုတ်သည်၊ နှုတ်ခမ်းက အနည်းငယ်ပါးပြီး ချွန်သယောင်ရှိသည်။

'အားလုံးခြုံကြည့်လိုက်လျှင်. . . မျက်နှာကဂျွန်နဲ့ တူတယ်ကွ'

www.burmeseclassic.com



ဘာစကားမှဝင်မပြောသော သန်းအောင်က အလေးအနက် မှတ်ချက်ချ၏။ ဒါကို ဘအေးက ဆရာကြီးဟန်နှင့် သူ၏ ဒီဂရီ မျက်မှန်ကိုပင့်ပြီး. . .

'ကိုယ်လုံးကလည်း ဘာထူးလို့လဲ. . . နဂါးလိုရှည်မျောမျောကြီး' ဒါကတော့ တဆိတ်လွန်လွန်းလှပြီ . . . ကောင်မလေး၏ကိုယ်လုံးက ပိန်သွယ်သွယ်နှင့် လှတပတပါ။ဒါကို သူများအကြောင်း မကောင်းပြောရန် အမြဲအာရည်ရွှဲနေသော ထွန်းနိုင်က.

'ဟေ့. . . ခါးတော့ အတော်ထွားတယ်နော်. . . တလွဲ ဆံပင်ကောင်း. . .'

ဒါကတစ်ဖက်သတ်စွပ်စွဲချက်. . .

'မင်းပြောလိုက်မှ နဂါးခွေးခြေခုံမျိုထားတဲ့ပုံကြီး ကွက်ခနဲ မြင်မိတော့တယ်'

ဘအေးထောက်ခံ၏။

'ဒါပေမယ့် တင်ပါးဆုံက လက်တစ်ဝါးလောက်အပြင် ပိုမရှိနိုင်ဘူး' တင်ပါးဆုံ ခရေဇီ(သုတေသီ)သန်းအောင်က ဝင်၍ အဆိုပြုသည်။

ကဲ. . .

. . . . .

'ကိုသူ. . . မင်းက ကဗျာဆရာဆိုတော့ ရွှေမိုးသည်းရဲ့ ကာရိုက်တာကို ကဗျာစပ်ကွာ. . . လေးချိုးဖြစ်ဖြစ်. . . ဒွေးချိုးဖြစ်ဖြစ်. .'

ဘအေး၏တောင်းဆိုမှုကို သူတစ်ပါးမကောင်းကြောင်း ကဗျာရေးရန် အမြဲလက်အားနေသော ကဗျာဆရာကိုသူက အားရဝမ်းသာပါပဲ. . . 'ရတယ်လေ'ဟုဆိုပြီး သူ့ဖာသာသူ စာရွက်စိုက်၊သူ့ဖာသာသူဘောလ်ပင်နှိုက်ပြီး အောက်ပါကဗျာ တစ်ပုဒ်ရေးလိုက်တော့၏။

× × × ×

www.burmeseclassic.com

# ရွှေမိုးသည်း

'မျက်နှာက ဂျူန်

လူပုံက နဂါး

ရွှေခါးတော် အတော်ထွားတယ်

တင်ပါးဆုံ လက်တစ်ဝါး . . .'

www.burmeseclassic.com

ကျွန်တော်ချစ်ရပါသော ရွှေမိုးသည်းဆိုသည့် ကောင်မလေးသည် အစုံစားသတ္တဝါဖြစ်၏။ ခေါက်ဆွဲသုတ် ကြိုက်၏။ လက်ဖက်ရည်သောက်၏။ သကြားလုံးငုံ၏။ ငရုတ်သီးစား၏။ ထန်းလျက်ခဲမြို့၏။ရေခဲမုန့်အသားကုန်စား၏။ ဟန်ဂါဘာဆွဲ၏။ မုန့်ပစ်စလက်အလွတ်မပေး။ ကြက်သားကင် ဆို သွားရည်ပါကျ၏။ ချဉ်ပေါင်ဟင်း ရှလွတ်ရှလွတ်ပါမြည်၏။ ဒိန်ချဉ်နှစ်ခွက်ဆင့်သောက်တတ်၏။ ဝက်သားတုတ်ထိုး ပိုက်ဆံ ကုန်မှထတတ်၏။ (ဒါတောင် သံယောဇဉ်မကုန်နိုင်စွာ ထိုဆိုင် နား ရစ်သီရစ်သီလုပ်နေတတ်သေးသည်။) လက်ဖက်သုတ်ပန်း ကန်ပါပြောင်အောင်လျက်၏။ ဇီးထုပ်သွားမကျိန်းမချင်းစား၏။ ဒူးရင်းသီး ဆူးမပါ ပါက အလုံးလိုက်ပင် မျိုချနိုင်၏။ ငှက်သား သူကိုယ်တိုင် လေးခွတစ်လက်နှင့်လိုက်ပစ်ပြီး ကင်စား၏။ ငါး ကြော် ကြောင်ပင်အိမ်ပြောင်းသွား၏။ သိုးသား ပါးစပ်ကျယ်ပါက အုပ်လိုက်ပင်မောင်း ထည့်ချင်ကြောင်း မကြာခဏပြော၏။ ဘိန်းမုန့်၊ မုန့်စိမ်းပေါင်း၊ ကောက်ညှင်းထုပ်၊ ပလာတာ၊ စမူဆာ၊

www.burmeseclassic.com



နံပြား၊ နေကြာစေ့. . .

ကဲ. သူစားသည့်အစားအစာများကို ခင်ဗျားတို့ကို ပြောပြနေပါက တစ်ထောင့်တစ်ညပုံပြင်ထက်ပင် ရှည်လျားသွားလိမ့်မည်။ ထို့ကြောင့် အလွယ်ကူဆုံးပင်ပြောပြမည်။

ကျွန်တော့်ချစ်သူ(ကျွန်တော်ချစ်ရပါသော)သည် အစုံစားသတ္တဝါဖြစ်၏။ သူသည် စားစရာမရှိပါက သွားကြားထိုးတံပင်ကိုက်စားနေတတ်၏။မြက်ပင်တွေ့ပါက မြက်ပင်၏အနုသားလေးကို ကိုက်စားတတ်၏။ (ချိုလို့တဲ့၊ ဟုတ်ပါသည်။ ချိုပါသည်။ သူစားခိုင်း၍ ကျွန်တော်စားဖူး၏။ မိတ်ဆွေတို့လည်း မယုံလျှင် စားကြည့်ပါ။ အလကားနေရင်း၊ မြက်ကျွေးနေတယ်ဟု မထင်စေချင်ပါ။) ထိုသို့ပင်. . .

ကျွန်တော့်ချစ်သူသည် အစုံစားသတ္တဝါဖြစ်၏။

× × × ×

www.burmeseclassic.com

'နင်တို့ပြောတာ ဘယ်သူ. . .'

'ရွှေမိုးသည်းလေ. . .'

'ဘုရား ဘုရား. . .'

နာမည်ကြားသည်နှင့် ဖြူပြာသူ့ရင်ဘတ်သူပြန်ဖိရင်း မျက်လုံးပြူးနေ၏။

'ဘာဖြစ်လို့လဲဟ. . .'

'အဲဒါ မြွေဟဲ့. . .'

ကျွန်တော်၏အမေးကို ဖြူပြာမှ မဆိုင်းမတွဖြေ၏။ ဒါကို ဘအေးက သူ့ပုံစံအတိုင်း မျက်မှောင်ကြီးကျုံ့ မျက်မှန်ကြီး ပင့်ပြီး ဒိုက်အာကြီးနှင့်

'မြွေမဟုတ်ပါဘူး၊ နဂါးပါဟ. . .'

ဖြူပြာက ဘအေးစကားကို ဘာမှပြန်မဖြေဘဲ ကျွန်တော့် ကို မမြင်ဖူးသူတစ်ယောက်လိုငေးကြည့်ရင်း. .

'ညီကျော်ရယ်. . . နင့်မှာကြိုက်စရာ ဒီလောက် တောင် ရှားလို့လား. . . ဒီမြွေကိုမှကြိုက်ရအောင် . . .'

www.burmeseclassic.com



'မြွေမဟုတ်ဘူး နဂါးပါဆိုဟာ. . .'

ဘအေးက ဝင်ထောက်ပြန်သည်။ ကျွန်တော်တို့ နှစ်ယောက်လည်း သူ့ကိုဂရုမစိုက်ဘဲ ကိုယ့်စကားကိုယ် ဆက်ပြောနေလိုက်သည်။

'မြွေ ဟုတ်လား. . . သူကအတော်ဆိုးလို့လား. . .'

ကျွန်တော့်အမေးကို ဖြူပြာက မျက်နှာကိုရှုံ့မဲ့လိုက်ပြီး. . .

'ဆိုးတာမဟုတ်ဘူးဟ့. . မွှေတာ. . မွှေတာ. . . ကပ်ခွေပြီးတော့ကို မွှေနေတော့တာ. . .'

'ဘယ်လိုမွှေတာလဲ. . . ပြောစမ်းပါဦး. . .'

ဖြူပြာက ကျွန်တော့်ကို တအံ့တဩကြည့်ပြီး. . .

'ရွှေမိုးသည်းအကြောင်း နင်တကယ်မသိဘူးနော်. . .'

ကျွန်တော် ရိုးသားစွာခေါင်းခါပြလိုက်၏။ ထိုတော့မှ ဖြူပြာက ပြောချင်လျက်လက်တို့ ဖြစ်သွားသည်မို့လားမသိ။ ကျွန်တော်ချစ်ရပါသော ဂဠုန်အကြောင်းကို ဤသို့ဖောက်သည်ချ၏။

'ဒီလိုဟ. . . ဒို့အဆောင်က စန္ဒာအောင်ကို နင်တို့သိတယ်မဟုတ်လား. . .'

'ဟို ဆံပင်အရှည်ကြီးနဲ့ ကောင်မလေးချောချောလေးလား. . .'

'အေး. . .'

'ပြောပါဦး. . .'

'အဲဒီကောင်မလေးက တစ်နေ့ကျ ဝမ်းချုပ်ပါလေရော. . .'

'အင်း. . .'

www.burmeseclassic.com



'အဲဒါနဲ့ သူက ရွှေမိုးသည်းကိုတိုင်ပင်သတဲ့. . .'

'အင်း. . . အဲဒါနဲ့. . .'

ကျွန်တော်နှင့်ဘအေးတို့၏ မျက်လုံးများ ဖြူပြာအပေါ် ပုံကျနေ၏။

'အဲဒါနဲ့ ရွှေမိုးသည်းက စက်ချူ လက်ချူ ဆပ်ပြာချူ ကွမ်းရိုးချူ စသည်ဖြင့်ဝမ်းချူနည်းပေါင်းတစ်ရာကျော် ပြောပြတယ်တဲ့. . .'

'ဟယ်. . . တယ်စုံပါလား. . .'

'အဲဒါနဲ့ စန္ဒာအောင်က အဲဒီနည်းတွေကိုကြောက်လို့တဲ့ အလွယ် ကူဆုံးနည်းကိုပြောပြပါဆိုတော့ ရွှေမိုးက ရတယ်လေ ဆိုပြီး၊ဘယ်ကဘယ်ကရှာလာသလဲမသိဘူး. . . ကနခိုတစ်လုံးကို မြေပဲနဲ့ရောကျွေးလိုက်တာ. . . စန္ဒာအောင်ခမျာ အဆောင်နောက်က အုန်းပင်ပါဖက်ထားရတယ်. . . ဝမ်းသွားတာများ လှုပ်တောင် မလှုပ်ရဲဘူး. . . မျက်လုံးကြီးလည်ပြီး မျော့နေတာ. . .။ အဲဒါနဲ့ ဝမ်းပိတ်အောင် ဘယ်လိုလုပ်ရမလဲဆိုပြီး ရွှေမိုးသည်း ကို သွားပြန်မေးတော့ သူက ဘာမှမပူနဲ့ အရွယ်တော် ကျပ်ပြားတစ်ပြားရှာပြီး မျိုချလိုက်တဲ့၊ ဒါဆို သူ့ဖာသာသူ ဝမ်းပြန်ပိတ်သွားမယ်တဲ့. . .'

ဘအေးထံမှ ကျယ်လောင်သောရယ်သံကြားရ၏။ ကျွန် တော်လည်း ပြုံးတော့ပြုံးမိသလို ဖြူပြာကသာ မရယ်ဘဲ မျက်နှာ ကြီးမဲ့ပြီး. . .

'တစ်ဆောင်လုံးသူ့ကိုစိတ်ဆိုးကြတာ ဘာပြောကောင်းမလဲ. . . သူကတော့ခပ်တည်တည်ပဲ. . . နောက် ဘယ်သူ ဝမ်းချုပ်နေသေးလဲ၊ သူကုပေးမယ်. . . မယုံရင် အဆောင် နောက်ကကြော်ငြာကို ကြည့်ပါဆိုပြီး လိုက်အော်သေးတယ်။

www.burmeseclassic.com



အားလုံးထွက်ကြည့်ကြတော့ အုန်းပင်ဖက်ထားတဲ့ စန္ဒာအောင်ကမျက်လုံးကလယ်ကလယ်၊အနောက်က အသံစွာကျယ်စွာကျယ်နဲ့ ကြော်ငြာလို့ကောင်းနေတုန်း. . .'

ဘအေးမျက်မှန်ပင်ကျွတ်ကျမတတ် အော်ကြီးဟစ်ကျယ်ရယ်၏။ ကျွန်တော်ပင် ဘာရယ်မဟုတ် သူနှင့်ရောယောင်ရယ်မိ၏။ ဖြူပြာကသာ ကျွန်တော်တို့နှင့် လိုက်မရယ်ဘဲ. . .

'နင်တို့က ဘာရယ်တာလဲဟ. . ဒါ. . ရယ်စရာမဟုတ်ဘူး. . . လူတစ်ဖက်သားဒုက္ခ ရောက်ရတဲ့ဟာကို. . .'

'ဆက်ပြောစမ်းပါဦး ရွှေမိုးအကြောင်း. . .'

ကျွန်တော့်အမေးကို ဖြူပြာနှာခေါင်းရှုံ့လိုက်ပြီး. . .

'အောင်မလေး. . . ရွှေမိုးသည်းအကြောင်းပြောရင်ကုန်တောင်ကုန်မှာမဟုတ်တော့ဘူး. . . ဟဲ့. . . တစ်ခါလည်းသိလား. . . ငါတို့အဆောင်မှာ. . . အဆောင်မှူးမသိအောင်ထမင်းခိုးချက် စားကြတယ် သိလား. . .'

'ပြောပါဦး. . .'

ဘအေးပင် အသံတိတ်သွား၏။ ပါးစပ်ကလေးဟပြီး ဖြူပြာကိုကြည့်နေသည်။

'ကိုယ်စားချင်တဲ့ဟာချက်စားကြပေါ့. . . အဲဒါ. . . ရွှေမိုးသည်း ကရောက်လာပြီး ငါလဲနင်တို့ကို ပန်းငရုတ်သီးကိုပုဇွန်ခြောက်နဲ့ ကြော်ကျွေးမယ်ဆိုပြီး ပန်းငရုတ်သီးအပွတွေနဲ့ပုဇွန်ခြောက်တွေ အများကြီးယူလာတယ်။ နောက် သူကိုယ်တိုင်ချွေးတလုံးလုံးနဲ့ ကြော်ကျွေးတယ်. . .'

'အလဲ့. . . နိပ်ဟ. . .'

ဘအေး မစားရဝခမန်းအော်သည်။

'ဘာနိပ်ရမှာလဲ. . . သူ့ပန်းငရုတ်သီးကြော်စားပြီး

www.burmeseclassic.com



အား လုံး တောင်ဘက်ပြေးရမလို၊ မြောက်ဘက်ပြေးရမလို ဖြစ်ကုန်ရော. . .'

'ဘာဖြစ်လို့လဲ. . .'

'ဘာဖြစ်ရမှာလဲ. . . သူကြော်ကျွေးတာ ပန်းငရုတ်သီး မဟုတ်ဘဲ ကုလားအော်သီးအပွတွေဟ. . . သူ့အကြော်လဲ စားပြီးရော စပ်လွန်းလို့ တစ်ဆောင်လုံး လေလာတဲ့ဘက် ပါးစပ် ဟပြီးနေ နေရတယ်. . . ရွှေရွှေခိုင်ဆိုတဲ့ ကောင်မလေးဆို ဆန်အိတ်ဖက်ပြီး တော့ငိုနေရတယ်. . .'

'ဘာလို့ဆန်အိတ်ဖက်နေရတာလဲ. . .'

'ဆန်အိတ်က အေးလို့တဲ့ဟ. . . ဆန်အိတ်ကြီးဖက်၊ ပါးစပ်လေးဟပြီး ငိုနေလိုက်တာ အခုထိသူ့ပုံ မျက်စိထဲက မထွက်ဘူး. . .'

ဘအေးထံမှ ရယ်သံကြားရပြန်၏။ ဖြူပြာက ဘအေးကို မဲ့ရှုံ့ ကြည့်ပြီး

'ဘာရယ်တာလဲဟ. . . ဒါ ရယ်စရာမဟုတ်ဘူး. . .'

သူ့စကားကို ဘအေးက ထပ်ရယ်လိုက်ပြီး. . .

'ရယ်ရလို့ပါဟ. . . ဟဲ ဟဲ. . . ထပ်ပြောစမ်းပါဦး ရွှေမိုး ရဲ့လုပ်ပုံ'

'အများကြီးပဲဟ. . . ကဲ. . . ဒို့တွေတစ်ခါ မျိုးသဲတို့ ရွာလိုက်လည်တုန်းက သူလဲပါလာတယ်. . .။ မျိုးသဲတို့ရွာကလဲ ဟယ်. . . လယ်ကွင်းချည်းပဲ. . . နောက်ကျွဲတွေနွားတွေ ကလည်းတစ်ပုံကြီး. . . သွားတာကလဲ စာမေးပွဲအပြီးတန်ခူးလ ဆိုတော့. . . ပူတာကလည်းခြစ်နေတာပဲ. . .'

ဖြူပြာက စကားစကိုဖြတ်ပြီး ရေနွေးကြမ်းသောက်သည်။ ကျွန်တော်နှင့်ဘအေးကတော့ တငန့်လင့်လင့်. . .။

www.burmeseclassic.com



'အဲဒီရောက်ရော သူတို့ရွာက ဘုရားကိုသွားကြမယ်ပေါ့ . . .။ ဘုရားကလည်း လယ်ကွင်းကြီးကိုဖြတ်ပြီးသွားရမှာ. . . အဲဒီမှာ ရွှေမိုးသည်းက. . .'

ဖြူပြာက စကားစဖြတ်လိုက်သည်။ ပြီးတော့ ကျွန်တော့်ကို လက်နှင့်ရိုက်ပြီး

'ဟဲ့. . . နင်တို့ . ငါတို့အထဲက ခင်မေဝင်းကို သိတယ်မဟုတ်လား. . .'

'အင်း. . . သိတယ်လေ. . . ဟို ကရင်မလေးလုံး လုံးလေး . . . စာတိုပေစလေးရေးတတ်တယ် မဟုတ်လား. . .'

'အေး. အေး. . . ဟုတ်တယ်၊ ငါတို့ကသူ့ကို မနော်လို့ခေါ်တယ်'

'အဲဒါနဲ့ ဆက်ပါဦး. . . ရွှေမိုးသည်းအကြောင်း. . .'

ဖြူပြာ ကျွန်တော့်ကို မျက်စောင်းထိုးကြည့်သည်။ ပြီးမှ

'အဲဒါနဲ့ ရွှေမိုးက မနော်ကို သွားကြပ်တယ်. . .'

'ဘယ်လိုကြပ်လဲ. . .'

'အင်း. . . မနော်က အသားလေးဖွယ်ပေမယ့် လှတယ်ပေါ့. . . အဲဒါဘုရားသွားရင်း အနီရောင်တောက်တောက်ကလေးဝတ်သွားရင်ထင်းခနဲပေါ်သွားမှာ။ ရွာကလူတွေ တောင်ငေး ကြည့်ကုန်ကြမှာဆိုပြီးကြပ်တယ်. . .။ ဟိုကလဲအမြှောက်ကြိုက်ဆိုတော့အဟုတ်မှတ်ပြီး ပီတိတွေဖြစ်လို့ပေါ့. . .'

'ဒါဆိုစိန်ပြောင်းလဲ ကြိုက်မှာပေါ့. . .'

ဘအေးက ဖြတ်မေးသည်။ ဖြူပြာက သူ့ကိုလှည့်မကြည့်ဘဲ. . .

'အဲဒါတော့ မမေးကြည့်ရသေးဘူး၊ ကြိုက်မှာပေါ့၊ အမြှောက်တောင်ကြိုက်မှတော့ စိန်ပြောင်းကလဲ ဘာကြီးတာ လိုက်လို့။

www.burmeseclassic.com



ထားပါတော့. . . ဘုရားလဲသွားရော မနော်က ရွှေမိုး မြှောက်ပေးတဲ့ အတိုင်း အနီရောင်ချိတ်ကြီး ဝတ်ချလာတယ်။ စဉ်းစားကြည့်လေ . . . သွားရမှာက နေ့ခင်းဆယ့်နှစ်နာရီ လောက်ကြီး. . .'

'အဲဒါနဲ့ ဘာဖြစ်သွားလဲ. . .'

ဘအေးက ဖြူပြာစကားကို စိတ်မရှည်နိုင်တော့ဘဲ ဖြတ်မေး၏။ ဒါကို ဖြူပြာက မျက်နှာရှုံ့မဲ့လိုက်ပြီး. . .

'ဘာဖြစ်ရမှာလဲဟ. . လယ်ကွင်းအစပ်လဲရောက်ရော ကျွဲလိုက်တာများ ကြည့်တောင် မကောင်းဘူး။ အနီရောင်ရဲရဲကြီး ဆိုတော့ ကျွဲက မျက်စိနောက်မှာပေ့ါ။ မနော်ခမျာ အောင်မလေး တော့ အောင်မလေးတော့. . . ဆိုပြီး လယ်ကွင်းထဲ ပတ်ပြေး တာများ လုံး. . . လို့။ ရွာပြန်ရောက်တော့ မနည်းနှာနှပ်ယူ ရတယ်။သူ့ခမျာ လျှာကြီးထွက်ပြီး ဖုတ်လှိုက်ဖုတ်လှိုက်ကို ဖြစ်ရော. . .'

'ဟား ဟား ဟား ဟား'

ဘအေး ထိုင်ခုံမှနေ၍ ကွတက်လာသည်အထိ ရယ်၏။ တော်ရုံ နှင့် အတောမသတ်. . .။

ဖြူပြာက ဘအေးကိုကြည့်ပြီး တစ်ဖက်သို့ပြန်လှည့် ကာ. . .

'သကြ်န်ကျတော့လဲ ကြည့်ပါဦး. . . ရွာက သက်ကြီး ရွယ်အိုတွေကို. . . ခေါင်းလျှော်ပေးမယ်ဆိုပြီး ခေါ်တယ်. . . ဟိုက အဟုတ်မှတ်ပြီးလာကြတာပေ့ါ . . . အဲဒါ သူကိုယ်တိုင် စိတ်ရှည်လက်ရှည် ခေါင်းလျှော်ပေးတယ်. . . ခေါင်းလျှော် တာမှ ခေါင်းပေါ် ဆပ်ပြာ မြှုပ်တွေ တစ်တောင်လောက် တက်လောက်အောင် လျှော်တယ် . . . ပြီးလဲပြီးရော ရေကုန် သွားလို့ဆိုပြီး အဲဒီဆပ်ပြာမြှုပ် တစ်တောင်လောက်နဲ့ ပြန်လွှတ် လိုက်တာ. . .'

ဘအေး ထိုင်လိုက်ထလိုက်ဖြစ်သည်အထိရယ်၏။

www.burmeseclassic.com



'အဲဒါ. . . ရွာကလဲရေရှားတော့ဘယ်သူမှရေမပက်ကြဘူး. . . တချို့ မျက်လုံးစပ်တဲ့လူတွေဆို. . . အိမ်ပြန်ပြေးရတယ်. . . အဲဒီလို. . .'

ဘအေး၏ ရယ်သံအတောမသတ်တော့. . .။

'သြော်. . . ရွှေမိုးသည်း. . . လုပ်လိုက်မှဖြင့် အထူးအဆန်းချည်းပါလား. . .'

'ဒါနဲ့. . နင်တို့က သူ့ကိုဘာမှပြန်မလုပ်ကြဘူးလား. . .'

ကျွန်တော့်အမေးကို ဖြူပြာလန့်သွားပုံရ၏။ မျက်လုံးကြီး ပြူးပြီး ဘေးဘီဝေ့ကြည့်သည်။ ပြီးမှ လေသံလေးဖြင့်

'ဟဲ့. . . မလုပ်ရဲဘူးဟဲ့. . .'

'ဘာဖြစ်လို့လဲ. . .'

ကျွန်တော်တို့ အားလုံးစိတ်ဝင်စားသွားသည်။ ဖြူပြာကဆက်၍. .

'သူက ကြော်ငြာထားတယ်. . .'

'ဘယ်လိုကြော်ငြာထားလဲ. . .'

'သူက လူမဟုတ်ဘူးတဲ့. . .'

'ဒါဆို . .

သူက . . .

. . . .'

'သွေးစုပ်ဖုတ်ကောင်. . . တဲ့။'

'ဟင်. . . .။'

× × × ×

www.burmeseclassic.com

မြင်ရသောမြင်ကွင်းသည်မျက်စိအစုံကိုယုံကြည်မှုအားလျော့ စေသည်။အမြင်စွမ်းအားကို ပြုပြင်၍မရနိုင်တော့ကြောင်းသိ သာစေသည့်အဓိကသက်သေသည်သူမလှပနေခြင်းပင်ဖြစ်သည်။လှမ်းလာသောသူမ၏ခြေလှမ်းတိုင်းကသူမ၏ကိုယ်ဟန်ကိုအမူပိုနွဲ့နှောင့်စေသည်။အေးမြရှတသော မြောက်ပြန်လေသည်လည်းသူမ၏အမူပိုနွဲ့နှောင့်ခြင်းကို အားပေးအားမြှောက်ပြုနေပြန်သည်။အားယူထွန်းလင်းစပြုနေသောအလင်းရောင်ပါးပါးက သူမ၏ကိုယ်ရောင်ကိုယ်ဝါကိုလှပ နေစေပါသည်။သူမ၏ဝိုင်းစက်ရွှန်းစိုသော မျက်ဝန်းများသည်ကျွန်တော်၏ရင်ခုန်သံကိုအတိုင်းအဆမဲ့စေသည်။ရှေ့သို့ရောက်လာသောသူမထံမှမွှေးပျံ့သောကိုယ်သင်းရနံ့သည် စိတ်အာရုံကိုညွှတ်နှူးသာယာစေခဲ့ပြီ။

တန်ခိုးအာဏာကိုတိုင်းတာ၍ ရနိုင်ပါသည်ဟုဆိုသော ရာဘင်ဒြာနတ်တဂိုးအား ဆန့်ကျင်စကားဆိုရပါတော့မည်။ ရင်ဘတ်ကြီးတစ်ခုလုံး ပြောင်းဆန်တုန်လှုပ်စေနိုင်သည့်

www.burmeseclassic.com



သူမ၏ တန်ခိုးအာဏာကို မည်သည့်နည်းပညာနှင့်မျှ တိုင်းတာ၍မရနိုင်သောကြောင့်ဖြစ်ပါသည်။ထာဝရမချုပ်ငြိမ်းနိုင်သော ချစ်ခြင်း၊ နိဂုံးမချုပ်နိုင်သော ကျွန်တော်၏မျှော်လင့်ခြင်း. . .။

သူမနှုတ်ခမ်းဖျားလေးများမှ ပွင့်အာလာမည့်အပြုံး. ထိုပန်းပွင့်ကလေးသည် စိတ်ဝိညာဉ်ကို မြူဖုံးသကဲ့သို့ မှိုင်းတိုက် ထားပါလိမ့်ဦးမည်။ သူမ၏ နှစ်လိုဖွယ်အပြုံး. . .။ ကျွန်တော့် အတွက်ကမ္ဘာကြီးတစ်ခုလုံးအသစ်ဖြစ်သွားစေမည့် သူမ၏ နှစ်လိုဖွယ်အပြုံး. . .။ "လက်"ခနဲမြင်လိုက်ချိန်. . .

'အစွယ်. . . အစွယ်. . .'

လိုချင်တပ်မက်ခြင်း၏ ထာဝရတည်မြဲသောတန်ပြန်အားတစ်ခု. . .။

"အား"

ယခုလောလောလတ်လတ် ညည်းတွားသံမှာ ကြာရှည် ခံမည်မဟုတ်၊အင်အားအကောင်းဆုံးရင်ခုန်သံက တန်ခိုးအာ ဏာရှိရာ ဒေသသို့ ညွှန်ပြခဲ့လျှင်သွေးပင်လယ်ကို မကျော်လွှားဘဲ ချစ်ခြင်း၏ကမ်းခြေသို့ မြင်နိုင်စွမ်းမည် မထင်. . .။ သူမ၏ နှစ်လိုဖွယ် သောအပြုံးနောက်မှ အစွယ် နှစ်ချောင်းအတွက်လည်း ရတနာရွှေကြုတ်လုပ်၍ ကျွန်တော်၏ လည်တိုင်တွင် နေရာပေးထားလိုက်ပါတော့မည်။

× × × ×

www.burmeseclassic.com

'ဟော့ကောင်. . . ဟိုမှာမင်းပြောတဲ့ရွှေမိုးသည်း'

'ဘယ်မှာလဲ. . .'

'လက်ဖက်ရည်ဆိုင်မှာ. . . ထိုင်နေတယ်. . . တစ်ယောက်ထဲ. . .'

မျက်စိမှုန်၍ ပါဝါ(၄၅၀)ဒီဂရီ မျက်မှန်တပ်ထားရသော ဘအေး ဒါမျိုးတော့မြင်သား. . .

'အေး. . . ငါစကားသွားပြောမယ်. . .'

'ဟော့ကောင်. . . မင်းကပြောရဲလို့လား . . . ဟုတ်မှလဲလုပ်နော် ဟိုကစွာတေး. . . .'

'ဟာ. . . ဘာလို့မပြောရဲရမှာလဲ. . . ငါကလဲ ညီကျော် ပါ. . .'

ဟုဆိုပြီး ထအထွက်. . . ဘအေးက ကျွန်တော့်လက်ကို ကမန်းကတမ်းဆွဲလိုက်ပြီး. . .

'ဟ. . . နေဦးဟ. . . ဟိုမှာ စားပွဲထိုးနဲ့ဘာပြဿနာတက်နေလဲမသိဘူး. . .'

www.burmeseclassic.com



ကျွန်တော်ကြည့်လိုက်တော့ ဟုတ်ပါသည်။ ရွှေမိုးသည်း ဘာတွေ ပြောနေသည်မသိ။ စားပွဲထိုးကလေးမှာ ခေါင်းကုပ်လိုက်၊ စဉ်းစားလိုက်၊ ပြန်ပြောလိုက်ဖြစ်နေသည်။ ရွှေမိုးသည်းက ခေါင်းရမ်းပြီး တစ်ခွန်းနှစ်ခွန်းပြန်ပြောသည်။ သူ့စကားကိုစားပွဲထိုးလေးမှာ အကြီးအကျယ်စိတ်ညစ်နေသည့်ပုံ. . .။

'ဒါ. . အခွင့်အရေးပဲ. . . ငါသွားမယ်. . .'

ဟုဆိုလိုက်ရာ. . . ဘအေးထံမှ 'ဟာ. . . ဟေ့ ကောင်' ဟူသောတားမြစ်သံ အစအနကြားရ၏။ ကျွန်တော်ဂရုမစိုက်တော့။ ဒီအချိန်က အခွင့်ကောင်းမဟုတ်ပါလား. . သူပြဿနာဖြစ်နေချိန် သူ့ပြဿနာကိုဖြေရှင်းပြီး ခင်မင်အောင်လုပ်ရတာ အလွယ်ဆုံးမဟုတ်ပါလား. . .။

ကျွန်တော် သူတို့နားရောက်သွားချိန် သူတို့ပြဿနာအထွတ်အထိပ်သို့ရောက်ရှိနေပုံရ၏။ စားပွဲထိုးလေးမှာ ငိုမဲ့မဲ့ဖြစ်နေပြီး ရွှေမိုးသည်းကတော့ အေးအေးဆေးဆေး။

'ဒီမှာ. . .'

'ကန်တော့ပါစေရဲ့. . .'

'အဲ. . .'

ဘာမှပင်မပြောရသေး အသံပြုလိုက်ရုံနှင့် တန်းကစ်သည်။နောက်ပြောပုံက ကန်တော့ပါသေးရဲ့လဲမဟုတ်။ ကန်တော့ပါစေရဲ့တဲ့. . . ကိုယ်ကပဲသူ့ကိုပြန်ကန်တော့ ရမည့် ပုံ. .။ ကျွန်တော့်မှာ ထိုင်ရမလိုထရမလိုနဲ့ ကန့်လန့်ကြီးဖြစ်သွားသည်။ သို့သော် စားပွဲထိုးလေးကတော့ ကျွန်တော့်ကိုမြင်တော့ အားတက်သွားပုံရသည်။

'လုပ်ပါဦး. . . အကိုကြီးရယ်. . . ဟောဒီအစ်မကြီး

www.burmeseclassic.com



ကျွန်တော့်ကို ရစ်နေတယ်. . .'

'အောင်မယ်. . . ငါကများရစ်တယ်လေး ဘာလေး၊ ဖေဖေလေးလာတာနဲ့ တိုင်တာပေါ့လေ. . . ဟုတ်လား. . .'

'အင်. . .'

ဘာစကားမှပင် မပြောရသေးခင် နှစ်ချက်ထိသွားပြီး. . . အလကားနေရင်း မုဆိုးမနှင့်ညားရပြန်ပြီ. . .။ စားပွဲထိုးသားရတနာပါ အဆစ်ပါသေး. . .။ ကျွန်တော်လဲ ဟန်ကိုယ့်ဖို့ ဆိုသလို မှင်သတ်ပြီး. . .။

'ဟုတ်ပါပြီသားရယ်. . . ဒီမေမေလေးက ဘာပြောလို့လဲ. . .'

'ဘာရှင့်. . .'

ကျွန်တော်၏စကား ရွှေမိုးသည်းဆိုသောကောင်မလေး အရှိုက်ထိသွားပုံရ၏။ သူ၏နဂိုပြူးသောမျက်လုံး အပြင်သို့ ပို၍ပြူးထွက် လာ၏။ ကျွန်တော် သူ့ကိုမသိချင်ယောင်ဆောင်နေလိုက်၏။ စိတ်ထဲမှာတော့ ရယ်ချင်ချင်။ ခုံတစ်လုံးယူ၍ ထိုင်လိုက်ပြီး. . .

'ကဲ-ပြော. . . သား. . . သူက ဘာပြောလို့လဲ. . .'

'ဒီလိုဦးရဲ့. . . သူက ကျွန်တော့်ကို ထမင်းကြော် မှာတယ်. . .'

'အင်း. . .'

'ဒါနဲ့ ကျွန်တော်က ဘာနဲ့စားမလဲ. . . ကြက်သား၊ ဝက်သား၊ ဆိတ်ကလီစာ၊ ဝက်ကလီစာ၊ ဝက်အူချောင်း၊ ဘဲဥ၊ ငါးဖယ်၊ ကြက်ဥကြော် အကုန်ရတယ်လို့ပြောလိုက်တယ်. . .'

'ဟုတ်ပါပြီ. . . အဲဒီတော့. . .'

ရွှေမိုးသည်းကမျက်နှာကိုတစ်ဖက်လှည့်သွား၏။

www.burmeseclassic.com



'အတော်ချောတဲ့ ဂျူနုန်ပဲ' ဟုရေရွတ်မိ၏။

'အဲဒါနဲ့ သူကပြန်ပြောတယ်'

'ဘာတဲ့. . .'

'ဝက်သားမပါတာ တစ်ပွဲပေးတဲ့. . .'

'အင်'

'အဲဒါနဲ့ ကျွန်တော်က ကြက်သားနဲ့စားမှာလားဆို တော့မဟုတ်ဘူးတဲ့. . . ဒါဆို ဆိတ်ကလီစာထည့်ရမလား ဆိုတော့ အဲဒါလဲမထည့်နဲ့. . . ဝက်သားမပါတာသာပေး တဲ့. . . ဒါနဲ့ ကျွန်တော်က ဝက်ကလီစာ၊ ဝက်အူချောင်း၊ ဘဲဥ၊ ငါးဖယ်၊ ကြက်ဥကြော်ဘာထည့်ပေးရမလဲဆိုတော့ အဲဒါတွေ မစားချင်ဘူးတဲ့ ဝက်သား မပါတာသာပေးတဲ့. . .။ ဒါဆို အလွတ်လားဆိုတော့ မင်းအတော်လျှာရှည်တဲ့ကောင်လေးပဲတဲ့ ဝက်သားမပါတာသာ အမြန်ဆုံးယူလာခဲ့တဲ့. . . အဲဒါ. . .'

'ဟော့. . . မင်းဖေဖေလေးကိုတိုင်လို့ဝရင် ငါ့အတွက် ထမင်းကြော်အမြန်ဆုံးသွားယူခဲ့ စမူဆာပါချပေး. . ဗိုက်က ဆာလှပြီ. . .'

အောင်မာ. . . ပြောပုံက ရင့်ရင့်သီးသီးနဲ့. . ခေတ် ကာလသားသမီးများခက်ပုံ. . .။

ကျွန်တော်လဲ သူ့ကို စချင်သွားသည်မို့. . .

'သွားပါသားရယ်. . . ဂျူနုန်တွေက အစာမစားရရင် ဆားတောင်ချက်စားကြတာ. . . တော်ကြာ မင်းကိုရေညှစ်ပြီး ဆားချက်နေမှဖြင့်. . .'

'ဘာရှင့်. . .'

ကျွန်တော့်စကားကြောင့် ဂျူနုန်မလေး မျက်မှောင်ကျုံ့ သွား၏။ ကျွန်တော်လည်း သူ့ကိုကြည့်ပြီး ရယ်ချင်သွားသည်။

www.burmeseclassic.com



သို့သော် မရယ်၊ ခပ်တည်တည်ထပ်ပြောလိုက်၏။

'ဩော်. ဘာရယ်မဟုတ်ပါဘူး. . မင်းမျက်နှာကို ဂဠုန်နဲ့ တူတယ်လို့ သူငယ်ချင်းတွေပြောကြလွန်းလို့. . .'

ဂဠုန်မလေး သူ့တောင်ပံနှင့်မျက်နှာပြန်စမ်းသည်။ နောက် ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး. . .

'ကျွန်မက ဂဠုန်ပေါ့လေ. . .'

'အင်း. . . အဲဒီလိုထင်တာပဲ. . .'

သူ. . ကျွန်တော့်ကို စေ့စေ့ကြည့်သည်။ ပြီးနောက် ဟက်ခနဲ တစ်ချက်ရယ်၏။

ပြီးတော့ ကျွန်တော့်မျက်နှာကို လက်ညှိုးထိုးပြီး တခွိခွိ ရယ်ပြန်သည်။ သူ့အပြုအမူကြောင့် ကျွန်တော်အံ့အားသင့် သွားရ၏။

'မင်း ဘာရယ်တာလဲ. . .'

အတန်ကြာသည်အထိရယ်သည်။ ပြီးတော့မှ ပြုံးစေ့ စေ့ နှင့်. .

'ကျွန်မက ဂဠုန်ဆို. . . ရှင်က ဘီဂါး. . . ဟား. . . ဟား. . . ဘီဂါး. . . ဟား. . . ဟား. . .'

သူ့ဖာသာသူပြန်ပြောပြီး ရယ်ပြန်သည်။ သူ့စကားက ကျွန်တော့်ကို မျက်မှောင်ကျုံ့သွားစေ၏။

'ဘာလဲ. . . ဘီဂါး. . . အဲဒီအကောင်မျိုး မကြားဖူးပါ ဘူး. . .'

ထမင်းကြော်လာချသည်။ ဘာမှမပါ။ ဂဠုန်လဲ ဘာမှ မပြော။ စားပွဲထိုးလေးက

'အစကတည်းက အလွတ်ဆို ရှင်းရှင်းမပြောဘူး'ဟု တီးတိုးဆို၏။ ဂဠုန်မှ စကားကိုပြန်စသည်။

www.burmeseclassic.com



'ဘီဂါးလေ. . .။ ဘီဂါးဆိုတာ. . . ဘီလူးနဲ့နဂါးစပ်ကျထားတာ။ ဟိုလေ. . . ဝိဓူရအမတ်ကို မြင်းနဲ့ဆွဲပြေးတဲ့ ပုဏ္ဏကဘီလူးနဲ့ သူ့ချစ်သူကုရန္ဒတီနဂါးမတို့စပ်ကျထားတဲ့ သားတော်တွေရုပ်မျိုးလေ . . . ဘီလူးနဲ့နဂါးပေါင်းတော့. ဘီဂါး ဟား ဟား. . . ဘီဂါး. . ဟား ဟား. . .'

'အင်'

တောက်။ စပ်လဲစပ်တတ်သည့်အမျိုး. . . ဘီလူးနဲ့နဂါး စပ်ကျထားသည်ဆိုတော့ ဘယ်လိုရုပ်မျိုးထွက်နေမည်ကို စဉ်းစားသာကြည့် မျက်လုံးကြီးပြူး၊ နှာခေါင်းကြီးပြား၊ ပါးပြင်းကြီးခွက်၊ ဖနောင့်ကြီးတို၊ ခြေကြီးခွင်၊ ဗိုက်ကြီးပူပြီး ဘယ်လိုကောင်စားမျိုးဖြစ်နေမည်မသိ. . .။

ကျွန်တော်လဲ အလျှော့မပေးချင်သောကြောင့်

'ဘာပဲပြောပြော. . . မင်းကမှဂဠုန်. . .'

'ရှင်ကမှ ဘီဂါးအစစ်. . .'

'တော်ပါ ဂဠုန်ရာ. . .'

'အေးပါ ဘီဂါးရာ. . .'

'ဂဠုန်'

'ဘီဂါး'

'ဂဠုန်'

'. . .'

'. . .'

× × ×

www.burmeseclassic.com

ဤသို့ဖြင့် သူနှင့်ကျွန်တော် စတင်ဆုံစည်းပုံမှာ သမားရိုးကျတွေ့ ဆုံပုံများထဲမှ ဘယ်လိုမှ မလှပခဲ့သော်ငြား နှစ်ဦးနှစ်ဖက်အကျိုး သက်ရောက်မှုတစ်ခုစီတော့ ရရှိခဲ့ကြ၏။ ထိုအကျိုးသက်ရောက် မှုမှာ သူလည်းရွှေမိုးသည်းဟူသည့် မိရင်းဘရင်း နာမည်အပြင်ဂဠုန်ဟူသော နာမည်သစ်တစ်ခု ရရှိ၍ ကျွန်တော်လည်း ညီကျော် နာမည်အပြင် ဘီဂါးဟူသော နာမည်တစ်လုံး အပိုရလိုက်ခြင်းပင် ဖြစ်လေတော့သည် တမုံ့ . . .။

× × ×

www.burmeseclassic.com

ထိုအစွန့်ရှည်စွာသော ကာလအတွင်း

ဆည်းဆာတို့မြေပြင်ပေါ် ခိုဝင်စေ...

သန့်ရှင်းဖြူဖွေးသော လေပြေတို့၏

ရယ်မောသံကြားရပါစေမည်။

လောကတစ်ခုလုံး ပျံ့မွှေးစေရန်

ချစ်ခြင်းက တာဝန်ယူပါ၏။

အိပ်မက်ကဲ့သို့

ငါ့ရှေ့မှာပျောက်မသွားပါနှင့်...

ဖြည်းဖြည်းလာပါ...

သိမ်မွေ့ခြင်း...။

www.burmeseclassic.com

ကျွန်တော့်ရှေ့မှာငိုက်စိုက် ငိုက်စိုက်နှင့် ကျိုးကြည့် ကြောင်ကြည့် လျှောက်သွားနေသည်ကိုက ကျွန်တော့်ရွှေမိုး သည်းမှလွဲ၍ အခြားမဖြစ်နိုင်. . .

ခါတိုင်းလမ်းလျှောက်သွားလျှင် မော့တော့မော့တော့ နှင့် သွားတတ်သောရွှေမိုးသည်း ယခုအခါမှဘယ့်နှယ်ငိုက်စိုက် ငိုက်စိုက်ဖြစ်နေရသည်ကိုတော့ ကျွန်တော် မပြောပြတတ်ပါ။ သေချာတာကတော့ ကျွန်တော်သူ့ကိုမီအောင် ခြေလှမ်းအရှိန် မြှင့်လိုက်ခြင်းပင်. . .။

'ရွှေမိုး'

သူ. . ကျွန်တော့်ကိုတစ်ချက်ငေးကြည့်ပြီး ခုနက အတိုင်း ငိုက်စိုက်ငိုက်စိုက်နှင့် ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့် လိုက်နှင့် ခြေလှမ်းမပျက်ဆက်လှမ်းသွား၏။ကျွန်တော်လဲ သူ ကြည့်ရာ နောက်လိုက်ကြည့်မိ၏။ထူးထူးခြားခြား ဘာမှမတွေ့။

'ဘာလဲ. . . ပိုက်ဆံလိုက်ရှာနေတာလား. . .'

သူ ကျွန်တော့်ကို ဝေ့ကြည့်ပြန်သည်။ ပြီးတော့ ဟိုကြည့် ဒီကြည့်နှင့်. . .။

www.burmeseclassic.com



'တော်လိုက်တာ. . . နင်ကဘယ်လိုသိလဲ. . .'

သူ၏စကားကြောင့် ကျွန်တော်အားတက်သွား၏။

'သိတာပေါ့။ နင့်မျက်လုံးတွေကလည်း ပြာလည်ပြာလည်နဲ့ဟာ'

'ဟဲ့. . . နင်ရောတွေ့မိသေးလား. . .'

သူကျွန်တော့်စကားကိုပြန်မဖြေဘဲ သူပြောချင်ရာပြော၏။ သူ့အမေးကြောင့် ကျွန်တော်မျက်လုံးပြူးသွားပြီး. . .

'ဘာလဲ. . နင်ကျပျောက်သွားတဲ့ ပိုက်ဆံတွေလား. .'

'ဟော့-အေး. . .'

'ဟင်. . . ဒါဆို. . . ဘာလို့လိုက်ရှာနေတာလဲ. . .'

'ဘယ်သူများ ပိုက်ဆံတွေကျခဲ့မလဲလို့လိုက်ရှာနေတာ. .'

'အင်'

ကျွန်တော်အတော်အမြင်ကပ်သွား၏။ စဉ်းစားကြည့်လေ၊ဘယ်သူကများ ပိုက်ဆံကျပျောက်ခဲ့မလဲဆိုပြီး လိုက်ရှာနေတာတဲ့ နားရင်းအုပ်ချင်စရာ. . .

'အာ. . . နင့်ဟာက မသေချာလိုက်တာ. . . ဘာလုပ်ဖို့များ အပင်ပန်းခံလိုက်ရှာနေရတာလဲ. . .'

'ဟဲ့. . . ပိုက်ဆံမရှိလို့ပေါ့ ငတုံးရဲ့. . . ပိုက်ဆံရှိလို့ကတော့ ရွှေမိုး၏တို့ စားချင်တာစားပြီး ဒူးနန့်နေမှာပေါ့. . .'

ပြောလည်းပြော၊လမ်းလည်းလျှောက်၊ ဟိုကြည့်ဒီကြည့်လည်းလုပ်သွား၏။သူ့ပုံစံကိုကြည့်ပြီး ကျွန်တော့်ခေါင်းထဲ အခွင့်အရေးတွေ တန်းစီပေါ်လာ၏။

'ကဲ. . . လာ. . . နင်ဘာစားမလဲ. . . ငါကျွေးမယ်. . .'

'တကယ်'

www.burmeseclassic.com



သူ့မျက်လုံးအစုံဝင်းလက်သွား၏။ ခြေလှမ်းများရပ်တန့်သွား၏။

'တကယ်ပေါ့'

'လာ . . . ဒါဆို . . . ဟိုနားကတရုတ်ကြီးဆိုင်မှာ ခေါက်ဆွဲကြော်ရယ်၊ ကြေးအိုးရယ်၊ လက်ဖက်ရည်ရယ်၊ ကော်ပြန့်ရယ် သွားစားရအောင် . . .'ဟုဆိုပြီး ကျွန်တော့်ကိုပင် လှည့်မကြည့်တော့ဘဲ တရုတ်ကြီးဆိုင်သို့ဖိုးသိုးဖတ်သတ်ကြီး သုတ်ခြေတင်သွားတော့၏။

× × ×

www.burmeseclassic.com

ကျွန်တော်ဆိုင်ထဲရောက်တော့ရွှေမိုးသည်း သူစားချင်တာများကိုမှာထားပြီးနေပြီ။ ကျွန်တော် ထိုင်ခုံကိုဝင်ထိုင်လိုက်သည်နှင့်သူမကပဲ ကျွန်တော်ကိုခေါ်ကျွေးသလိုဟန်မျိုးနှင့်. . .

'ကဲ. . . စားချင်တာမှာ. . . အားမနာနဲ့နော်. . . ငါတော့ခေါက်ဆွဲကြော်မှာထားပြီးပြီ. . .'

ကျွန်တော် စားပွဲထိုးကို အအေးတစ်လုံးမှာလိုက်သည်။ စားပွဲထိုးလေး ထွက်သွားတော့မှ. . .

'ရွှေမိုး. . . နင်ငါ့နာမည်ကိုသိလား. . .'

သူ ကျွန်တော့်ကိုတစ်ချက်ကြည့်ပြီး. . .

'သိတယ်လေ. . . ဘီဂါး. . . ဟားဟား. . . ဘီဂါး. . ဟား ဟား. . .'

ကြည့်. . . ရယ်ပုံကိုက မြန်မာဗီဒီယိုလူကြမ်းရယ် ပုံမျိုးနဲ့. . .

'ဟ. . . ငါက အကောင်းပြောမလို့ပါဟ. . ငါ့

www.burmeseclassic.com



နာမည်က ညီကျော်. . . မြန်မာစာဒုတိယနှစ်. . .'

သူကလဲ အားကျမခံ ရင်ကော့ပြီး. . .။

'အေး. . . ငါ့နာမည်လဲမှတ်ထား. . . ရွှေမိုး. . . ဒီနယ်တစ်ဝိုက်မှာတော့နာမည်ကြီးပဲ. . . မယုံရင်ဘယ်သူ့ မေးကြည့်မေးကြည့်၊ အကြွေးရှိတယ်. . .'

'အင်. . .'

သူမှပင်ဆက်၍

'မယုံလို့လား. . . ငါကတကယ်အကြွေးထူတာ. . .

အိမ်က ပိုက်ဆံဘယ်လောက်ပေးပေး မလောက်ဘူး။ အဲဒါနဲ့ အနီးအနားကလူတွေခင်ပြီဆိုတာနဲ့ ငါကပိုက်ဆံချေး တော့တာ. . .'

ခေါက်ဆွဲကြော်လာချသည်။ သူ့ပါးစပ်ကစကားတွေ ကတော့ ခေါက်ဆွဲကြော်လို တသီတတန်း. . .

'ပြီးတော့ ငါကအကျင့်ရှိတယ်။ ချေးပြီးရင် ဘယ် တော့မှ ပြန်မပေးဘူး။ မသိချင်ယောင်ဆောင်နေလိုက်တော့တာ. . . အဟဲ. . .'

ခေါက်ဆွဲကြော်ကိုတူနှင့်ညှပ်ပြီး ပါးစပ်ထဲပလုပ်ပလောင်းထိုး သွင်းလိုက်သည်။

'တော်သေးတာပေါ့၊ ငါ့ကိုကြိုက်တဲ့ကောင်တွေ ရှိနေ တော့ သူတို့ဆီကပိုက်ဆံလည်းချေး၊ ကျွေးတာလည်း ဝါးတာ ပဲ. . . အဟီး. . . ဒါနဲ့နင်ရောငါ့ကိုပိုက်ဆံချေးချင်စိတ် ပေါက်ပြီ လား. . .'

'အင်. . .'

ကျွန်တော် အတော်ကလေးကို နင်သွား၏။ စဉ်းစား ကြည့်လေ. . သူ့ကိုပိုက်ဆံချေးမယ်ဆိုရင်လည်း သူ့ကိုကြိုက်

www.burmeseclassic.com



သည့်ငကြောင် စာရင်းထဲတွင် ကျွန်တော်လည်းပါသွားမည် မဟုတ်ပါလား. . . ဟုတ်တယ်မဟုတ်လား. . . အခု သူက ကျွန်တော်ကျွေးတာဝါးနေပြီ. . .။

ဝါးတာမှဗျာ. . . ရိုးရိုးမဝါးဘူးဗျ။ ခေါက်ဆွဲကြော်ကို ရန်သူလို သဘောထားပြီး ဇွတ်ကိုနှိမ်နင်းနေတော့တာ. . .

ကျွန်တော်လည်း သူ့ကိုကြည့်ပြီး ယောကျ်ားမာနတွေ ထကြွလာရသည်မို့ မခံချင်စိတ်နှင့်. . .

'ဟုတ်မှလဲလုပ်ပါရွှေမိုးရာ. . နင့်လိုဂဠုန်ကို ဘယ် ငတိတွေကကြိုက်မှာလဲ. . .'

ခေါက်ဆွဲကြော်နှိမ်နင်းနေရာမှ ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်သည်။ ပြီးတော့ သူ့နှုတ်သီးကို လက်ကိုင်ပဝါနှင့်အသာ တို့ရင်း. . .

'မယုံလို့လား. . . မယုံရင်အိမ်လိုက်ခဲ့. . .'

'ဘာလုပ်ဖို့လဲ. . .'

'အိမ်မှာငါ့ကိုကြိုက်တဲ့လူတစ်ယောက်ပေါ် တိုင်း. . . သစ်ပင်တစ်ပင်စိုက်ထားတာ အခုဆိုဥယျာဉ်တောင်ဖြစ်နေပြီ. . .'

'အဲ. . .'

ကျွန်တော်သူ့ကို ဘာပြန်ပြောရမှန်းမသိတော့. . . သူကသာ ခေါက်ဆွဲကိုတူနှင့်ညှပ်ပြီးမစားသေးဘဲ. . . တိုးညှင်း သောလေသံဖြင့်. . .။

'အင်း. . . မကြာခင်နောက်ထပ် သစ်တစ်ပင် စိုက်ရ တော့မယ် ထင်ပါရဲ့. . .'

'ဟင်. . .'

× × ×

www.burmeseclassic.com

မြူတံတိုင်းကြားက လ တစ်ဝင်းသာ

အဲဒီအလှကို ကြည့်ချင်သေးတဲ့ငါ...

ချစ်သူရေ...

ချစ်ခြင်းကို သစ်တစ်ပင်လို့မင်းမြင်ရင်

ငါ့နှလုံးသားမြေဆီလွှာနဲ့

အာဒမ်တို့ခေတ်က ပန်းသီးတစ်လုံး

မင့်လက်ထဲအရောက် ငါပို့မယ်...။

ကြယ်ရောင်ဖျိုးဖျက်ညခင်းသာ

လေပြေညှင်းနဲ့ငါ့ကဗျာ...

www.burmeseclassic.com

ချစ်သူရေ...

ငါ့စိတ်ကူးမှာတော့စေတန်နတ်ဆိုးကို

ကျေးဇူးတင်မိ

ပန်းသီးတစ်လုံး စားမိခဲ့ရုံနဲ့

ချစ်ခြင်းဖွဲ့တေးတစ်ပုဒ်

မင့်ခြေအစုံအောက်မှာငါရွတ်ဆိုခွင့်

ရှိလို့ကွယ်...။

× × ×

www.burmeseclassic.com

'မလွယ်ဘူးကွ. . .'

ဘအေး ဝေ့ကြည့်သည်။

'ဘာကိုပြောတာ. . .'

'ရွှေမိုး. . .'

'အော်. . . ဂဠုန်. . .'

'တော်တော်ဆိုးပုံရတယ်. . .'

ဘအေးမျက်မှန်ပင့်သည်။ အဆီပြန်နေသောသူ့မျက်နှာကို ဆိုင်မှအလကားရသော တစ်သျှူးနှင့် တို့သုတ်ရင်း. . .

'ဆိုးမှာပေါ့ကွ. . . ဂဠုန်ဆိုပါမှ. . .'

'သူ့လုပ်ပုံတွေက ဘယ်လိုတွေမှန်းမသိဘူး. . .'

'ဟော. . . ပြောရင်း. . . ဆိုရင်း. . .'

ဘအေးညွှန်ပြရာ ကြည့်လိုက်တော့ ဟုတ်ပါသည်။ ကျွန်တော့်ရဲ့ ဂဠုန်ပါ. . .

ကျွန်တော်တို့ဘက်ကို လာပါပြီ။ လာတာမှ ရိုးရိုးမလာဘဲ ဆိုက္ကားကို အရှေ့ခုံမှထိုင်၍ တစ်လောကလုံး သူ့လုပ်စာထိုင်

www.burmeseclassic.com



စားနေရသည့်ရုပ်မျိုးနှင့် ခေါင်းကိုမော့၍လာပါသည်။ ကျွန်တော်တို့ ရှေ့ရောက်တော့ ခပ်တည်တည်နှင့်တစ်ချက်ဝေ့ ကြည့်ပြီး ဆိုက္ကားကို လက်ပြ၍ ရပ်ခိုင်းလိုက်၏။

'ဟီဟိ. . .'

ဘအေးထံမှ ရယ်သံကြားရ၏။ ရွှေမိုး ကျွန်တော်တို့ကို ခပ်တည် တည်ဝေ့ကြည့်ပြန်၏။ ကျွန်တော်မှာတော့ ထိုင်ရမလို ထရမလို. . .

'ဘယ်လောက်ကျလဲ. . .'

သူ့အသံစွာစွာကြားရ၏။ ဆိုက္ကားဆရာက ခေါင်းမှ ဦးထုပ်နှင့်ချွေးသုတ်ပြီး. . .

'တစ်ရာ့ငါးဆယ်ပါ အစ်မ. . .'

သူ့အိတ်ထဲမှ နှစ်ရာတန်တစ်ရွက်ကို ရွှမ်းခနဲထုတ်လိုက်သည်။ ဆိုက္ကားဆရာက နှစ်ရာတန်ကို ရိုရိုသေသေလှမ်းယူလိုက်သည်။ ပြီးတော့ သူ့အိတ်ထဲသူပြန်ငုံ့ကြည့်ရင်း. . .'

'ငါးဆယ်မပါဘူးလားအစ်မ. . . ကျွန်တော့်မှာ အမ်းစရာငါးဆယ်မရှိလို့. . .'

ရွှေမိုး ဆိုက္ကားဆရာကို ဖျတ်ခနဲတစ်ချက်ဝေ့ကြည့်၏။ ပြီးတော့ အသံမာမာနှင့်. . .

'ဒါဆို ငါးဆယ်ဖိုးထပ်နင်း. . .'

'ဗျာ. . .'

ရွှေမိုး၏စကားကြောင့် ဆိုက္ကားဆရာကြောင်သွား၏။

'ငါးဆယ်ဖိုးထပ်နင်းလေ. . .'

'ဗျာ. . . အော်. . . ဟုတ်ကဲ့. . . အဲ. . . ဘယ်ကိုနင်းရမှာလဲ. . .'

'နင်းချင်ရာနေရာကို နင်း. . ငါးဆယ်ဖိုးပြည့်ရင်တော်

www.burmeseclassic.com



ပြီ. . . လျှော့တော့မနင်းနဲ့နော်. . . သိတယ်မဟုတ်လား. . . ရွှေမိုးသည်းအကြောင်း'

'ဟုတ်. . . ဟုတ်ကဲ့. . .'

ဆိုက္ကားဆရာယောင်နနနှင့်နင်းချသွား၏။ ရွှေမိုးသည်းကလည်း ဆိုက္ကားပေါ်ခေါင်းကိုမော့၍ ပါသွား၏။

'ဟောဗျာ. . . တစ်မျိုးကြီးပါရော့လား. . . ဟားဟား. . .'

ဘအေးက ရွှေမိုးသည်း၏ ကျောပြင်ကိုကြည့်ရင်း ရယ်သည်။

'အဲဒါကြောင့်ပြောတာ. . . ဘယ်လိုကောင် မလေးလဲ မသိဘူး. . .'

ဘအေးကရယ်ရင်း. . .

'ဘယ်လိုကောင်မလေးမှမဟုတ်ဘူး. . . ကြောင်စီစီကောင်မလေး. .'

'ငါတို့လိုက်သွားကြရအောင်. . .'

ဘအေးက ကျွန်တော့်စကားကို ခေါင်းခါလိုက်သည်။

'ဟာ. . . ဘာလိုက်လုပ်မှာလဲ. . . အကျယ် အကျယ် မငြိမ်းဖွယ်ဖြစ်အောင်'

'လာပါကွာ. . . သူဘာဆက်လုပ်မယ်ဆိုတာ သိချင်လို့ပါ. . .'

'ကျွတ်. . .'

ဘအေးထံမှစုတ်သတ်သံကြားရ၏။ နောက်တော့လဲ. . .'

× × ×

www.burmeseclassic.com

'တော်  ပြီ. . ဒီတစ်သက်ဆိုက္ကားနင်းမစားတော့ဘူး . . .'

မျက်နှာချင်းဆိုင်မှဖြတ်လာသော ဆိုက္ကားသမားထံမှ ငြီးတွားသံကြားရ၏။

'ဟေ့ကောင်. . . အဲဒါခုနရွှေမိုးစီးသွားတဲ့ ဆိုက္ကားမဟုတ်လား'

ဘအေး ဆိုက္ကားကိုလှည့်ကြည့်ပြီး. . .

'ဟုတ်တယ်ကွ. . . ဆိုက္ကားဆရာတစ်ယောက် တော့ ဝဋ်ကျွတ်သွားပြန်ပြီ'. . .

'အဲ. . .'

'ရွှေမိုးသည်း. . .'

ဟုတ်ပါသည်။ရွှေမိုးသည်းပါ. . . လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ဒူးနန့်တောင်နေသေး၏။ ကျွန်တော်တို့ကို တွေ့ သော်လည်းမခေါ်. . . ခပ်တည်တည်နှင့် တစ်ဖက်သို့ပင် လှည့် သွားသေး၏။

www.burmeseclassic.com



ကျွန်တော်တို့ခြေလှမ်းကသာ အရာမယွင်းဘဲ သူ့ထံသို့ ဦးတည်. .

'ရွှေမိုး. . . တစ်ယောက်ထဲလား. . .'

ဘအေးကဦးအောင် စကားရောဖောရောလုပ်သည်။ ရွှေမိုးက ဘအေးကို အသေအချာပြန်ကြည့်ပြီး. . .

'မျက်မှန်ပါဝါဘယ်လောက်လဲ. . .'

'ဟင်. . .'

သူ့စကားကို ဘအေးကြောင်သွား၏။ပြီးတော့မှ စမ်းတမ်း စမ်းတမ်းနှင့်. . .

'သြော်. . . (၄၅၀)ပါ. . .'

'ဒါဆို နောက်ထပ်(၄၅၀) ထပ်တိုးလိုက်. . .'

'ဘာ. . . ဘာဖြစ်လို့လဲဟင်. . .'

'ရှင့်မျက်စိထဲမှာ ဘယ်နှစ်ယောက်မြင်လို့လဲ. . .'

'အဲ. . .'

ဘအေး ထိုင်ရမလိုထရမလို ကုန်းကုန်းကွကွကြီး ဖြစ်သွား၏။ ကျွန်တော်ကသာ မှင်မပျက်ဝင်ထိုင်ရင်း. . .

'ရွှေမိုး ဘာမှာထားလဲ. . .'

သူပြန်မဖြေပါ. . .။သို့သော်စားပွဲထိုးလေး တစ်ယောက်မှ ကျွန်တော့်အမေးကို လက်ဖက်ရည်တစ်ခွက်၊ အီကြာကွေးနှစ်ချောင်းနှင့် ဝင်ဖြေပေး၏။

သူက လက်ဖက်ရည်ခွက်ထဲကို အီကြာကွေးထိုးနှစ်လိုက်သည်။ ထိုစဉ်မှာပင်. . .

'ဟေး. . . ရွှေမိုး. . .'

အသံကြားရာလှည့်ကြည့်လိုက်တော့ ဘောင်းဘီရှည်ကားယား. . ဆံပင်ဖါးလျားနှင့် ငတိတစ်ယောက်. . .။

www.burmeseclassic.com



ရွှေမိုးသည်းက တစ်ချက်သာမျက်လုံးလှန်ကြည့်ပြီး ရေရွတ်သည်။

'လာပြန်ပြီ ငကြောင်တစ်ကောင်. . .'

သူပြောသောထိုငကြောင်က ခုံတစ်လုံးကိုဆွဲယူထိုင်ပြီး

'ညီလေးရေအကို့အတွက် ကြက်ဥအကာကျက်လေး. .' ဟုတစ်ဆက်တည်း စားပွဲထိုးလေးတွေဘက် လှည့်မှာလိုက်သည်။

ပြီးတော့ ရွှေမိုးသည်းဘက်ပြန်လှည့်ပြီး. . .

'ကိုယ် အိမ်ကိုတောင်ရောက်သေးတယ်. . . ရွှေမိုး ညီမလေး စိတ်ဆိုးနေတယ်'

ရွှေမိုးမကြားသလိုပုံမျိုးနှင့် လက်ဖက်ရည်ကို စိမ်ပြေနပြေသောက်နေ၏။

'သူ့အိပ်နေတုန်း သူ့ခြေထောက်နဲ့ခုတင်တိုင်နဲ့ ရွှေမိုး ချည်ခဲ့လို့ဆို'

'ခွိ. . .'

ဘအေးထံမှ ကြိတ်ရယ်သံကြားရ၏။ ရွှေမိုးကတော့ မကြားသလိုဟန်များနေတုန်း. . .

'အော်. . . ဒါနဲ့ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးပါဦး. . .'

ရွှေမိုး ဆတ်ခနဲလှည့်လာပြီး ကျွန်တော့်ကိုမေးနဲ့ထိုးပြ၍. . .

'သူ့နာမည်ကဘီဂါး. . . တနင်္လာသား၊ လူကအူကြောင်ကြား ဟားဟား. . . ဟားဟား. . .'

သူ့ဖာသာသူပြောပြီး သူ့ဖာသာသူရယ်သည်။ ဟိုငကြောင်ကသာ မျက်မှောင်ကျုံ့ပြီး. . .

'ဘီဂါး. . . ဒီနာမည်မျိုးမကြားဖူးဘူး. . .'

www.burmeseclassic.com



ကျွန်တော် ဘာမှပြန်မပြောတော့ပါ။ ဟိုလူက သူ့ဆံပင်ရှည်ကို လက်နှင့်သပ်ပြီး. . .

'အေးဗျာ. . . ကျွန်တော့်နာမည်က. . .'

'ဟတ်ကော့လေ. . .'

သူ့စကားမဆုံးခင် ရွှေမိုးသည်းကကြားဖြတ်ပြောသည်။ ဟိုလူ့ မျက်နှာကြီးနီသွားသည်။ ရွှေမိုးက သူ့ကိုဂရုမစိုက်ဘဲ ဆက် ပြောသည်။

'သူကမော်ဒယ်ဟက်ကက်ကိုအားကျပြီး ဟက်ကက်ဆံပင်မျိုးထားထားတာ။ ဒါကြောင့် နာမည်ပါဆင်အောင် ငါပြောင်းထားပေးတာ. . . ဟတ်ကော့. . . ဟားဟား. . . ဟတ်ကော့. . . ဟားဟား. . . လုပ်တော့ဝပ်ရှော့ . . . ရုပ်က လုံးပျော့ကျပ်လျော့ ဟားဟား. . .'

ဟိုလူ့မျက်နှာကြီး သပြုသီးလိုဖြစ်သွား၏။ စမ်းတမ်းစမ်းတမ်းနှင့်လာချပေးသောကြက်ဥကို ကိုင်လိုက်ချလိုက်လုပ်နေ၏။ သူ့ခမျာဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်သွားပုံရ၏။ အတန်ကြာမှ မှင်ပြန်သတ်ရင်း. . .

'အေးဗျာ ကျွန်တော်တို့က စီးပွားရေးသမားဆိုတော့ ဝပ်ရှော့လဲလုပ်တယ်ပေါ့နော်။နောက်ပြီး. . . အခု ကျပ်ပျော့. . . အဲလေ. . . ကြက်မွေးမြူရေးလဲလုပ်မှာဆိုတော့ ကြက်တွေ အကြောင်းလဲလေ့လာနေရတယ်. . .'

ဘာမဆိုင်ညာမဆိုင် အကြွားကဝင်လာပြီ။ သူကြက်မွေးတာနှင့်ကျွန်တော်တို့လက်ဖက်ရည်သောက်တာ ဘာဆိုင်မည်နည်း။ ရွှေမိုးက မကြားချင်သလိုဟန်မျိုးနှင့် တစ်ဖက်သို့လှည့်သွား၏။ ဒါကိုတောင် အလိုက်မသိစွာပင် ထိုသူမှ သူ့စကားကို ဆက်ပြောပြန်၏။

www.burmeseclassic.com



'ဥပမာဆိုရင်ဗျာ. . . ဒီကြက်ဥကိုကြည့်တာနဲ့ဒါဘယ်လို ကြက်ကဥတာလဲဆိုတာ ကျွန်တော်ကတန်းသိတယ်။ ဒါမဒန်း ဥဗျ. . .'

'ရှင် ဥဖူးလို့လား. . .'

'ဥဖူး. . . အဲလေ. . . မဥဖူး. . . ဥ. . . ဥ. . .'

တဥဥနှင့်ထိုသူ ဘာပြန်ပြောရမှန်းမသိဖြစ်သွားပုံရ၏။ ကြက်ဥကိုကိုင်လိုက်ချလိုက်နှင့် ယောင်နနဖြစ်သွားသည်။ အတန် ကြာသည်အထိ ထိုသူမျက်နှာကြီးဖရိုဖရဲဖြစ်နေသည်။နောက် တော့သည်းမခံနိုင်တော့၍ထင့် ကြောင်တောင်တောင်နှင့်ကြက်ဥ ကို လက်ကကိုင်ရင်း မတ်တပ်ထရပ်လိုက်ပြီး. . .၊

'ကျွန်တော်သွားတော့မယ်ရွှေမိုး. . . ညီလေး အကို သွားမယ်. . .'

'ဟုတ်ကဲ့ ကိုဟတ်ကော့. . .'

ကျွန်တော့်ကိုပါ တစ်ဆက်တည်းနှုတ်ဆက်၍ ကျွန် တော်ပြန်နှုတ် ဆက်လိုက်သည်။

ထိုသူ မျက်နှာကြီးနီသွား၏။ ရွှေမိုးသည်းကတော့ ဘာမှမဖြစ်သလိုပြုံးရွှင်သောမျက်နှာနှင့်. . .

'အော်. . . သွားတော့မှာလား. . . လက်ကကိုင်ထား တာလေး ဘောင်းဘီအိပ် ထဲထည့်သွားလေ. . .'

ဟုဆိုလိုက်ရာ ဟိုလူလည်းယောင်ပြီး

'အော်. . . အင်း. . .'

ဟုဆို၍ ကြက်ဥကို ဘောင်းဘီအနောက်အိတ်ထဲသို့ ထိုးထည့်လိုက်သည်။ ကြက်ဥမှာ ဘောင်းဘီကျပ်သော ဒဏ်ကို မခံနိုင်ဘဲ ခွပ်ခနဲကွဲသွားလေရာ. . .

'ဟိုက်. . . ကွဲပဟ. . .'

ကိုဟတ်ကော့ကြီး ယောင်အော်ပြီး အလန့်တကြား

www.burmeseclassic.com



သူ့ဖင်သူပြန်စမ်းသည်။ နောက်သူ့လက်ကို သူပြန်ကြည့်လိုက်ရာ. . .

‘ဟင်’

သူ့မျက်လုံးကြီး အပြင်သို့ပြူးထွက်လာ၏။ သူ့လက်ထဲတွင် စေး ကပ်ကပ်ဝါထိန်ထိန်ကြက်ဥအနှစ်များ. . .။ ကိုဟတ်ကော့ မျက်နှာကြီးအနီမှ အမည်းဘက်သို့ပြောင်းသွားသည်။ ပြီးတော့ ထိုင်ရမလို ထရမလိုနှင့် ကွတတကြီးဖြစ်နေတော့၏။ ထိုအဖြစ်အပျက်ကိုမြင်တော့ စားပွဲထိုးလေးက သူ့ထံပြေးသွားပြီး ဘုမသိဘမသိနှင့်. . .

‘ဟော့လူကြီးလမ်းမလယ်ခေါင်ကြီး မလုပ်နဲ့လေ . . အိမ် သာကဟိုဘက်မှာ. . . လာ. . . မြန်မြန်လာ. . . ထွက်နေရင် လဲပြောပေါ့ . . . လူကြီးဗျာ. . . မကြီးမငယ်နဲ့. . .’

ဟုဆို၍ အတင်းလာဆွဲခေါ်သောကြောင့် ကိုဟတ်ကော့ကြီး ကြောင်တောင်တောင်နှင့် ဖင်ကလေးပိတ်ပြီး စားပွဲထိုးလေးဆွဲခေါ်ရာ ပါသွားရလေသည်။

‘ဘာဖြစ်တာလဲဟေ့. . .’

သူတို့ကိုကြည့်ပြီးကောင်တာထိုင်နေသော ဆိုင်ရှင်ကြီးက ဇဝေဇဝါနှင့် လှမ်းမေး၏။

စားပွဲထိုးလေးမှလှည့်မကြည့်ဘဲ အသံကျယ်ကျယ်နှင့် ပြန်ဖြေလိုက်သည်။

‘လမ်းမလယ်ခေါင်ကြီး အင်အင်းထွက်လို့. . .’

တစ်ဆိုင်လုံး၏အာရုံက ကိုဟတ်ကော့ကြီးဆီ စုပြုံကျသွား၏။ ပြီးမှဝါးခနဲပွဲကျသွားကြ၏။ ပွဲကျလဲ ကျချင်စရာ. . . ကိုဟတ်ကော့ကြီးကမျက်နှာသေကလေးနှင့် ဖင်ကလေးပိတ်

www.burmeseclassic.com



လို့ကိုးဖင်မှာကလဲကြက်ဥအနှစ်တွေဝါထိန်လို့၊ အကာသားတွေကပေလို့နောက်တော့ ရှက်လို့ထင်ပ့ါ၊စားပွဲထိုးလေး တွန်းထည့်လိုက်သောအိမ်သာထဲကို ကိုဟတ်ကော့ကြီး ယောင်နနနှင့် လှမ်းဝင်သွားသည်မှာ တော်ရုံနှင့်ပြန်မထွက်လာတော့. . .။

သူ့ခမျာလဲရှက်လွန်း၍အိမ်သာထဲ ဆောင့်ကြောင့်သွား ဝင်ထိုင်နေပုံရ၏။

ရွှေမိုးသည်းကတော့ ဘာမှမသိသလိုဟန်မျိုးနှင့် ဆိုင်အတွင်း ဘက်မျက်နှာမူရာခုံသို့ ပြောင်းရွှေ့ထိုင်လိုက်သည်။ နောက် ဘာစကားမှမပြောဘဲ ဆိုင်အနောက်ကိုသာ ပြုံးစေ့စေ့နှင့် ငေးကြည့်နေတော့၏။

အတန်ကြာမှ. . .

'ဟား ဟား ဟား ဟား ဟား. . .'

ဘာမဆိုင်ညာမဆိုင် အနောက်ဘက်ကိုလက်ညှိုးထိုး၍ တဟားဟားထရယ်သော ရွှေမိုးသည်းကြောင့် အားလုံး၏အာရုံက သူလက်ညှိုးညွှန်ရာစုပြုံကျသွား၏။ သူညွှန်ပြထားတာက ဆိုင်အနောက်က အိမ်သာ. . . ထိုအိမ်သာပေါက်ဝမှ အပြင်သို့ခိုးထွက်ရန် တံခါးရွက်ကလေးဖက်ထားသော ကိုဟတ်ကော့။ မျက်လုံးက ကလယ်ကလယ်နှင့် သွားကြီးဖြဲ၊ နှာခေါင်းကြီးရှုံ့ထား၏။

ကိုဟတ်ကော့ကြီး တံခါးရွက်ဖက်ထားတာမြင်တော့ အားလုံးဝါးခနဲပွဲကျသွားပြန်၏။ အားလုံး၏ရယ်သံကို ကြားတော့ ကိုဟတ်ကော့ကြီး ရှက်လို့ထင်ပ့ါအိမ်သာတံခါးကို ဒုန်းခနဲပြန်ပိတ်ပြီး. . . အထဲတွင်ဆောင့်ကြောင့်ပြန်ထိုင်နေလိုက်၏။

× × ×

www.burmeseclassic.com

'နောက်ဆုံးဘယ်လိုဖြစ်သွားလဲ. . .'

ကိုသူ၏အမေးကို ဘအေးကမျက်မှန်ပင့်တင်ရင်း. . .

'နောက်ဆုံးတော့ဟိုလူမျက်နှာကို လက်ကိုင်ပဝါနဲ့ အုပ်ပြီးတော့ တစ်ချိုးထဲပြေးတော့တာပဲကွာ. . .'

မည်သူမျှ မရယ်မိကြပါ။

'သူ့ခမျာလည်းကွာ. . . သူအိမ်သာပေါက်က ချောင်းလိုက်၊ရွှေမိုးက ထရယ်လိုက်နဲ့ဆိုတော့ ကြာတော့ ရှက်လာပုံရတယ်။အိမ်သာထဲကမထွက်လို့ကလ`မဖြစ်ဘူးလေ. . . ဒါကြောင့်မျက်နှာကိုလက်ကိုင်ပဝါနဲ့အုပ်ပြီး သုတ်ခြေတင်တော့တာပဲ. . .'

'အတော်ဆိုးတဲ့ ဂဠုန်ပဲ. . .'

ဘအေး၏စကားကိုကိုသူမှတ်ချက်ချ၏။ ကျွန်တော်ကတော့ ဘာမှဝင်မပြောသေး. . .။

'ညီကျော် မင်းစိတ်မကုန်သေးဘူးလား. . .'

ကိုသူက ကျွန်တော့်ကိုလှည့်မေး၏။ ကျွန်တော် အသာအယာ ခေါင်းယမ်းပြလိုက်ပြီး. . .

'မကုန်ဘူးကွာ. . . မကုန်တဲ့အပြင် ပိုပြီးတော့တောင် စိတ်ဝင်စားတယ်. . .'

'ဘာကိုစိတ်ဝင်စားတာလဲ. . . .'

ကျွန်တော့်စကားကို ဘအေးဖြတ်မေး၏။

'သူဘာလို့အဲဒီလိုလိုက်လုပ်နေတယ်ဆိုတာကိုပေါ့. . .' အားလုံး ခဏတော့ငြိမ်သက်သွား၏။

× × ×

www.burmeseclassic.com

ကျွန်တော်တို့ စာသင်ခန်းရှေ့ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသော ရွှေမိုးသည်းကိုမြင်တော့ ကျွန်တော် သင်ကြားနေသော စာထဲစိတ်မဝင်စားနိုင်တော့ . . ။

ကျွန်တော့်မျက်လုံးများက ဆရာစာသင်နေသော ကျောက်သင်ပုန်းပေါ် မရောက်ဘဲ သူ့ဆီမှာသာ ဝဲလည်နေတော့၏။

ရွှေမိုးသည်းကတော့ ကျွန်တော့ကိုလည်း လှည့် မကြည့်၊ ဘယ်သူ့ကိုမှလည်း သတိမထားဘဲ ဦးခေါင်းကိုငိုက် စိုက်ချ၊ မျက်မှောင်ကိုကျုံ့ပြီး ခေါက်တုံ့ခေါက်ပြန်လမ်းသလားနေလေသည်။

'အင်း . . . ဒီဂဋ္ဌုန် အကြံတစ်ခုခုရှိပြီ မှတ်တယ် . . .' ကျွန်တော်စဉ်းစားနေစဉ်မှာပင် စာသင်ချိန်ပြီးပြီဖြစ်ကြောင်း ခေါင်းလောင်းသံကြားရ၏။

ဆရာက အားလုံးကို မတ်တပ်ရပ်ခိုင်းသည်။

'ကျေးဇူးတင်ပါတယ်ဆရာ . . .'

www.burmeseclassic.com



ဆရာ့ကိုနှုတ်ဆက်ပြီး ကျွန်တော်တို့ အခန်းပြင်ထွက်ကြသည်။

'ဟင်. . .'

'ဘယ်ရောက်သွားပါလိမ့်. . .'

အခန်းပြင်ရောက်တော့ ရွှေမိုးသည်းကိုမတွေ့ရတော့၊ အနီးနားဝေ့ ရှာကြည့်သည်။ မတွေ့။

ကင်န်တင်းဘက်မှာရှိလိမ့်မည်ဟု စဉ်းစားမိပြီး ကင်န်တင်းဘက်သွားကြည့်သည်။ မရှိ။

ကျောင်းအရှေ့ထွက်ကြည့်သည်။ အရိပ်အယောင်ပင် မမြင်ရ. . .

စိတ်ပျက်လက်ပျက်နှင့် ကျောင်းထဲပြန်ဝင်လာတော့မှ. . .

'ဟော'

'တွေ့ပါပြီ. . .'

သစ်ပင်တစ်ပင်အောက် ခုံတန်းတွင် စာအုပ်တစ်အုပ်ကို စိမ်ပြေ နပြေထိုင်ဖတ်နေသော ဂဠုန်ကိုတွေ့ပါပြီ. . .

အလိုလိုနေရင်း ခြေဦးကသူ့ဘက်လှည့်မိသည်။ သူ့နားရောက်တော့ ကျွန်တော်က. . .

'ရွှေမိုး. . . ဘာလုပ်နေတာလဲ. . .'

သူ ကျွန်တော့်ကိုဖျတ်ခနဲကြည့်ပြီး ဘာမှပြန်မပြောဘဲ စာအုပ်ကိုသာပြန်ဖတ်နေလေသည်။ ကျွန်တော်ကသာ သူ့ဘေးနားလွတ်နေသောခုံကို ဝင်ထိုင်ရင်း. . .

'ဟူး. . . ရာသီဥတုကပူတယ်နော်. . .'

သူစာရွက်တစ်ရွက်လှန်လိုက်၏။

'ခုနက နင့်ကိုအခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လမ်း

www.burmeseclassic.com



လျှောက်နေတာတွေ့တယ်. . . ဘာလုပ်နေတာလဲ. . .’

သူစာရွက်နောက်တစ်ရွက်ထပ်လှန်လိုက်၏။ သူဘာမှ ပြန်မပြောတော့ ကျွန်တော့်မှာ ကြောင်တောင်တောင်နှင့် ဘာဆက်ပြောရမှန်းမသိတော့. . .။အတန်ကြာမှ ရွှေမိုး သူဖတ်နေသောစာအုပ်ကို ဖျတ်ခနဲပိတ်ပြီး. . .

‘ဟဲ့. . . နင်. . . နင်တို့မြန်မာစာက ဟိုမျက်လုံးခေါ်ခေါ်နဲ့ကောင် သိလား. . .’

သူ့စကားကြောင့်ကျွန်တော်သူ့ကို အလန့်တကြားကြည့်မိ၏။

‘ဘယ်သူ. . .’

ကျွန်တော့်အမေးကို သူမဆိုင်းမတွဖြေ၏။

‘ဟို. . . မျက်လုံးခေါ်ခေါ်နဲ့ကောင်လေ. . .’

‘ဟာ. . . နင့်ဟာက မျက်လုံးပြူးပြူးလုပ်စမ်းပါ. . .’

ကျွန်တော့်စကားကို သူခေါင်းခပ်သွက်သွက်ခါလိုက် ပြီး

‘သူ့မျက်လုံးပြူးတာမဟုတ်ဘူးဟ. . . ခေါတာ. . ဟိုလေ. . . မျက်ခွံကြီးက အရှေ့ကိုငေါ်ပြီးခေါထွက်နေတာ. . .’

ကျွန်တော်စဉ်းစားကြည့်သည်။ သူပြောသလို မျက်လုံးခေါထွက်နေသောလူမျိုး မြန်မာစာဌာနတွင်မပြောနှင့် မြန်မာပြည်မှာပင် စဉ်းစား၍မပေါ်. . .

ဒါကို ရွှေမိုးသည်းက မချင့်မရဲနှင့်. . .

‘ဟိုလေ. . . သွားကို အဖီထုတ်ထားတဲ့ ကောင်လေ. .’

ကျွန်တော်ပို၍ အံ့အားသင့်သွား၏။

‘သွား အဖီထုတ်ထားတာ. . . သွားခေါတာမဟုတ်

www.burmeseclassic.com



လား. . .’

သူ ခေါင်းခါပြန်သည်။

‘မဟုတ်ဘူးလေဟာ. . . သူက သွားခေါတာမဟုတ်ဘူး. . . သွားကို အိမ်တံစက်မြိတ်တွေလိုအရှေ့ကို ခပ်လျှော လျှောလေး အဖီထိုးထားတာ. . .’

သူ့လက်ကလေးနှင့် အသေအချာလုပ်ပြသည်ကျွန်တော် ခေါင်းပင်ကုတ်လိုက်မိ၏။ စဉ်းစားစမ်း၊ မျက်လုံးခေါပြီး သွားအဖီထိုးထားတဲ့ကောင် ဘယ်နှယောက်ရှိလဲ. . . မပေါ်. . . ဘယ်လိုမှစဉ်းစား၍မရ၊ ပူရသည့်ကြားထဲ ပဟေဠိဆန်သော သူ့မေးခွန်းကြောင့် ခေါင်းရှုပ်သွားတာလဲဖြစ်နိုင်၏။

ဒါကို ရွှေမိုးက ပို၍မချင့်မရဲဖြစ်သွားဟန်နှင့် ကျွန်တော့်လက်ကို တစ်ချက်ပုတ်ပြီး. . .

‘ဟိုဟာလေ. . . သူကပြောတယ်ဟ. . . သူက အစကတော့ဖြူဖြူပဲတဲ့. . . ဒါပေမယ့်အသည်းရောင် အသားပြာရောဂါဖြစ်ပြီးတော့ သူ့အသားတွေ တစ်နေ့တခြား ပြာပြာ တက်လာတာတဲ့ အဲဒါ. . . အသားကပြာပြာနဲ့ ကောင်လေ ဟာ. . .’

ကျွန်တော် အတော်စိတ်ရှုပ်သွား၏။ ထို့ကြောင့် ခေါင်းကို ကုပ်ဖွပစ်လိုက်ပြီး. . .

‘ဟာ. . . ရွှေမိုးသည်းရာ. . . နင့်ဟာ ဘာစကားတွေလဲဟာ. . . မျက်လုံးခေါခေါ၊ သွားကျတော့အဖီထိုးထားတာတဲ့၊ အသားက အသည်းရောင်အသားပြာ ဟုတ်လား၊ ဒီလိုလူမျိုး တစ်ခါမှ ယောင်လို့တောင် မကြားဖူးပါဘူး. . . စကားကို အကောင်းပြောစမ်းပါ’

ကျွန်တော့်စကားကို သူက မျက်နှာထိမျက်နှာထား

www.burmeseclassic.com



ဖြင့်. . .

‘ဟဲ့. . . ငါကမဟုတ်တာပြောပဲ့မလား. . . ဟိုလေဟာ. . . ခေါင်း တုံးကိုဖါးလျားချထားတဲ့ကောင်. . .’

သူ့စကားကြောင့် ကျွန်တော်ပို၍ပို၍ စိတ်ညစ်သွား၏။

‘ဟာ. . . ရွှေမိုးသည်းရာ ခေါင်းတုံးပါဆိုမှ ဘယ်လို လုပ် ဖါးလျားချထားမှာလဲ. . .’

‘ဟဲ့. . . ခေါင်းတုံးကိုဖါးလျားမချထားရင် ဘယ်ခေါင်း တုံးက ကျစ်ဆံမြီးကျစ်တာ မြင်ဖူးလို့လဲ ငတုံးရဲ့. . .’

‘အဲ’

သူပြောတော့လဲဟုတ်သလို. . . ခေါင်းတုံးပါဆိုမှ ရှိသည့်ဆံပင်ကလေးကို ဖါးလျားမချလျှင် မည်သူကကျစ်ဆံမြီး ကျစ်ထားမည်နည်း။ ထားတော့. . .

စဉ်းစားစမ်း. . . မျက်လုံးခေါ်ခေါ်၊ သွားအဖီထိုးထား တဲ့ အသားအသည်းရောင်အသားပြာနှင့် ခေါင်းတုံးဖါးလျား. . .

စဉ်းစားစမ်း. . . ခေါင်းတုံးဖါးလျား၊ သွားအဖီထိုး၊ မျက်လုံးခေါ်ခေါ် အသားပြာပြာ. . .

‘သိပြီ. . .’

ကျွန်တော့် အာရုံထဲ ဝင်းခနဲလက်ခနဲ. . .

‘ဘယ်သူလဲဟင်’

ရွှေမိုးအားတက်သရောမေး၏။

‘မျိုးထူးထက်ကို ပြောတာမဟုတ်လား. . .’

သူ့မျက်နှာဝင်းလက်သွား၏။

‘ဟုတ်တယ်. . . ဟုတ်တယ်. . . အဲဒီကောင်. . .’

ယခုမှ ကျွန်တော်လဲစဉ်းစားမိသည်။ မှန်၏။ ထိုမျိုးထူးထက် ဆိုသည့်ကောင်မှာ ရွှေမိုးပြောသည့်အတိုင်း ခေါင်းတုံးဖါးလျား၊

www.burmeseclassic.com



မျက်လုံးခေါ်ခေါ်၊ အသားပြာပြာ၊ သွားကိုအဖီထိုးထားသည့် ကောင်၊ တကယ့်ကွက်တိ. . . မယုံလျှင်သွားကြည့် ကျောက် မြောင်းတွင်ရှိ၏။

'အဲဒီကောင်ကို နင်ဘာလုပ်မလို့လဲ. . .'

'ငါ ဒီနေ့ သူ့ကိုအဖြေပေးမလို့ဟ. . . သူက ငါ့ကို ရည်းစားစာပေးထားတယ်လေ. . .'

'ဟင်'

သူ့စကားကြောင့် ကျွန်တော်မျက်လုံးပြူးသွား၏။ နောက် စိုးရိမ်စိတ်ကြောင့်ထင်သည်။ ကတုန်ကရင်နှင့်

'နင်. . . နင်က သူ့ကိုဘယ်လိုအဖြေပေးမှာလဲ. . .'

သူကတော့ အေးအေးပင် နှုတ်ခမ်းကိုမဲ့လိုက်ပြီး

'ဒီလိုအဖြေပေးမှာဟ. . . ဒီမှာကြည့်. . .'

ဘယ်ဘက်လက်ဝါးထောင်ပြသည်။ ထိုလက်ဖဝါး တွင် ဆော့ပင်(ဘောလ်ပင်)နှင့် ထင်ထင်ကြီးရေးထားသည် က. . .

**"လက်ကလေးကို ပါးနဲ့အပ်ပေးမယ်"**

သူကခပ်တည်တည်နှင့်ပင်. . .

'ဒီဘက်မှာကျန်သေးတယ်. . .'

ညာလက်ဖဝါးထောင်ပြသည်။ ထိုညာလက်ဖဝါးတွင် ရေးထားသည်က. . .

**"ဖြန်း"**

ဟူသတတ်. . .။

ဘာပဲပြောပြော ကျွန်တော့်ရင်ထဲကအလုံးကြီးတော့

× × ×

www.burmeseclassic.com



'ဟဲ့. . . ဒါနဲ့ နင်က မဂ္ဂဇင်းတွေမှာ ဝတ္ထုတွေဘာတွေ ရေးတယ်ဆို. . .'

သူ၏ဘာမဆိုင်ညာမဆိုင် ထပ်ပြောလိုက်သောစကားကို ကျွန်တော်ခေါင်းငြိမ့်ရင်း. . .

'အေး'

သူ့မျက်လုံးတွေ တောက်ပသွားပြန်၏။

'ငါလဲဝါသနာပါတယ်ဟ. . . ငါ့မှာလဲ ရေးထားတဲ့ ဝတ္ထုတွေရှိတယ်. . .'

ဝါသနာပါ လာတူနေ၍ ကျွန်တော်ဝမ်းသာသွား၏။

'ဟုတ်လား. . . ဘယ်မဂ္ဂဇင်းတိုက်မှ မပို့ဘူးလား. . .'

'ဟေ့အေး. . . မဂ္ဂဇင်းတိုက်တွေ ဘယ်လိုသွားရမှန်း မသိတာနဲ့ မပို့ဖြစ်ဘူးဟာ. . .'

သူ့မျက်နှာလေးက သနားစရာ. . .

'ငါပို့ပေးမယ်လေ. . . နင့်ဝတ္ထုတွေယူခဲ့. . .'

သူ့မျက်နှာလေးပြန်လည်ဝင်းလက်သွား၏။

'ဟင်. . . တကယ်လား. . . ဒါဆို ငါ့ဝတ္ထုတွေယူခဲ့မယ်. . .'

'တကယ်ပေါ့ဟ. . . ယူခဲ့. . . ငါ မရရအောင်ပို့ပေးမယ်. . .'

သူမပြုံးလိုက်ပါသည်။ ပြီးတော့. . .

'အေးဟဲ့. . . ငါ့ဝတ္ထုတွေက ပြောလို့ပြောတာမဟုတ်ဘူး. . . အရမ်းကောင်းတာဟ. . . ငါကခံစားချက်အပြည့်နဲ့ ရေးထားတာ။ နင်ဖတ်ပြီးရင် မျက်ရည်ပါဝိုင်းသွားမယ်. . .'

ကျွန်တော်ရယ်လိုက်မိ၏။

www.burmeseclassic.com



ပြီးတော့ ဝါသနာတူချင်းမို့လားမသိ။ သူကျွန်တော့်ကို စကားတွေ အများကြီးပြောပါသည်။ နောက် သူက စာကိုလည်း အတော်များ များဖတ်ထားပုံရ၏။ ပြောလိုက်သမှ ချက်ကော့၊ မာယာကော့ စကီး၊ ကပ်(ဖ်)ကာ၊ ဆာအာသာကိုနင်ဒွိုင်း၊ ဂျော့ဘားနတ်ရှော၊ ဂျက်လန်ဒန်၊ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ မဟာဆွေ၊ သော်တာဆွေ၊ မင်းဆွေ၊ အို-စုံလို့ပါပဲဗျာ. . .။ သူ့မျက်နှာကလဲပြုံးလို့ရွှင်လို့၊ ထိုနေ့တစ်နေ့လုံး ရာသီဥတုသာယာနေပါသည်။

× × ×

www.burmeseclassic.com

## အခန်း(၁)

ထိုနေ့မှစ၍ သုံးရက်လွန်မြောက်သောအခါ ကျွန်မကို မွေးဖွားသန့်စင်ခဲ့ပါသည်။ ကျွန်မကိုမွေးပြီး သိပ်မကြာခင်အချိန်အတွင်း သားဖွားဆရာမက ကျွန်မ၏ တလက်လက်တောက်ပနေသော သွားစွယ်ကလေးကိုကြည့်ပြီး . . . ကလေးလေးက ချစ်စရာလေးပါလားဟု စဉ်းစားလိုက်သည်။

ပြီးနောက် ကျွန်မ၏ရှည်လျားနက်မှောင်ညိုလဲ့သော ဆံကေသာများကိုကိုင်ကြည့်ပြီး ကြီးလာရင်တော့ အတော်ချောမောမယ်ဟု ထပ်စဉ်းစားနေပြန်၏။ ဒါတွေကို သူက ထုတ်ဖော်မပြောသောကြောင့် ကျွန်မမသိခဲ့ပါ။ ကျွန်မသိသည်က ထိုသို့ဖြစ်ပြီးသိပ်မကြာခင်အချိန်အတွင်း ကျွန်မပျောက်ဆုံးသွားပါသည်။ ကျွန်မ ဘယ်လိုပျောက်ဆုံးသွားကြောင်းကို ကျန်သည့်သူများမပြောနှင့် ကျွန်မကိုယ်တိုင်ပင်မသိပါ။ ကျွန်မ

www.burmeseclassic.com



ဘယ်နေရာရောက်နေလဲဆိုတာ ကျွန်မ မသိပါ. . .။

××××××××××××

××××××××××××

××××××××××××

××××××××××××

ကျွန်မပြန်ပေါ်လာပါပြီ။ ကျွန်မပြန်ပေါ်လာလာချင်း လမ်းထိပ် အိမ်မှ ဦးလေးစိန်သောင်းနှင့်တွေ့ပါသည်။ ဦးလေးစိန်သောင်းက ကျွန်မကိုမြင်သည်နှင့်နှုတ်ဆက်ရန် 'အဟမ်း'ဟု ချောင်းအရင် ဟန့်ပါသည်။

'အဟမ်း'

ပြီးတော့ 'ဘယ်သွားမလို့လဲ' ဟုထပ်မေးပြန်တော့သတည်း။

'ဘယ်သွားမလို့လဲ'

ကျွန်မက 'အိမ်ပြန်မလို့'ဟုပြန်ဖြေလိုက်ပါတယ်. . .

'အိမ်ပြန်မလို့'

ဦးစိန်သောင်းက ခေါင်းကိုတဗျစ်ဗျစ်ကုတ်ရင်း. . .

'တဗျစ်ဗျစ်'

'ငါ ဘာဆက်ပြောရမှန်းမသိဘူး'ဟုပြောလိုက်ပြန်ချေသည်။ 'ငါဘာဆက်ပြောရမှန်းမသိဘူး. . .'

ကျွန်မကလဲ သူဘာမှဆက်ပြောရမှန်းမသိတော့၍ဘာဆက်လုပ်ရမှန်းမသိတော့ပါ။

စာရေးသူ ဘာမှဆက်မလုပ်တော့ပါ။

× × ×

www.burmeseclassic.com



## အခန်း(၂)

မာယာအိပ်မက်၏ကျဆုံးခန်းတွင် ရက်စက်ခြင်း ဝိညာဉ်ကား ပိုးစိုးပက်စက် နေရာယူလာသောအချိန်တွင် တစ်ယူသန်ယုန်တစ်ကောင်မှ မြေခွေးမထံမှချစ်အဖြေတောင်းပြီး၊ ကိန္နရာချောင်းခြား ဇာတ်ကိုကပြမည့်သမယ၌ မီးပျက်သကဲ့သို့ တို့လို့တန်းလန်းဘဝများ၏အမှောတွင် ပျော်ဝင်လို့ သာတောင့်သာမောဖွယ်စိတ်ကူးများကိုထုံကူးရင်း ပျားပိတုန်းတို့ ဆွတ်နမ်းခဲ့သော ဝတ်မှုံသည်ငါ၏ဝိညာဉ်ပင်ဖြစ်ပေတော့သကိုး။

(ကိုယ်ပိုင်ကျမ်းစာ)

× × ×

ထို့နောက်တွင်ကား ကျွန်မကြိုကြားကြိုကြား ပျောက်နေရလေတော့တမုံ့ချိန်တွင် သမာဒေဝ နတ်ကောင်း နတ်မြတ်တစ်ပါးထံမှ ကြက်ဖခွပ်ပြိုင်လိုကြောင်း ကြေးနန်းစာ ရရှိ၍ ကျွန်မသူနှင့်သုံးချီသုံးလား ကြက်ဖခွပ်ပြိုင်နေစဉ် အချိန်တွင် ကျွန်မ လူ့ပြည်မှာမရှိတော့ကြောင်း သိရသော အချိန်ကား များစွာအခါနှောင်းခဲ့ပြီးဖြစ်တော့ ကျွန်မ တော်တော်လေးစိတ်မကောင်းဘူး သိလား. . . အဟုတ်. .

ဂဠုန်ရွှေမိုးသည်း။

ကျွန်တော် သူ့မျက်နှာကို ယောင်ပြီးကြည့်မိသည်။သူမ ကကျေနပ်သည့်ဟန်မျိုးနှင့် မိန့်မိန့်ကြီးပြုံးလို့. . .

'ဘယ့်နှယ်လဲ. . . ဝတ္ထုကကောင်းတယ်မဟုတ်လား. . .'

ကျွန်တော် မျက်ရည်ပါဝိုင်းချင်သွား၏။

ဒါကိုသူက. . .

www.burmeseclassic.com



'မျက်ရည်တောင် ဝိုင်းသွားပြီဟုတ်. . .။ နင်မပြောနဲ့ မြန်မာစာပါမောက္ခကို ငါ့ဒီဝတ္ထုပြကြည့်တုန်းက ပါမောက္ခပါ မျက်ရည်ဝိုင်းပြီးပြီ. . .'

'ဟာ. . . ဝိုင်းမှာပေါ့. . . နင့်ဝတ္ထုက ဘာတွေရေး ထားမှန်းမှမသိတာ. . .'

ကျွန်တော့်ရဲ့ ကက်ကက်လန်စကားကို သူကလဲနှုတ် ခမ်းတလန် ပန်းတလန်နှင့် ပြန်ချေပ၏။

'ကိုယ်အဓိပ္ပာယ်မပေါ်တိုင်း ဝတ္ထုရေးသူကို ပြန်မမဲ ပါနဲ့. . .။ဝတ္ထုရေးသူက လွမ်းလွမ်းဆွေးဆွေး ရင်ကွဲနာ အပြည့်ပေး ထားတာဝတ္ထုကိုသာမန်ကာလျှံကာ မဖတ်စမ်း ပါနဲ့. . . အသေအချာဖတ်စမ်းပါ. . .'

'ဟ. . . ငါလဲ အသေအချာဖတ်တာပဲ. . . နင့်ဟာ က ဘယ်ရှုထောင့်ကနေ ဘယ်လိုမြင်ရမှန်းကိုမသိဘူး. . တကတဲ. . . ကလေးမွေးရုံရှိသေးတယ်. . . သွားစွယ်ကလေး ကလက်နေတာပဲတို့၊ ဆံပင်ကလဲ နက်မှောင်ညိုလဲ့နေတာပဲတို့၊ နင်ဘယ်မှာမြင်ဖူးကြားဖူးလို့လဲ. . .'

ကျွန်တော်ရဲ့စကားကို သူက ခပ်တည်တည်နဲ့

'စကားမရှည်နဲ့. . . နင်အခု ရင်ကွဲသွားပြီမဟုတ် လား. . .'

'ကွဲတယ်လေ. . . ကွဲတယ်. . . ငါရင်ကွဲတာ နင်ဘာ ရေးထားမှန်း မသိလို့ကွဲတာ. . .'

'အေး. . . ကွဲရင် ငါအောင်မြင်ပြီ၊ ပြန်ပေး ငါ့ ဝတ္ထု. . .'

ဟုဆို၍ ကျွန်တော့်လက်ထဲမှ သူ့ဝတ္ထုကို ဖျတ်ခနဲပြန် ဆွဲလုပြီး ထိုဝတ္ထုစာရွက်များကို လေထဲဝှေ့ရမ်းကာ အသံကျယ်

www.burmeseclassic.com



ကျယ်ဖြင့်. .

'လာနော်. . ဒီမှာဝတ္ထုစာရေးဆရာကြီး ဂဠုန် ရွှေမိုးသည်းရဲ့ ဝတ္ထုဆန်းကြီးဖတ်သူတိုင်းကို လွှမ်းလွှမ်းဆွေးဆွေး ရင်ကွဲနာ အပြည့်ပေးနေပြီနော်။လောလောဆယ် နှစ်ယောက်ရင် ကွဲပြီးပြီ၊ မဖတ်ရမရှိရလေအောင် လာဖတ်ထားကြ ဟား ဟား. . .'

ဟုအော်ရင်း တစ်ယောက်တည်းပျော်နေလေသည်။

တောက်. . . အတော်ဆိုးတဲ့ဂဠုန်. . . သူ့ကိုကြည့်ရင်း ကျွန်တော် ညစ်ညစ်လာ၏။

'တော်ပြီဟာ. . . နင်နဲ့အပေါင်းအသင်းမလုပ်တော့ဘူး. . . သွားတော့မယ်. . .'

ဟုဆို၍ ဆတ်ခနဲထထွက်လာခဲ့၏။ ဒါကိုပင် ငတိမက အလွတ်မပေးဘဲ အနောက်ကလိုက်လာရင်း. . .

'ဟဲ့. . . ဘယ်သွားမလို့လဲ. . . ကင်န်တင်းဘက်လား . . . ငါလဲလိုက်မယ်. . .'

ကျွန်တော်လဲသူကပ်ပါလာလေလေ စိတ်ရှုပ်လေ မို့. . .

'ဘယ်ကင်န်တင်းမှမသွားဘူး. . . ပိုက်ဆံလည်းမရှိဘူး . . .'

'ဟယ်. . . ဘဝကတူလိုက်တာနော်. . .'

ကျွန်တော်မျက်မှောင်ကျုံ့လိုက်မိသည်။

'ဘယ်သူနဲ့. . . ဘဝတူတာလဲ. . .'

'ငါနဲ့လေ. . . ငါ့မှာလဲပိုက်ဆံမရှိဘူး. . .'

တောက်. . . ကြည့်လေ. . . ပြောပုံကိုက မကိုး မကားနဲ့. . . ငိုချင်နေပါတယ်ဆိုမှ. . .။

www.burmeseclassic.com



'ဒါပေမယ့် ကိစ္စမရှိပါဘူး. . . ဒို့နှစ်ယောက် ကင်န်တင်းမှာထိုင်ပြီး တစ်ခုခုစားရအောင်. . .'

သူ့စကားကြောင့် ကျွန်တော်စိတ်ဝင်စားသွား၏။

'ဟာ. . . နှစ်ယောက်လုံး ပိုက်ဆံမရှိတဲ့ဥစ္စာ ဘယ်လို စားမလဲ. .'

'ဟာ. . . ဒါလဲကိစ္စမရှိဘူး. . . နင့်မျက်နှာရှိတာပဲ. . .'

ကျွန်တော် ကိုယ့်မျက်နှာကိုယ်ပြန်စမ်းရင်း. . .

'ငါ့မျက်နှာရှိတော့ ဘာလုပ်ရမှာလဲ. . .'

'ဘာလုပ်ရမှာလဲဟ. . . တို့စားချင်တာစားမယ်လေ. . . ပြီးရင်နင့်မျက်နှာကြီးပြပြီးအထိုးခံလိုက်ပေါ့ မဟုတ်ဘူးလား. . . ဟား ဟား. . . ငါ့အကြံမပိုင်ဘူးလား. . . ဟားဟား နင့် မျက်နှာရှိတာပဲ အထိုးခံလိုက်. . . ဟား ဟား. . .'

တောက်. . . ဘယ်လိုကောင်မလေးလဲ ဆိုတာ စဉ်းစားသာကြည့်တော့. . . ကျွန်တော်လဲ သူနှင့်လမ်းလျှောက်ရ သည် ကိုအတော်စိတ်ပျက်နေပြီမို့. . .

'တော်ပြီဟာ. . . နင်ငါ့နောက်ဆက်မလိုက်နဲ့ တော့. . .'

'ဘာလဲ. . . နင့်နောက်ဆက်လိုက်ရင် အော်လိုက်မှာ နော်လို့ပြောမှာလား. . . ဟားဟား. . .'

'အင့်. . .'

ကျွန်တော် ဘာပြန်ပြောရမှန်းမသိတော့။ သူပြောသလို ယောကျ်ားကြီးတန်မဲ့ အော်လိုက်မှာနော်ဟုပြောရန်လဲမသင့်. ။

'လာပါ. . . နင့်ကို ငါကျွေးပါ့မယ်. . . ငါ့မှာ လက် ကျန်ပိုက်ဆံရှိပါသေးတယ်. . .'

ဟုဆို၍သူမှပင်ဦးဆောင်၍ ကင်န်တီးဘက်လှည့်ဝင်

www.burmeseclassic.com



သွား၏။ ကျွန်တော်လဲ ဘုရားသိကြားမလို့. . . မကျွေးစဖူး၊ အကျွေးထူးလှ သော သူ့သထာရေစာလေး စားဦးမှပဲလေဟု စိတ်ထဲတွေးရင်း ခုနဒေါသအားလုံးခေါက်သိမ်းပြီး သူ့နောက်လိုက်သွားရလေသည်။

ဆိုင်ထဲရောက်တော့ ရွှေမိုးသည်းက သူသောက်ရန် လက်ဖက်ရည် တစ်ခွက်မှာထားပြီးပြီ။

'ကဲ. . . မှာ. . . ဘာစားမှာလဲ. . . နင်စားချင်တာ ငါကျွေးမယ်'

ရုတ်တရက်ကျွန်တော် မမှာရဲသေး။ ပြောလို့မရဘူးလေ. . . တော်ကြာ ငေါက်ခနဲထထွက်သွားမှဖြင့် သူပြောသလိုမျက်နှာရှိတာပဲ. . . မျက်နှာပြပြီး အထိုးခံလိုက်ပေ့ါဆိုသလိုမျိုးဖြစ်နေဦးမည်။

'မှာပါဟ. . . နင်ကမယုံလို့လား ဒီမှာပိုက်ဆံ. . .'

သူ့လွယ်အိတ်ထဲမှပိုက်ဆံတွေထုတ်ပြီး စားပွဲပေါ်တင်လိုက်၏။ထိုတော့မှ ကျွန်တော်လဲ ယုံယုံကြည်ကြည်နှင့် ကြာဆံပြုတ်တစ်ပွဲ မှာလိုက်၏။ သူကပင် စကားဆက်၍

'ခုနကတောင်ကိုသန်းအောင်ကြီးက အရက်သောက် ဖို့ပိုက်ဆံမရှိလို့တဲ့ ငါ့ကိုအကူအညီလာတောင်းလို့ ကူညီပေးလိုက်ရသေးတယ်'

'ဘာလဲ. . . နင်ကသူအရက်သောက်ဖို့ပိုက်ဆံပေးလိုက်တာလား. . .'

'မဟုတ်ဘူး. . . ဂွမ်းထိုးခိုင်းတာလေ. . . မူးချင် ရင်ဂွမ်းထိုးနေလို့ သူ့ခမျာလဲ ထိုးရှာပါတယ်. . . (၇)ပတ်လောက်လဲရောက်ရော မူးတာများ အန်တောင်အန်ထွက်တယ်. . . ငါပိုက်ဆံပေးတာတောင် မယူတော့ဘူး. . . ကျွန်တော်မူးပြီ၊

www.burmeseclassic.com



ကျွန်တော်မူးပြီဆိုပြီး ထလစ်သွားတော့တယ်. . .'

ကြည့်. . . သူ့လုပ်ပုံ. . . ဘယ်လိုဉာဏ်နီဉာဏ်နက်တွေထွက်နေမှန်းကို မပြောတတ်ပါဘူး. . .။

ကျွန်တော်လဲဘာမှဆက်မပြောတော့ဘဲ လာချထားပေးသော ကြာဆံပြုတ်ကိုသာဆက်စားနေလိုက်သည်။

'ဟဲ့. . . အခုမှသတိရတယ်. . .'

သူ့အလန့်တကြားစကားကြောင့် ကျွန်တော်ကြာဆံပြုတ်စားနေရာမှ မျက်လုံးလှန်ကြည့်ရင်း. . .

'ဘာကိုလဲ. . .'

'ခုနက ကိုသန်းအောင်ကြီးအန်သွားတဲ့ အန်ဖတ်ကနင်အခုစားနေတဲ့ကြာဆံပြုတ်လိုပဲ. . .'

'ဝေါ့. . .'

စားနေတာအားလုံး ပြန်ပျို့တက်လာ၏။ ဒါကို သူကရယ်ကျဲကျဲနှင့်. . .

'ဟဲဟဲ. . . အလကားပြောတာပါ. . . မတူပါဘူး. . . အရောင်လေးတင်ဆင်တာပါ. . .'

'အဟု. . .'

ခုနကမတူပါဘူးဆို၍ ပြန်ကျသွားသော အစာများနောက်ဆက်တွဲ စကားကြောင့် လည်ချောင်းထိ ပြန်ဆန်တက်လာ၏။

သူကတော့ မသိလိုက်မသိဖာသာပင်. . .

ဟဲ့. . . နင်. . . ငါကျွေးတာစားပြီးရင်. . . ငါ့ကိုလဲတစ်ခုကူညီဦး. . .'

ကျွန်တော်အားလုံးကိုပြန်မျိုချရင်း. . .

'ငါက ဘာကူညီရမှာလဲ. . .'

www.burmeseclassic.com



'ဘာမှ မဟုတ်ပါဘူး. . . ငါလဲ ပိုက်ဆံပြတ်ခါနီးနေလို့ အဲဒါ မနက်ဖြန်ကျရင်ငါတို့အဒေါ်အိမ်မှာ ပိုက်ဆံသွားတောင်းပေး. .'

'ဟာ. . . နင့်အဒေါ်အိမ် ပိုက်ဆံတောင်းတာ နင့်ဖာသာနင်သွားတောင်းပေါ့. . .'

'မနက်ဖြန် ကျောင်းမှာပရက်တီကယ်ရှိလို့ဟ. . . ငါမအားလို့ သွားခိုင်းပါတယ်ဆိုမှမသွားချင်နေ. . .'

သူစိတ်ကောက်သွားဟန်ဖြင့် တစ်ဖက်သို့လှည့်သွား၏။ ထိုသို့ကျတော့လည်း ကျွန်တော့်အသည်းကမမာနိုင်. . .။

'အေးပါ. . . သွားဆိုသွားပေးပါ့မယ်. . . ဒါပေမယ့် ငါက ဘယ်လိုသွားရမှန်းမှမသိတာ. . .'

'ငါစာရေးပေးလိုက်မယ်လေ. . လိပ်စာကနောက်တော့ ပြောမယ်. . .'

ဟုစာရွက်တစ်ရွက်ထုတ်၍စာရေးလိုက်သည်။

ထိုရေးထားသည့်စာမှာ. . .

'ဒေါ်ဒေါ်မွှေးရှင့်. . .

ယခု စာယူလာသူ(ဘီလူးလိုလို နဂါးလိုလိုလူ)နှင့် ကျွန်မ ရစရာငွေ(အတိုး) တစ်သောင်းနှစ်ထောင်ကျပ်ကို ပေးလိုက်ပါ။

လူကိုယ်တိုင်မအားလပ်၍ မလာဖြစ်သည်ကို ခွင့်လွှတ်စေချင်သည်။

ပုံ

အန်တီချစ်မိုးသည်း

ဟူ၍ဖြစ်သည်။

'ရော့. . . ဒီစာကိုယူသွား. . . စကားဝှက်မေးရင် ဘီဂါးလို့ ပြော. . အချိန်က မနက်ဖြန်နံနက်(၉း၄၀)။ သွားရ

www.burmeseclassic.com



မယ့်လိပ်စာက. . .'

×××××

×××××

×××××

'ဟဲ့. . . နင့်ဘောလ်ပင်လေးကလှလိုက်တာ. . .'

သူ့ရဲ့မဆီမဆိုင်စကားကြောင့်ကျွန်တော်-ကျွန်တော့် အိတ်ကပ်ထဲ ထိုးထားသောဘောလ်ပင်လေးကို ပြန်စမ်းမိ၏။

'အော်. . . ဒါလား. . . ငါ့ဦးလေးအမေရိကားက လက်ဆောင် အဖြစ်ပို့ပေးလိုက်တာ. . .'

သူမျက်မှောင်ကျုံ့သွား၏။ နောက်. . . ကြွားရန်ကော ဟူသော အကြည့်မျိုးနှင့်ကြည့်သည်။ ပြီးမှ 'ပြကြည့်စမ်း. . .' ဟုဆို၏။

ကျွန်တော် ဘောလ်ပင်လေးကိုထုတ်ပေးလိုက်သည်။

'ဟယ်. . . အရုပ်ကလေးတွေနဲ့ လှလိုက်တာ. . . ချစ်စရာလေးတော့. . . ဘီဂါး ငါ့ကိုပေးလိုက်ပါလားဟယ်. . .'

ဘောလ်ပင်လေးကိုကြည့်ပြီး သူသဘောအကျကြီးကျ နေတော့၏။ လက်ထဲထည့်ကြည့်သည်။ ပြီးတော့ ဘောလ်ပင်ကို ပြန်ကြည့်၏။

'ဟာ. . . ပေးလို့ဖြစ်မလားဟ. . . ငါ့ဦးလေးက ငါ့ကို လက်ဆောင် ပေးထားတဲ့ဟာကို. . .'

ထုံးစံအတိုင်း သူကျွန်တော့်ကို ဖျတ်ခနဲကြည့်၏။

'ဘာပဲဖြစ်ဖြစ်. . . ငါကတော့ ရအောင်ယူမှာပဲ. . .'

သူ့ပုံစံက သန္နိဋ္ဌာန်ချထားသည့်ပုံ။ ဘောလ်ပင်လေးကို သူအတော်ကြိုက်နေပုံရ၏။ ကျွန်တော်ကသာ အလျှော့မပေး ချင်၍. . .

'အေး. . . ငါလဲမပေးဘူး. . . ဘာပဲဖြစ်ဖြစ်. . .'

www.burmeseclassic.com



သူ ကျွန်တော့်ကို မိုက်ကြည့်ကြည့်၏။ ကျွန်တော်က လည်းပြန်၍ မိုက်ကြည့်ကြည့်၏။

အတန်ကြာမျက်လုံးချင်းဆုံပြီးမှ သူကဖြဲခနဲရယ်ပြီး. . '

'အဟဲ. . . ငါကစတာပါ. . . သူများပစ္စည်း အလကား မယူချင်ပါဘူး. . . ဒါပေမယ့် ခြစ်ကြည့်မယ်နော်. . . ခြစ်ချင်လို့. . . '

သူ၏ ခြစ်ကြည့်မယ်ကို ကျွန်တော်၏စိတ်ထဲတွင် ချစ်ကြည့်မယ်နော်ဟု ပြောင်းမြင်ကြည့်ပြီး ရင်တုန်သွားမိကာ ပြောမိပြောရာပြောချလိုက်၏။

'ချစ်. . . ချစ်မှာလားဟင်. . . '

'ခြစ်မှာပေါ့ မောင်ကြီးရဲ့. . . '

ကျွန်တော်၏ကတုန်ကရင်စကားကိုသူကအငြိမ့်မင်းသမီးတစ်ယောက်လို မျက်စလေးချီ၍ ပြန်ဖြေ၏။

'ဒါဆို. . . ချစ်. . . ချစ်. . . အဟိ'

ကျွန်တော် လက်သုံးချောင်းပါးစပ်ထဲထည့်ပြီး ခွိနေ၏။ သူကပြုံးစစနှင့်။

'ခြစ်လို့ကောင်းပြီး ရပ်မရရင် ဘယ်လိုလုပ်မှာလဲ. . . '

'မရပ်နဲ့ပေါ့. . . ဘာဆန်းတာလိုက်လို့ ချစ်သာချစ်. . . တဝချစ် မှင်မပြတ်စေရဘူး. . . '

သူ့ပခုံးလေးတွန့်နှာခေါင်းလေးရှုံ့ပြီး ခေါင်းကိုစောင်း၍ ရယ်သည်။ လုပ်၍ရယ်ပုံဖြစ်သည်။

'တဂယ်နော်. . . ဂယ်. . . '

'ဂယ်ပေါ့. . . '

နှစ်ယောက်လုံးဝမ်းသာပြီး စကားပင်မပီကြတော့။

www.burmeseclassic.com



သူက တော့ ဘာကိုဝမ်းသာလဲတော့မသိ။ ကျွန်တော်ကတော့ သူ၏ချစ်မှာပေါ့မောင်ကြီးရဲ့စကားကြောင့် ဝမ်းသာနေတာဖြစ်ပေလိမ့် မည်။

'ခြစ်ပြီနော်. . .'

'ချစ်. . . ချစ်. . . အားရပါးရချစ်. . .'

'ကဲ. . . ဒါဆိုချစ်ပြီ. . .'

ဟုဆို၍ ရွှေမိုး လေထဲမှာပင် ဘောလ်ပင်ခြစ်ကြည့်လိုက်ပြီး. . .

'ဟ. . . ဟ. . . ရပ်လို့မရတော့ဘူး. . . ရပ်လို့မရတော့ဘူး. . .'

ဟုဆို၍ မျက်လုံးကြီးပြူးပြီး ခုံပေါ်မှထရပ်သည်။

'ဟ. . . ဟ. . . လုပ်ပါဦး. . . ရပ်လို့မရတော့ဘူး. . ရပ်လို့မရတော့ဘူး. . .'

ဟုဆက်အော်ပြီး လက်တလှုပ်လှုပ်နှင့် ခပ်မြန်မြန်လှမ်းထွက်သွားလေသည်။ ထိုတော့မှ ကျွန်တော်လဲ သူ့အကြံရိပ်မိပြီး. . .

'ဟာ. . . ဟေ့ ရွှေမိုး ငါ့ဘောလ်ပင်. . . ငါ့ဘောလ်ပင်. . .'

'ရပ်လို့မရတော့ဘူး. . . ရပ်လို့မရတော့ဘူး. . .'

'ဟ. . . ဘာလို့ရပ်လို့မရတော့မှာလဲ. . . ဟေ့ရွှေမိုး. . .'

'ဟာ. . . ဟေ့လူ လက်ဖက်ရည်ဖိုးရှင်းဦးလေ. . . ဘယ်ထပြေးတာလဲ. . .'

'ရပ်လို့မရတော့ဘူး. . . ရပ်လို့မရတော့ဘူး. . .'

'ဟာ. . . ဒီမှာကတစ်မျောင့် ဘယ်လောက် လဲ. . . ဘယ်လောက်ကျလဲ. . .'

www.burmeseclassic.com



'သုံးရာ့နှစ်ဆယ်. . .'

'ရော့. . . ဒီမှာ. . .'

'ရပ်လို့မရတော့ဘူး. . . ရပ်လို့မရတော့ဘူး. . .'

လက်ဖက်ရည်ဖိုးရှင်းပြီးချိန် ရွှေမိုး၏အရိပ်အယောင်ပင်မတွေ့တော့. . .။

'သွားပြီ. . . ပါသွားပြီ. . . ဘောလ်ပင်တစ်ချောင်း၊ အမေရိက က ဦးလေးရဲ့လက်ဆောင်ဘောလ်ပင်ပါသွားပြီဆုံးပြီ. .'

'တောက်. . . ကြာဆံပြုတ်တစ်ပွဲနဲ့ လုပ်သွားတာဗျာ အလုပ်ကလဲ တစ်ခုခိုင်းသွားသေး. . . နောက်မှကြားရတဲ့ သတင်းကလမ်းထိပ်ကဘိလိယက်ခုံမှာတောင် ကျူတံသုတ်တဲ့ ပေါင်ဒါတွေ ဝင်တို့သွားသေးသတဲ့. . .'

သူကိုယ်တိုင်ကတော့ မွှေးလို့ကြိုင်လို့ဆိုပြီး ပျော်နေမှာပေါ့။ ဘောလ်ပင်လဲရသွားတာကိုး. . . ကျွန်တော့်မှာသာ သူခိုင်းထားတဲ့ အလုပ်အတွက်စီရီ. . .။ဝမ်းနည်းတာမှ ပက်လက်ကိုလန်ရော. . .။

× × ×

www.burmeseclassic.com

လိပ်စာပေးထားသောလမ်းထဲ ကွေ့ဝင်လိုက် သည်နှင့် ပထမဦးဆုံး မြင်လိုက်ရသည်က လမ်းထဲမှ ကုပ်ကွ ကုပ်ကွနှင့် ထွက်လာသော ခေါင်းတုံးဖားလျား၊ အသားပြာပြာ၊ မျက်လုံးခေါခေါ၊ သွားအဖီထိုးထားသောကျွန်တော်နှင့် အတန်းတူကျောင်းသား မျိုးထူးထက်. . ။

သူ ကျွန်တော့်ကိုမြင်တော့ ဝေ့ကြည့်သည်။ ပြီးနောက် မျက်မှောင်ကျုံ့၍ တောက်တစ်ချက်ခတ်လိုက်သည်။ ပြီးတော့ ဘာစကားမှ မပြောဘဲ ကုပ်ကွကုပ်ကွနှင့် ဆက်လျှောက်သွား၏။ သူ့အပြုအမူမြင်တော့ ကျွန်တော့်စိတ်ထဲ ဇဝေဇဝါဖြစ်သွား၏။

'ဘာဖြစ်သွားတာလဲ. . . ဒီကောင်. . . '

အတန်းတူ ကျောင်းသားအချင်းချင်းမြင်တာတောင် နှုတ်မဆက်ဘဲ တောက်ခတ်သွားတာ ဘာသဘောလဲ. . . ။

ကျွန်တော်လဲ သူတောင်နှုတ်မဆက်တာ ကိုယ်ကရော ဘာအသိအမှတ်ပြုစရာ လိုမလဲဟုတွေးမိရင်း ရွှေမိုးသည်း လိပ်စာပေးရာ အိမ်ကိုသာ ဝေ့ရှာလိုက်၏။ သိပ်မရှာလိုက်ရပါ။

www.burmeseclassic.com



'တွေ့ပြီ. . .'

ခြံတံခါးသော့ခတ်ထားသည်။ အထဲတွင်တော့ ဆူညံဆူညံ အသံများကြားနေရ၏။

ကျွန်တော်လိပ်စာကို အသေအချာပြန်ဖတ်လိုက်သည်။

'ဟုတ်ပါတယ်. . . ဒီအိမ်ပါ. . .'

သေချာတော့မှ ခြံတံခါးဝတွင် အသင့်တွေ့ရှိသော လူခေါ်ဘဲလ်ကိုနှိပ်လိုက်သည်။ သိပ်မကြာလိုက်ပါ. . အိမ်ထဲမှ မိန်းမကြီး တစ်ယောက် သုန်မှုန်သောမျက်နှာနှင့် ခြံဝကိုလျှောက်လာ၏။

ကျွန်တော့်ကိုမြင်တော့ မကြည်သလိုမျက်နှာပေးနှင့် ခါးကို ဟန်ပါပါထောက်ရင်း

'ဆို. . . မင်းရောဘာကိစ္စလဲ. . .'

သူ့အမေးကြောင့် ကျွန်တော့်စိတ်ထဲထင့်ခနဲ. . .။ သို့သော် ကျွန်တော်အတတ်နိုင်ဆုံးပြုံးလိုက်သည်။

'ဟိုလေ. . . ဘီဂါးကိစ္စ. . .'

မိန်းမကြီး မျက်မှောင်ကျုံ့သွားပြန်၏။

'ဘာ. . .'

'ဟိုလေ. . . ဘီဂါးကိစ္စ. . . အဲဒါ. . . ဒေါ်ဒေါ်မွေးလားဟင်. . .'

မိန်းမကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး. .

'ဟုတ်တယ်. . . ဘာလုပ်ချင်လို့လဲ. . .'

သူ အင်္ကျီလက်ပင့်တင်ရင်း ရင်ခေါ်၍မေး၏။ သူ့ပုံက ရန်ဖြစ်တော့မည့်ပုံ. . .၊

www.burmeseclassic.com



ကျွန်တော်လဲ ပြာပြာသလဲနှင့် လက်ကာပြပြီး. . .

'ဘာ. . . ဘာမှမလုပ်ချင်ပါဘူး. . ဟိုလေ. . အဒေါ် တူမစာပေးခိုင်းလိုက်လို့. . .'

'လာပြန်ပြီ နောက်တစ်စောင်. . .'

ဟုဆို၍. . . မိန်းမကြီးက မျက်မှောင်ကျုံ့ကြီးနှင့် ကျွန်တော့်လက်ထဲမှစာကို ဆွဲယူဖတ်လိုက်သည်။

စာကိုဖတ်ရင်း ဖတ်ရင်း သူ့မျက်နှာကြီးတဖြည်းဖြည်း တင်းမာမဲ့ရှုံ့လာ၏။

နောက်. . . ကျွန်တော့်ဘက် ဒေါ်ကြီး၊ မောကြီးလှည့်ကြည့်ပြီး. . .

'ဟင်. . . လာပြန်ပြီ နောက်တစ်ယောက်. . . ဘယ်က မိုးသည်းလဲ. . . ဘာလုပ်တဲ့အတိုးလဲ. . . ဟေ့. . . ဒေါ်မွှေးတို့က ဘယ်သူ့ဆီကမှ ပိုက်ဆံမချေးဖူးဘူး. . . ကိုယ့်ဖာသာကိုယ်အေးအေးဆေးဆေး ငွေတိုးလေးချေးစားနေတာတော်. . .။ ကိုယ့်ဆီမှာအတိုး ပြန်တောင်းရတယ်လို့. . . တစ်ယောက်လဲ မဟုတ်၊ နှစ်ယောက်လဲမဟုတ်၊ လာပြန်ပြီ နောက်တစ်ယောက်.။ ဒေါ်မွှေးတဲ့ဟေ့ တစ်မွှေးထဲရှိတာ. . . နင်တို့နောက်တစ်ခေါက် လာနှောင့်ယှက်ရင် ပါးစပ်နဲ့မပြောတော့ဘူး. . . ရဲတိုင်ပြီး ဖမ်းခိုင်းလိုက်မယ်. . . ဘာမှတ်သလဲ. . . အမွှေးတဲ့နော်. . . တစ်မွှေးထဲရှိတယ်ဟဲ့. . .'

'ဗျာ. . .'

သူ့အော်ကြီးဟစ်ကျယ်စကားကြောင့် ကျွန်တော်ကြောင်သွား၏။

'ဟို. . . ဟိုလေ. . . အမွှေး. . . အဲလေ. . ဒေါ်မွှေး . . . စကားဝှက် ဘီဂါးလေ. . .'

www.burmeseclassic.com



'ဘာဘီဂါးလဲ . . . ဘယ်ကဘီဂါးလဲ . . . ဘီဂါးလဲ မသိဘူး . . . ဗီဇာလဲမလျှောက်ဘူး . . .'

'ဟို . . . ဟိုလေ . . . အန်တီချစ်မိုးသည်းလေ . . .'

'မိုးသည်းတွေ ဘာတွေလုပ်မနေနဲ့ ဒေါ်မွှေးတို့က မိုးရေလဲမချိုးဘူး ပိုးလဲမမွေးဘူး . . . နင်သွားမလား ရဲတိုင်ပြီး ဖမ်းခိုင်းရမလားပြော . . .'

'ဟိုလေ . . . ရွှေမိုး . . . အတိုး'

'ဘာအတိုးလဲ . . . နင့်ကိုပြောနေတာ မရှင်းဘူးလား . . ကြာပါတယ် . . . ပါးစပ်နဲ့ရှင်းပြနေမယ့်အစား ရဲတိုင်ပြီး ဖမ်းခိုင်းတာအေးပါတယ် . . . ဟော့ . . . အမွှေးတဲ့နော် . . . တစ်မွှေးထဲရှိတယ် . . . နှစ်မွှေးရှိရင် မီးရှို့ပြီး ငုတ်စိလုပ်ပစ်မယ် . . .'

ဟုဆိုပြီး အိမ်ထဲဒေါ်ကြီးမောကြီးပြန်ဝင်သွားတော့ ကျွန်တော်မနေရဲတော့။ ဟုတ်တယ်လေ။ ရဲတကယ်ခေါ်ပြီး ဖမ်းခိုင်းနေမှဖြင့် အခက် . . .။ ထို့ကြောင့် ခြံရှေ့မှခပ်သွက်သွက်လှမ်းထွက်လိုက်၏။

လမ်းထဲရောက်မှ ပြန်စဉ်းစားကြည့်သည်။ စဉ်းစားရင်း . . . စဉ်းစားရင်းအဖြေက တစ်ရေးရေးပေါ်လာ၏။

တောက် . . . ရွှေမိုးသည်း တမင်ကြပ်လွှတ်လိုက်တာဖြစ်မယ် . .

စဉ်းစားကြည့်လေ . . . ကျောင်းမှာ ပရယ်တီကယ်ပြီး လျှင်သူကိုယ်တိုင် လိုက်လာလို့ရသည်ပဲ။ ဒါကို သူကိုယ်တိုင် မလာဘဲ ကျွန်တော့်ကို လွှတ်လိုက်တာဆိုတော့ အဖြေကရှင်းနေပြီ . . .

'အော် . . . ရွှေမိုးသည်း . . . ရွှေမိုးသည်း . . . လုပ်လည်း

www.burmeseclassic.com



လုပ်တတ်လွန်းပ့ါ. . .'

တွေးရင်းတွေးရင်း ဒေါသတို့ အလိပ်လိုက်အလိပ်လိုက် ပေါ်ထွက်လာ၏။

ထိုစဉ် လမ်းထဲကိုပျော်ရွှင်စွာခုန်ပေါက်ဝင်လာသော ကျွန်တော်နှင့် ရွယ်တူလူငယ်တစ်ဦးကိုမြင်တော့ကျွန်တော် ကြောင် သွားမိ၏။

နောက်တော့မှ. . .

'အေးလေ. . . ကျွန်တော်တို့အရွယ်ဆိုတာ ဒီလိုကို့ရွှင် လန်းတက်ကြွနေရမှာ. . .'

အခုတော့. . .

တွေးလေတွေးလေ ဒေါသထွက်စရာ. . . ကိုယ့်မှာ တော့ အပူတွေ အပူတွေ ရွှေမိုးသည်းပေးတဲ့အပူတွေ. . . 'တောက်' မဖြစ်တော့ပါဘူးလေ. . . စိတ်ပြေလိုပြေငြား နီးစပ် ရာလမ်းထိပ် လက်ဖက်ရည်ဆိုင်ထဲဝင်ထိုင်လိုက်မိ၏။

'တောက်'

ဆိုင်ထဲဝင်ဝင်ချင်းကျယ်လောင်သော တောက်ခတ်သံ ကြောင့် စားပွဲထိုးလေးကြောင်သွား၏။ ပြီးနောက် သူ့ခေါင်းကိုပြန် ကုတ်ရင်း. . .

'ဘာဖြစ်လို့လဲမသိဘူး. . . ဒီနေ့ ဒီဆိုင်ထဲတောက် ခတ်ပြီး ဝင်လာတာငါးယောက်ရှိပြီ. . .'

စားပွဲထိုးလေးစကားကြား၍ ကျွန်တော်ဆိုင်ထဲဝေ့ ကြည့်လိုက်တော့

'ဟင်. . .'

ကျွန်တော်အံ့အားသင့်သွားရ၏။

ဆိုင်ထဲတွင် ကျွန်တော့်ကိုကြောင်ငေးကြည့်နေသော

www.burmeseclassic.com



ခေါင်းတုံးဖါးလျားနှင့်မျိုးထူးထက်၊ ကြက်ဥကိုကိုင်လိုက်ချလိုက် လုပ်နေသော ဟတ်ကော့၊ နောက်အမည်မသိလူငယ်နှစ်ဦး၊ ကျွန်တော်အပါအဝင်ငါးယောက်။ တစ်ယောက်စားပွဲတစ်လုံးစီ ထိုင်ရင်းမှုန်ဝါးမုန်ဖွားသောမျက်နှာနှင့် ကိုယ်စီငေးရီနေကြသည်။

'တောက်. . .'

ငါးယောက်လုံးဆီမှပြိုင်တူထွက်လာသော တောက်ခတ် သံကြောင့် စားပွဲထိုးလေးလန့်သွား၏။ ပြီးတော့ကျီးကြည့် ကြောင်ကြည့်နှင့် အားလုံးကိုဝေ့ကြည့်၏။ ကျွန်တော်အပါအဝင် ထိုငါးယောက်ကတော့ ဘာမှမသိသလို ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်သက်. . .

ထိုစဉ်. . . လမ်းဘက် ရုတ်ရုတ်သဲသဲအသံကြား၍ ဝေ့ကြည့်လိုက်ရာ. . .

'မဟုတ်ဘူး. . . ကျွန်တော်ရှင်းပြပါရစေ ဦး. . ရှင်းပြမယ်လေ. . . ရှင်း. . . ရှင်း. . .'

'ညီလေးရှင်းချင်ရင် စခန်းကျမှရှင်း. . . ဒီမှာမရှင်းနဲ့. .'

ဟူသောအသံများနှင့်အတူခုနက လမ်းထဲခုန်ပေါက်ဝင်သွားသော လူငယ်. . .။ သူ့လက်နှစ်ဖက်ကို တစ်ဖက်စီဆွဲထားသော ရဲသားနှစ်ယောက်. . .။ လူငယ်ကတော့ ရုန်းရင်းကန်ရင်းယက်ကန်ယက်ကန်နှင့်. . . လက်ထဲမှာ စာရွက်တစ်ရွက်ကိုင်လို့. . .

ကြည့်ရင်း ကြည့်ရင်း အခိပ္ပာယ်ပိုရှင်းလာသည်။ သွားရှာပြီ တစ်ယောက်တော့. . .

အော်. . . ရွှေမိုး. . . ရွှေမိုး. . ရွှေမိုး. .။ ဒါလဲ ရွှေမိုး စနက်ပဲဖြစ်မည်။

'တောက်. . .'

www.burmeseclassic.com



ကျယ်လောင်သောတောက်ခတ်သံ ငါးယောက်လုံးဆီမှ ပြိုင်တူထွက်လာသောကြောင့် အားလုံးကြောင်ပြီး တစ်ယောက်ကိုတစ်ယောက် ပြန်လည်ငေးကြည့်မိကြသည်။

ပြီးတော့ လမ်းမဘက်ပြန်လည်ငေးရီ. . .

'တောက်. . .'

'တောက်. . .'

'တောက်. . .'

'တောက်. . .'

'ခွပ်. . .' (တောက်မခတ်တတ်၍ သွားချင်းခုတ်သံ) အားလုံးရှုပ်သေ. . .

တွေ့ကြသေးတာပေါ့ ရွှေမိုးသည်းရယ်. . .

× × ×

www.burmeseclassic.com

'ရွှေမိုး. . .'

ကျွန်တော်၏ဒေါသတကြီးခေါ်သံကြောင့် သူငေးကြည့်၏။ ပြီးတော့ ဘာမှမသိသလိုဟန်မျိုးနှင့် တစ်ဖက်သို့ပြန်လှည့်သွား၏။ ကျွန်တော့်ရဲ့ဒေါသတွေလျှံကျ. . .

'နင် ဘာလုပ်တာလဲရွှေမိုး၊ နင်ဘာသဘောနဲ့ ဘာတွေလျှောက်လုပ်နေတာလဲ. . .'

သူကျွန်တော့်ကိုပြန်ငေးကြည့်သည်။ပြီးတော့ ဘာမှမသိသလိုဟန်မျိုးနှင့် မျက်မှောင်ကျုံ့ရင်း. . .

'ငါဘာလုပ်လို့လဲ. . . နင်ဘာလာပြောနေတာလဲ ဘီဂါး. .'

'နင်အခုမှ မသိချင်ယောင်ဆောင်မနေနဲ့. . . ငါတို့အားလုံးမဟုတ်တဲ့လိပ်စာကြီးပေးပြီး ဘာလို့တစ်နေရာထဲကိုသွားခိုင်း တာလဲ. . . လူတွေဘယ်လောက်ဒုက္ခရောက်တယ်မှတ်သလဲ. .'

ကျွန်တော့်ဒေါသတကြီးစကားကို သူမခိုးမခန့်ပြုံးလိုက်

www.burmeseclassic.com



သည်။ ပြီးတော့ တစ်ဖက်သို့လှည့်၍. . .

'ရွှေမိုးတို့အကြံက လန်ထွက်နေတာပဲ. . .'

သူ့ရဲ့မထိတရိစကားကြောင့် ကျွန်တော်ပို၍ဒေါသထွက်သွားရသည်။

'ဘာလန်ထွက်နေတာလဲ. . . ဘာတွေလန်ထွက် နေတာလဲ. . . ဘာအကြံလဲ. . . ပေါက်ကရအကြံတွေအတွက် ဂုဏ်ယူမနေစမ်းပါနဲ့. . .'

သူဂရုမစိုက်သလိုဟန်မျိုးနှင့် ခေါင်းညိတ်လိုက်ပြီး. . .

'မှည့်ထနေတာ. . .'

'လာပြန်ပြီ. . . ဘာမှည့်တာလဲ. . ဘာမှည့်ထနေတာလဲ. . . နင် လူမဟုတ်ဘူးလား. . . လူလိုနားမလည်ဘူးလား. လူဆိုရင် လူလူချင်းကိုယ်ချင်းစာတတ်ရတယ်. . . တစ်ဖက်သားဒုက္ခရောက်အောင်လုပ်တာ လူမဟုတ်ဘူး. . .'

သူ့မျက်နှာက ရုတ်ချည်းတင်းမာသွား၏။ ပြီးတော့ ကျွန်တော့်ကို မော့ကြည့်ပြီး. . .

'အေး. . . ငါကလူမဟုတ်ဘူး. . . ဒါကြောင့် လူလိုနားမလည်နိုင်ဘူး. . .'

သူ့စကားကြောင့် ကျွန်တော်ကြောင်ငေးသွားမိသည်။ ဘာတွေလဲဘာစကားတွေလဲ. . . စဉ်းစားလို့မဆုံးခင်မှာပင်သူမ တစ်ဖက်သို့လှည့်သွား၏။နောက် အဝေးကြီးကို ရီဝေဝေကြည့်ပြီး စကားကိုပြန်ဆက်လိုက်သည်။ သူ့အသံက တိုးညှင်းတုန်ယင်စွာ. . .'

'ငါက. . .'

. . . . . . .

'သွေးစုပ်ဖုတ်ကောင်. . . .'

'ဟင်. . .'

www.burmeseclassic.com



ကျွန်တော်အံ့အားသင့်နေတုန်းမှာပင် သူ ကျွန်တော့်ဘက် ဖျတ်ခနဲ ပြန်ကြည့်သည်။

'ဟင်. . .'

သူ့နှာခေါင်းထဲမှစီးကျနေသော သွေးစက်တချို့. . . သူ့မျက်လုံးတွေက အမျိုးအမည်ခွဲရခက်လောက်အောင်ရီဝေဝေ၊ သွေးစများကို သူ့လက်ဖြင့်သုတ်ဖယ်လိုက်သည်။ ပြီးတော့ ထိုသွေးစများ ကပ်ပါလာသောလက်ကို သူဖာသာသူ စိုက်ကြည့်သည်။

နောက်. . .

အပြုံးများ. . .

အပြုံးများ. . .

အဓိပ္ပာယ်ဖော်ရခက်သောအပြုံးများ. . .

× × ×

www.burmeseclassic.com

'အား. . .'

အော်သံနက်နက်. . .။

ငါ့နှုတ်ဖျားဆီမှလျှံကျ. . .။ သူ့နှုတ်ခမ်းမှာတော့ သွေးစတွေ. .

သူပြုံးလိုက်တယ်. . .

သူ့အစွယ်မှာ ငါ့ဘဝကပ်ပါ. . .။

'အား. . .'

ငါထပ်အော်လိုက်တယ်. . . ဒါပေမယ့် ဟေးခနဲမြည် သံသာထွက်ပေါ်လာသည်။ထိုအော်သံ. . ပျော်ရွှင်စွာခုန်ပေါက်၊ ဘဝဆိုတာ ပျက်မှုမှတ်မဲ့ကောင်. . .

× × ×

www.burmeseclassic.com

ထိုနေ့မှစ၍ ရွှေမိုးသည်းဆိုသည့် ထိုကောင်မလေးကို မချစ်ချင်တော့ပါ။ ကျွန်တော် သူ့ဆီလည်းမသွားတော့ပါ။ သူ့ လုပ်ရပ်များ ကိုလည်း ပြန်စဉ်းစားမိတိုင်း အမြင်ကပ်လာသည်။ သူ့ရုပ်သည် လည်း အစတုန်းက ချောသည်ဟုထင်ခဲ့သော်လည်း ယခု မချောတော့ပါ။သူ့ပုံမှာ ရုပ်ဆိုးဆိုးဂဠုန်နှင့်သာတူတူလာ၏။ သူ့အသံစူးစူးကလည်း နားဝင်မချိုတော့ပါ။ နဂါးငွေ့တန်းလို ပူလောင်လှ ၏။

ဆိုက္ကားပေါ်က သူ့ပုံမြင်တိုင်း နားရင်းအုပ်ချင်သည်။ ဘောလ်ပင်ယူသွားသောပုံကိုပင် ပိတ်ကန်ချင်သည်။ သူ့ဝတ္တုကို ဖတ်တုန်းကပုံကို နားရွက်ဆွဲလိမ်ချင်သည်။ လက်ဖက်ရည်တော် ကြီးဝင်ကျသွားချိန်ကို ထပ်ခေါက်ပစ်ချင်သည်။ ဖြစ်နိုင်လျှင် လမ်းကြိတ်စက်နှင့်ပင် တက်ကြိတ်ပစ်ချင်၏။ ဘီဂါးဟူသော နာမည်ပေးသည့်နေ့ကပုံကိုပါးဆွဲလိမ်၏။ သွားနုတ်ပစ်ချင် သည်။

ဤမျှလောက်ဆိုကျွန်တော်သူ့ကို မည်မျှအမြင်ကပ်နေ

www.burmeseclassic.com



ကြောင်း လူကြီးမင်းတို့နားလည်လောက်ပြီထင်ပါသည်။

ကျွန်တော်ထပ်ပြောလျှင်လည်း ဤမျှထက်ပို၍ဆိုးဖွယ်သာရှိသည်။သို့သော် ပြောစရာစကားတစ်ခွန်းတော့ကျန်ပါသည်

ထိုစကားမှာ

သို့သော်(သို့မဟုတ်)

‘ဒါပေမယ့်ပေါ့လေ. . .’

‘ဒါပေမယ့်ပေါ့. . .’

× × ×

www.burmeseclassic.com

ရွှေမိုးသည်း. . .

သတိရခွင့်ရှိသလောက်တော့ သတိရနေလေရဲ့. . . ခဏာတာအခိုက်အတန့်လေးမှာ အားလုံးပြီးစီးသွားခဲ့တာတောင် ငါ့သက်ပြင်းတွေ မြေပြင်ပေါ်ခုန်ချတမ်းတနေပြီကွယ်။ ငါ့ရဲ့အထီးကျန်မှုကိုဘယ်သူကသိမှာတဲ့လဲ. . .။ တွေးမိတဲ့ အခါတိုင်း ငါ့ရင်ထဲဝင်ရောက်လာတာ ဝေဒနာတွေပေါ့. . .။ ငါ့မြင်ကွင်းကိုတုန်လှုပ်စေတာ မင်းအရိပ်တွေပါ. . .။ ဒါကြောင့် ညင်သာတဲ့ ခြေလှမ်းနဲ့ တိတ်တဆိတ်စိုးမိုးတဲ့ မင်းရဲ့မျက်နှာ လေးကို ရှက်ရွံ့စွာပဲ သိမ်းဆည်းလိုက်ပါပြီ. . .။

သစ်ပင်စိမ်းအောက် အိပ်မက်မက်နေတဲ့ ငါ့ကို မင်းလှောင်ပြုံးပြုံးလိုက်ပါ. . .။တစ်ကြိမ်တစ်ခါမှ မကျေညာခဲ့ဖူး တဲ့ ငါ့အချစ် တွေအကြောင်းကို လှောင်ပြုံးပြုံးလိုက်ပါ. . .။ အားလုံး ဆိတ်ငြိမ်သွားတဲ့အခါမှာ ငါ မင်းကို တိတ်တဆိတ် နှုတ်ဆက်လိုက်ပါ ရစေ. . . ဝမ်းနည်းမှုကမ်းခြေတစ်ခုမှာ. . . ဒါတွေအားလုံး တစ်ကိုယ်ကောင်းဆန်သူရဲ့ အနားသတ်မျဉ်းပဲ ဖြစ်ပါရစေကွယ်. . .။

× × ×

www.burmeseclassic.com

ဘာလိုလိုနဲ့ရွှေမိုးသည်းနှင့် မဆုံဖြစ်သည်မှာ တစ်လပင်ပြည့်တော့မည်။ ကျောင်းမှာဖြတ်သွားဖြတ်လာမဆုံမိအောင်ပင် အတတ်နိုင်ဆုံးရှောင်နေမိ၏။

သို့သော် သတိရစိတ်တို့က တားဆီး၍မရနိုင်။ သူ့ကိုတွေ့ချင်လျှင်လည်းခေါ်ချင်ပြောချင်စိတ်များ ဘယ်ကဘယ်လိုပေါ်လာသည်မသိ။

ခေါ်လဲမခေါ်ရဲ. . . (အကြပ်ခံရမှာစိုးလို့)

ဒါပေမယ့်ပေ့ါလေ. . . ဒါပေမယ့်

အဲသည်လိုခပ်စိမ်းစိမ်းနေရတာကိုပဲ ဝေဒနာတွေတိုးနေရပြီ . . .

'ညီကျော်. . . ဖုန်းလာတယ်. . . ညီကျော်. . . '

အတွေးမဆုံးမီ အဆောင်အောက်ကအော်သံကြောင့်ခေါင်းထောင်သွားမိ၏။

'ဘယ်သူ. . . '

သေချာအောင်ထပ်မေးလိုက်သည်။

'ညီကျော်တဲ့ ညီကျော်. . . '

'အော် ဟုတ်ကဲ့. . . လာပြီ'

ဟုဆို၍လှဲနေရာမှ စိတ်ပျက်လက်ပျက်ထလိုက်

www.burmeseclassic.com



သည်။ ဟုတ်တယ်လေ. . . အတွေးကကောင်းနေတုန်း. .

'ဒါနဲ့ ဘယ်သူဆက်တာတဲ့လဲ. . .'

'ရွှေမိုးသည်း. . .'

'ဟင်. . .'

စိတ်ထဲ ထိတ်ခနဲဝမ်းသာသွားမိသည်။ နာမည်ကြား လိုက်ရုံနှင့် ခြေမကိုင်လက်မကိုင်မိဖြစ်နေမိသည်။ ပြီးတော့ ကတုန်ကရင် နှင့် ဟိုဟာယူရမလို ဒီဟာယူရမလိုဖြစ်သွားမိ၏။ နောက်. . . ဘာမှမယူတော့ဘဲ ဒီအတိုင်းပဲ လှေခါးအတိုင်း ဝုန်း ဝုန်းဒိုင်းဒိုင်းပြေးဆင်းမိ. . . ကြည်နူးစိတ်ကြောင့် ဖြစ်ပေါ်လာ သောရင်ခုန်သံတွေမထိန်းနိုင်. . .

တယ်လီဖုန်းနားရောက်တော့ ဖုန်းခွက်ကိုကမန်း ကတန်း ကောက်ကိုင်ပြီး ဝမ်းသာအားရပြောချလိုက်သည်။

'အခုပြောနေတာ ကျွန်တော်လားဟင်. . .'

ကျွန်တော့်စကားကို တစ်ဖက်မှကြားရသော အသံစွာစွာက. .

'ဟာ. . . သေတော့မှာပဲ. . . အခုစကားပြော နေတာ နင်မဟုတ်လို့ နင့်ဘကြီးလား. . .'

'ဟုတ်ကဲ့. . . အဲလေ. . . ဟို. . . ဟို. . .'

ဝမ်းသာလုံးဆို့ပြီး ဘာဆက်ပြောရမှန်းမသိတော့. . .

'ဟဲ့. . . ဘီဂါး. . .'

'သူ့အသံကြားကတည်းကကျွန်တော့်နှုတ်ဆွံ့အ နေပြီ. '

'ဟဲ့. . . ခေါ်နေတာမကြားဘူးလား'

သူ့ခပ်ငေါက်ငေါက်စကားကြောင့် ကျွန်တော်လန့်သွား ပြီး. .

'ကြား. . . ကြားပါတယ်ဟ. . . နင်ကလဲ ဖြည်းဖြည်း အော်ပါ. . .'

www.burmeseclassic.com



'ကြားရင်လဲပြန်ထူးပေါ့ နင်ဘာလို့ပြန်မထူးတာလဲ. . .'

'ဟာ. . . ငါခေါင်းငြိမ့်ပြနေတာပဲ. . .'

'ဟာ. . . ဒီငကြောင်ကတော့. . . နင်ခေါင်းငြိမ့်ပြ နေတော့ ငါ့က ဖုန်းထဲကဘယ်လိုလုပ်မြင်မှာလဲ. . .'

'အဲ. . . ဟို. . . ဟို. . .'

'ဟိုတွေ. . . ဘာတွေလုပ်မနေနဲ့. . . နင်အခုအားလား. . .'

. . . . . . .

'ဟဲ့. . . ပြောလေ. . .'

'ဟာ. . . ခေါင်းငြိမ့်ပြနေပါတယ်ဆို. . .'

'အာ. . . ဒီငကြောင်နဲ့ကတော့. . .'

. . . . . . .

'ဟဲ့. . . နင်အားရင် ငါ့အိမ်ကိုလာခဲ့ပါလား. . .'

'နင့်အိမ်. . . ဟင်. . . နင်ကအဆောင်မှာ မဟုတ်ဘူးလား. . .'

'မဟုတ်ဘူးဟ. . . အိမ်ပြန်ရောက်နေတယ်. . . အဲဒါအားရင် အိမ်လာခဲ့ဟာ. . .'

ကျွန်တော်ပျော်သွားမိသည်။

'အော်. . . အင်း. . . ဘာလုပ်ဖို့လဲ. . .'

သူခေတ္တအသံတိတ်သွား၏။ အတန်ကြာမှ. . .

'ငါ ဒီနေ့ဘယ်သူ့ကိုမှ မကြုံရသေးဘူးဟ. . . အဲဒါပျင်းနေလို့'

'ဟင်. . .'

ကြည့် ပြောပုံက. . . သူဒီနေ့ ဘယ်သူ့ကိုမှမကြုံ

www.burmeseclassic.com



ရသေးလို့ ပျင်းနေတာတဲ့ . . . အကြောကြီးနဲ့ . . . သို့ ပေမယ့် . . . သို့ပေမယ့်ပေါ့လေ . . .

'အင်း . . . အင်း လာခဲ့မယ်လေ . . .'

သူဝမ်းသာသွားပုံရ၏။ ရွှင်မြူးသောအသံနှင့် . . .

'အေး . . . ဒါဆိုနင်လာရမယ့်လမ်းက . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .'

'နင်ငါ့ကိုကြပ်တာမဟုတ်ဘူးနော် . . .'

'ဟာ . . . မကြပ်ပါဘူးဟ . . . ကြပ်တာက အိမ်ရောက်မှကြပ်မှာ . . . တကယ်ပြောတာ . . . မှတ်မိတယ်ဟုတ် . . .

လာရမယ့်လမ်းက . . . .

. . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . .'

× × ×

BURMESE CLASSIC .com

www.burmeseclassic.com

ခြေဆုံးခေါင်းဆုံး ကျော့ကော့နေအောင်ပြုပြင်ထားသော ကျွန်တော့်ကို ထွန်းနိုင်ကအားကျအံ့အားသင့်သော မျက်လုံးမျိုးနှင့်ကြည့်သည်။

'ဟ. . . ကောင်ရ. . . မွှေးလို့ကြိုင်လို့. . . ကိုကျော့ဖေဖြစ်နေပါရော့လား. . .'

'ရွှေမိုးတို့အိမ်သွားမလို့. . .'

ထွန်းနိုင်မျက်လုံးတွန့်ဝင်သွား၏။

'ရွှေမိုးတို့အိမ်. . .'

'အေး. . . လိုက်ခဲ့လေ. . .'

အဖော်ရလိုရငြား ထွန်းနိုင်ကိုဆွယ်ကြည့်သည်။ ဟုတ်တယ်လေအကြပ်ခံရတော့ နှစ်ယောက်ဆိုတော့ ခံသာတာ ပေါ့. . .။

ထွန်းနိုင်က မျက်မှောင်ကျုံ့၍ စဉ်းစားနေပုံရ၏။အတန်ကြာမှ

'သူတို့အိမ်က ဘယ်မှာလဲ. . .'

'ရန်ကင်းဘက်မှာ. . .'

'ဟာ. . . အတော်ပဲ. . . ငါလဲ အိမ်ကလူကြုံပို့လိုက်တဲ့ပိုက်ဆံ အဲဒီရန်ကင်းဘက်မှာသွားယူရမှာ'

သူ့စကားကြောင့် ကျွန်တော်အားတက်သွား၏။

'အေး. . . ဒါဆို တစ်ခါထဲလိုက်ခဲ့. . .'

× × ×

www.burmeseclassic.com

ကျယ်ပြန့်အေးချမ်းလှသော ခြံဝင်းကြီးကိုမြင် ကတည်းက ရွှေမိုးသည်းတို့အဆင့်အတန်းကို ခန့်မှန်း၍ရနိုင်၏။

အိမ်ရှေ့တွင်လည်း သစ်ပင်ပန်းပင်များနှင့်ဝေဝေ စီစီ. . ထိုပန်းပင်တွေကိုမြင်မှ သူ့ကိုကြိုက်တဲ့ သူတစ်ယောက်ပေါ် တိုင်းသစ်ပင်တစ်ပင်စိုက်ထားတာ ဥယျာဉ်တောင်ဖြစ်နေပြီ ဟူသော ရွှေမိုးသည်း ၏စကားကို ပြန်အမှတ်ရမိ၏။

‘ဟော့ကောင်. . . ဒီအိမ်ပဲမဟုတ်လား. . .’

‘အေး. . .’

‘ဒါဖြင့်ရင်ခေါ်လေကွာ. . .’

ထွန်းနိုင်သတိပေးလိုက်မှ ခြံဝကဘဲလ်ကိုလိုက်ရှာလိုက်သည်။

မတွေ့။ ဘာမှမတွေ့။

အသေအချာလိုက်ရှာကြည့်မှ ခြံထောင့်မှာစာတန်း တစ်ခုတွေ့လိုက်ရသည်။ ရေးထားတာက

www.burmeseclassic.com



'မှတ်ပါ. . .'တဲ့။

ချိတ်ထားသည်က ပွဲဈေးတွင်ရောင်းတတ်သော မှုတ်လိုက်လျှင် ဘောလုံးကြီးတင်းလာပြီး ပြန်လွှတ်လိုက်လျှင် 'ပွား. . .'ဟူ၍ အသံကျယ်ကြီးမြည်တတ်သော ရှာခင်တပ် ပွားပွားကြီးတစ်ခု. .

'ဟော့ကောင်. . . ဘာကြောင်ကြည့်နေတာလဲ၊ ခေါ်လေကွာ. . .'

ထွန်းနိုင်က စိတ်မရှည်သံနှင့်ပြော၏။ ကျွန်တော်သာ ထို 'ပွားပွား' ကြီးကို အံ့သြတကြီးကြည့်ပြီး. . .

'ဒီမှာကွ. . . မှုတ်ပါဆိုပြီး ဒါကြီးတပ်ထားတယ်. . .'

'ဟေ. . .'

ထွန်းနိုင်မျက်လုံးပြူးကျယ်သွား၏။နောက် ကျွန်တော့် လက်ထဲမှ ပွားပွားကြီးကို ဖျတ်ခနဲလှမ်းယူပြီး

'ဟာ. . . ဒါတော့မဖြစ်နိုင်ပါဘူးကွာ. . ကလေးမဟုတ် သူငယ်မဟုတ် မှုတ်နေရမှာလား. . .'

'ဒါဆိုဘယ်လိုလုပ်မလဲ. . .'

'ဒီအတိုင်းအော်ခေါ်ကွာ. . .'

'အေး. . . အဲဒါကောင်းတယ်. . .'

ထွန်းနိုင်၏အကြံကို ကျွန်တော်လက်ခံလိုက်သည်။ ဟုတ်တယ်လေ။ လက်မခံလို့မဖြစ်။ နို့မဟုတ်လျှင် ကလေးမဟုတ်သူငယ်မဟုတ် ဟိုဟာကြီးမှုတ်နေရမည်မဟုတ်ပါလား။ ထို့ကြောင့် ခြံတွင်းဘက်လှည့်၍ အသံကိုမြှင့်လိုက်သည်။

'အိမ်ရှင်တို့. . . အိမ်ရှင်တို့. . . ရွှေမိုးသည်း ရေ. . .'

ဘာသံမှမကြားရ။ ကျွန်တော်စိတ်မရှည်ချင်တော့။ ခေါ်သံမကြားအော်သံမကြားဘယ်သွားနေကြပါလိမ့်။

www.burmeseclassic.com



'ဟော့ကောင်. . . ဘယ်လိုလုပ်မှာလဲ. . .'

'ဘယ်သိမှာလဲကွ. . .။ ငါလည်းမစဉ်းစားတတ်တော့ဘူး. .

. . . . . . . . . . . . . . .

ဒါကြီးနဲ့. . .'

ထွန်းနိုင်ဆိုသည့်ကောင်က အဲဒီလိုအားကိုးလို့ မရတာ. . .။ လက်ထဲမှာလဲ ပွားပွားကြီးကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသေး၏။

'အေး. . . အဲဒါကြီးမှုတ်ကြည့်ရအောင်ကွာ. . .'

ထွန်းနိုင်၏မျက်လုံးများ အပြင်ထွက်လာ၏။

'ဒါကြီး. . .'

'အေးလေကွာ. . .'

'မင်းမှုတ်. . .'

'ဟာကွာ. . . မင်းမှုတ်. . .'

'မှုတ်ဘူးကွာ. . . မင်းဖာသာမင်းမှုတ်. . . ငါက အေးရာအေးကြောင်း. . .'

'မင်းကလဲကွာ. . . ဘာမှကိုအားကိုးလို့မရဘူး. . .'

'ကိုးနဲ့ပေါ့. . . မှုတ်ဘူး. . .'

ထွန်းနိုင်အမူပိုစွာ တစ်ဖက်လှည့်သွား၏။

ကျွန်တော်အတော်စိတ်ပျက်သွား၏။ ထွန်းနိုင်ဆိုတဲ့ကောင်က ဘူးဆို ပုလင်းတောင် မထောင်တဲ့ကောင်ဆိုတော့ ဘယ်လိုမှ ဆက်စည်းရုံးလို့ရလိမ့်မည်မဟုတ်။ ထို့ကြောင့် ကိုယ့်ဖာသာကိုယ်သာ အားတင်း၍. . .

'ကဲ. . . ပေးကွာ. . . ငါ့ဖာသာငါမှုတ်မယ်. . .'

ဟုဆို၍ သူ့လက်ထဲမှ ပွားပွားကြီးဆွဲယူလိုက်ပြီး

www.burmeseclassic.com



စတင် မှုတ်လိုက်လေတော့၏။ မှုတ်သာမှုတ်နေရသော်လည်း ဘေးဘီ ကိုတစေ့တစောင်းကြည့်ရသေးသည်။ ဘယ်သူများ တွေ့သွား မလဲလို့ . . ။

ဘောလုံးကြီးအတော်တင်း၊ ကျွန်တော့်မျက်နှာကြီး အတော်နီတော့မှ ပါးစပ်မှ ထိုပွားကြီးကိုလွှတ်ပြီး

'အိမ်ရှင်တို့ . . '

'ပွား . . '

'အိမ်ရှင်တို့ . . အိမ်ရှင်တို့ . . '

'ပွား . . '

'ရွှေမိုးသည်းရေ . . ရွှေမိုးသည်း . . '

'ပွား . . ပွား . . . '

အိမ်ထဲမှာ ဘာမှမထူးခြား။ ပွား . . အဲလေ . .

'ဟာ . . ဟော့ကောင် အနောက်မှာကောင်မလေး တွေ'

'ပွား . . '

ထွန်းနိုင်အသံကြား၍လှည့်ကြည့်လိုက်ရာ ကျွန်တော့် ကိုကြည့်ပြီး ရယ်နေသောကောင်မလေးနှစ်ယောက် . ။

'ပွား . . '

ကျွန်တော်လဲ ရှက်ရှက်နှင့်ပွားပွားကြီး၏ လျှာခင်ကို ပိတ်လိုက်မိသည်။

'ဂစ် . . '

ကောင်မလေးတွေရယ်ရင်း ကျော်တက်သွား၏။ ကျွန် တော် လျှာခင်ကိုပြန်ဖွင့်လိုက်သည်။

'ပွား . . . '

'ဟော့ကောင် . . . ငါရှက်လာပြီနော် . . '

www.burmeseclassic.com



ထွန်းနိုင်ခေါင်းကိုလက်နှင့်အုပ်ရင်းပြောသည်။

'ပွား. . . .'

ကျွန်တော် သံကုန်ဟစ်သည်။

'အိမ်ရှင်တို့. . . ရွှေမိုးသည်းတို့. . .'

'ပွား. . . ဟား ဟား. . . ဂစ်'

ဘောလုံးသာလေကုန်သွား၏။ အတွင်းမှာ ဘာမှမထူးခြား။ ကျွန်တော်နောက်တစ်ကြိမ် ဘောလုံးထပ်မှုတ် ရန်ပြင်သည်။

'ဟေ့ကောင်ရာ. . . မင်းတော့မသိပါဘူး. . . ငါတော့ ရှက်လှပြီ. . . တော်ပါတော့ကွာ. . .'

သူ့စကားကြောင့် ကျွန်တော်အနည်းငယ်တင်းသွား၏။ ထို့ကြောင့်

'ဟာ. . . မင်းကလဲ ဘာရှက်စရာရှိလို့လဲ. . . သူက တောင်မှုတ်ပါ လို့ရေးထားတဲ့ဟာကို. . . ဒီမှာ'

ဟုဆို၍ မှုတ်ပါစာတမ်းကို နှိပ်လိုက်မိရာ. .

'တင်းတောင်. . .'

'ဟင်. . .'

'ဟယ်. . .'

ဘဲလ်မြည်သံ. . .။ ကျွန်တော်တို့နှစ်ယောက်စလုံး ကြောင်သွား၏။ မှုတ်ပါစာတမ်းကိုဖြုတ်ကြည့်လိုက်မှ. . .

'ဟင်. . .'

'ဟယ်. . .'

'ဘဲလ်. . .'

'ဘဲလ်. . .'

မှုတ်ပါဆိုသည့်စာတမ်းနှင့် အုပ်ပြီးကွယ်ထားသော

www.burmeseclassic.com



လူခေါ်ဘဲလ်၊. . ကျွန်တော်တို့ ကြည့်နေတုန်းမှာပင်. . ခြံထောင့်မှ ခုန်ထွက်လာသော အရိပ်တစ်ခု. . .

'ဟဲ့. . . ပလုပ်တုတ်. . .'

'ဟဲ့. . . ယောက်ျား. . . သောက်ကုလား'

နှစ်ယောက်လုံးလန့်ပြီးယောင်အော်မိ၏။ ကြည့်လိုက်တော့

ရွှေမိုးသည်း. . .။

သူက ဘာမှမသိသလိုဟန်မျိုးနှင့်

'ဟယ်. . . ငါက နင်တို့လာမှလာပါ့မလားလို့. . . ငါက စိုးရိမ်ပြီး ခြံဝကြိုစောင့်နေတာ. . .'

သူ့ကိုပြိတ္တာကြီးမြင်ရတော့ ကျွန်တော်တို့လဲတင်းသွားပြီး. . .

'နင်ကလဲ. . . ဒီနားရှိရဲ့သားနဲ့ ငါတို့ဒါကြီးမှတ်နေတာ နင်မကြားဘူးလား. . .'

သူ့မျက်လုံး ကလယ်ကလယ်လုပ်ပြီး မသိချင်ယောင်ဆောင်၍. .

'ဟော့အေး. . မကြားမိဘူး. . . ငါ ဒီနားအိပ်ပျော်နေတာ အဟဲ. .'

ကိုင်း စဉ်းစားသာကြည့်. . . ဒီလောက်အော်ကြီးဟစ်ကျယ် အသံကြီးကျတော့မကြားဘဲ ဟိုးအိမ်ထဲကဘဲလ်သံကျတော့ကြားသတဲ့. . .။ ဒါ. . . သူတမင်သက်သက်လုပ်တာ။ မပြောဖြစ်တော့ပါဘူး. . .။ ဒါမျိုးသူလုပ်တတ်တာသိသိကြီးနဲ့ ခံရတာကိုး။တော်သေးတာပေါ့။ သူထွက်လာတာပဲကျေးဇူးတင်ရမည်။သူမထွက်လာလျှင် ကျွန်တော်ထွက်လိမ့်မယ်။ လိပ်ခေါင်း။ ပွားပွား ကြီးမှတ်ရလွန်းလို့။ အခုတောင်မျက်နှာက တိုက်ကြက်ဖ

www.burmeseclassic.com



ကြီးအတက်နဲ့ အထိုးခံထားရသလို မျက်နှာကြီးနီနေပြီး . .

‘ကဲ. . . လာ. . . လာ. . . အိမ်ထဲဝင်ကြ. . .’

ကျွန်တော်တို့ဘာမှဆက်မပြောဖြစ်တော့ သူ့နောက်က သာကုပ်ချောင်းချောင်းနှင့် အိမ်ထဲလိုက်ဝင်လိုက်မိသည်။

ထွန်းနိုင်ကတော့ သိပ်မကျေနပ်၍လားမသိ။ သူ့မျက်နှာ ကြီးက ခါဂျာမုန့်လို အထပ်လိုက်ကြီးစူပွနေ၏။

ပြီးတော့ ဖြီးခနဲတစ်ချက်ရယ်ပြီး ကျွန်တော့်နား ကပ်၍. .

‘အတော်နောက်တဲ့ကောင်မလေး. . .’

ဟုလေသံနှင့်ပြော၏။ ကျွန်တော်လဲ ဘာရယ်မဟုတ် သူနှင့်အတူ လိုက်ရယ်မိ၏။

ရွှေမိုးက ကျွန်တော်တို့ကိုလှည့်ကြည့်ပြီး သူ့ဖာသာသူ သဘောကျ စွာလိုက်ရယ်သည်။

သူ့ပုံစံက ရှပ်အင်္ကျီကြီးကပိုကရိုနှင့် တစ်မျိုးတော့လှ ၏။

‘လာ. . . လာ. . . အိမ်ထဲကိုဝင်. . .’

သူကဦးဆောင်၍ အိမ်ထဲလှမ်းဝင်လိုက်သည်။

အိမ်ထဲရောက်သည်နှင့် သူကပင်အသံကျယ်ကျယ်နှင့်

‘ဟေ့. . . ငွေမိုး ဒီမှာဧည့်သည်ရောက်နေတယ်’ ဟု အော်ပြီးအိမ်အပေါ်ထပ်ပြေးတက်သွား၏။ သိပ်မကြာလိုက်ပါ သူမနှင့်မတိမ်း မယိမ်း ခပ်ချောချောကောင်မလေးတစ်ယောက် ကြောင်စီစီနှင့် ထွက်လာသည်။ ပြီးတော့ ကျွန်တော်တို့ကို ဇဝေဇဝါနှင့်ကြည့်ပြီး

‘ဘာကိစ္စလဲဟင်. . .’

သူ့အမေးကြောင့် ကျွန်တော်ရောထွန်းနိုင်ပါ ကြောင်

www.burmeseclassic.com



သွားမိ၏။ နောက် ကျွန်တော်တို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး

'ဟို. . . ဟိုလေ. . . လာလည်တာ. . .'

'ဘာ. . . လာလည်တယ် ဟုတ်လား. . . ရှင်တို့နဲ့ ခင်လို့လား'

'ဟုတ်ကဲ့. . . တစ်တန်းထဲသားတွေဆိုတော့ တော်တော်လေးခင်ကြပါတယ်. . .'

'ဘာရှင့်. . . ရှင်တို့ကို ကျွန်မအတန်းထဲမှာတစ်ခါမှ မတွေ့ဖူးဘူး'

အောင်မာ သူကပဲ လာလာချည်သေး. . .

'ဟော့. . . မင်းကိုလည်းတို့ကအတန်းထဲမှာ တစ်ခါမှ မတွေ့ဖူးပေါင်'

ထွန်းနိုင်က အူကြောင်ကြောင်နှင့်ပြန်ပြောသည်။

'အဲဒါ ဘာလို့ခင်ပြီး ဘာလို့လာလည်ရတာလဲ. . .'

ကောင်မလေးကလည်းမလျှော့၊ မျက်နှာချင်းဆိုင်ဒဲ့(တည့်)ကြည့်ပြီး ပြန်အော်သည်။

'မင်းကိုလည်း မခင်ရပေါင်ပါဗျာ. . .'

'ရွှေမိုးသည်းနဲ့ တစ်ခန်းထဲသားတွေမို့ ရွှေမိုးသည်းကို ခင်လို့လာလည်တာ. . .'

'အဲသလိုလည်းမှတ်လိုက်စမ်းပါ. . .'

ဟုဆိုလိုက်မှ၊ ငတိမ မျက်နှာချက်ချင်းတည်သွားပြီး. . .

'ရွှေမိုး. . .'

ဟု အနောက်ဘက်လှည့်ပြီး ကုန်းအော်လိုက်သည်။

'ဒီမှာ စာအုပ်ဖတ်နေတယ်. . .'

www.burmeseclassic.com



ပြန်ကြားရသည့်အသံကြောင့် သူ အူကြောင်ကြောင် ဖြစ်သွားပုံရ၏။ နောက်မှသတိပြန်ရပြီး. . .

‘ဒီမှာ. . . နင့်ဧည့်သည်တွေမဟုတ်လား. . .’

သူ့အော်သံကြောင့် ရွှေမိုးအိမ်ပေါ်မှ တဒုန်းဒုန်းနှင့်ပြန် ပြေးဆင်းလာ၏။ ပြီးတော့ ကျွန်တော်တို့ကို ရယ်ကျဲကျဲကြည့် ပြီး. . .

‘အော်. . . ဟုတ်သား. . . ငါက နင့်ဆီလာတာ အောက်မေ့လို့. . အဟဲ. . .’

‘ရွှေမိုးနော်. . . ရွှေမိုး. . .’

ဟုဆိုပြီး ဟိုကောင်မလေး အခန်းထဲပြန်ဝင်ရန်ပြင် သည်။ ဒါကိုရွှေမိုးက ခုံတစ်ခုံမှာ ခပ်တည်တည်နှင့်ဝင်ထိုင် ပြီး. . .

‘အဲဒါ ငါ့ညီမလေး. . . နာမည်က ငွေမိုးတဲ့. . . ရေ တော့မချိုးဘူး ဟား ဟား. . .’

သူ့စကားကြောင့် ကောင်မလေး မျက်နှာနီကြီး ပြန် လှည့်လိုက်ပြီး.

‘ဘာရေမချိုးတာလဲ. . . ရေမချိုးတာနင်. . .’

‘အေးပါ. . . နင်က ရေချိုးချင်ယောင်ဆောင်ပြီး ရေချိုး ခန်းထဲငုတ်တုတ်ဝင်ထိုင်ပြီး ရေတွေသွန်သွန်ချနေတာ . . .’

သူ့စကားကြောင့် ကောင်မလေးအသည်းခိုက်သွား ပုံရ၏။

‘အဲဒါ နင်လုပ်တဲ့အကျင့်. . . နင်ပဲ ဟိုတစ်နေ့က ရေ ချိုးတာ ပကာသနတွေလို့ပြောခဲ့တာ မှတ်မိသေးရဲ့လား. . .’

‘တော်ပါတော့ဟာ. . . နင်နဲ့ကစကားပြောလို့ မကောင်းဘူး. . . သွားတော့ သွား သွား. . .’

www.burmeseclassic.com



ကောင်မလေး ဗျစ်တောက်ဗျစ်တောက်လုပ်ရင်း အခန်းထဲပြန်ဝင်သွား၏။ ထိုတော့မှ ရွှေမိုး. . . ကျွန်တော်တို့ ဘက်ပြန်လှည့်လိုက်ပြီး. . .

'အော်. . . နင်တို့ကို ငါတို့အဖေနဲ့မိတ်ဆက်ပေးရဦးမယ်. . . ငါတို့အဖေကသူ့လိုမဟုတ်ဘူး. . မျက်နှာချိုတယ်ဟ နင်တို့မြင်ရင် ချစ်သွားမယ်. . .'ဟုဆိုပြီး အခန်းတစ်ခုထဲလှမ်းဝင်သွားသည်။ ဒါကို ငွေမိုးသည်းက အခန်းထဲမှလှမ်းအော်၏။

'ဟဲ့. . . ရွှေမိုး. . . နင် အဖေ့ကိုဘာမှမလုပ်နဲ့နော်. . .'

ရွှေမိုးသည်းက လှည့်ပင်မကြည့်တော့. . .

သိပ်မကြာလိုက်ပါ. . . တဒုန်းဒုန်းခြေသံများနှင့် အတူ ရွှေမိုးသည်း လူကြီးတစ်ယောက်ကိုဆွဲခေါ်၍ ပြန်ထွက် လာ၏။

'ဟင်. . .'

'ဟင်. . .'

လူကြီးကိုမြင်တော့ ကျွန်တော်တို့နှစ်ယောက်လုံးထံမှ အာမေဋိတ် သံများထွက်ပေါ်သွားရ၏။ နောက် ရယ်ချင်စိတ်များ အလိပ်လိုက် တက်လာရ၏။ လူကြီးကတော့ အိပ်ချင်မူးတူးနှင့် ဘာမှသိပုံမပေါ် ဝတ်ထားပုံက စွပ်ကျယ်အဖြူဘောင်းဘီတိုအဖြူနှင့်၊နှုတ်ခမ်းမှာတော့ နှုတ်ခမ်းနီတွေရဲနေအောင် ဆိုးထား၏။ ရွှေမိုးသည်းက ခပ်တည်တည်ပင် ကျွန်တော်တို့ဘက်လှည့်၍. . .

'အဖေ. . . ဒါ သမီးသူငယ်ချင်းတွေ. . .'

'အော်. . . အင်း. . .'

လူကြီး ကြောင်တောင်တောင်နှင့် ကျွန်တော်တို့ကို ခေါင်းငြိမ့်ပြ၏။

www.burmeseclassic.com



'ခွိ. . .'

'အဟိ. . .'

သူ့ပုံကိုကြည့်ပြီး ကျွန်တော်တို့ရယ်ချင်စိတ်များ ထိန်းမရတော့. . . ကျွန်တော်တို့ရယ်တာကိုကြည့်ပြီးလူကြီးက သူ့ကိုရယ်ပြသည်အောက်မေ့၍လားမသိ။ သူပါ ယောင်တောင် တောင်နှင့် လိုက်ရယ်သည်။

'အဟဲ. . .'

ပြဲတက်သွားသော နှုတ်ခမ်းနီကိုကြည့်ပြီး ကျွန်တော်ပို ရယ်ချင်သွား၏။ ကျွန်တော်တို့ရယ်သံကြားတော့ ငွေမိုးမသက်ာ ၍ထင့်အခန်းထဲကပြန်ထွက်လာ၏။ ပြီးတော့ သူ့အဖေကိုကြည့် ပြီး မျက်လုံးပြူးမျက်ဆံပြူးနှင့်

'ဟင်. . . အဖေ. . . နှုတ်ခမ်းနီ. . . နှုတ်ခမ်းနီတွေ. .'

ငွေမိုး၏အော်သံကြောင့် လူကြီးကြောင်တောင်တောင် နှင့်သူ့နှုတ်ခမ်းသူပြန်စမ်းကြည့်သည်။

'ဟင်. . .'

သူ့လက်ထဲပေပါလာသော နှုတ်ခမ်းနီတွေမြင်တော့ လူကြီးအံ့အားသင့်သွားရ၏။ နောက်မှ-

'ဟာ. . . ဒီကောင်မလေးတော့. . .'

ဟုဆိုပြီး တဒုန်းဒုန်းခြေသံနှင့်အတူ အခန်းထဲပြန်ဝင် သွားတော့၏။

ဒါကို ရွှေမိုးသည်းကခပ်တည်တည်ပင် ပြုံးဖြီးဖြီးလုပ်ပြီး

'တွေ့တယ်မဟုတ်လား. . . ငါတို့အဖေက မျက်နှာ ချိုတယ်ဟုတ်'

ဒါကို ငွေမိုးသည်းက

'ဘာ မျက်နှာချိုတာလဲ. . . နင်နော်. . . အဖေ့ကို

www.burmeseclassic.com



ကလေးများမှတ်နေလား. . . ငါမပြောလိုက်ချင်ဘူး. . .’

ဟု ဝင်အော်သည်။ ဒါကို ရွှေမိုးသည်းက စိတ်ရှုပ်သလို ဟန်မျိုးနှင့်. . .

‘တော်ပါဟာ. . . ပုကျိ ပုကျိနဲ့ ဘာတွေလာပြောနေမှန်းကိုမသိဘူး. . .’

‘ဘာပုကျိပုကျိလဲ. . . နင်ဘာမှမလုပ်ရင် ငါဘာမှပြောနေစရာမလိုဘူး. . .’

ရွှေမိုးသည်းက ဂရုမစိုက်သလိုဟန်မျိုးနှင့် ကျွန်တော့်ဘက်လှည့်ပြီး. . .

‘တွေ့လား. . . စွာတေးလေး. . . ဒါကြောင့် တရုတ်စကားပင်နဲ့ရည်းစားဖြစ်မှာ. . .’

သူ့စကားကြောင့် ကျွန်တော်ကြောင်သွား၏။

‘ဘာလဲဟ. . . တရုတ်စကားပင်နဲ့ ရည်းစားဖြစ်တယ်ဆိုတာ. . .’

‘စကားများတဲ့တရုတ်လေ. . . သူ့ကိုကြိုက်နေတဲ့ကောင်က စကားများတဲ့တရုတ်. . . အဲဒါကြောင့်ငါက တရုတ်စကားပင်ဆိုပြီးနာမည်ပေးထားတာ. . .’

‘ရွှေမိုးနော်. . . နင်လွန်လာပြီ. . .’

ငွေမိုးဒေါသထွက်လာသည်ထင့် အသံကျယ်ကျယ်နှင့် ကြုံးအော်သည်။ ရွှေမိုးကတော့ ခပ်တည်တည်ပင်. . .

‘လွန်တော့ဘာလုပ်ချင်လဲ. . .’

‘ငါ သည်းမခံနိုင်တော့ဘူးနော်. . .’

ငွေမိုးစကားကို ရွှေမိုးက ဆတ်ခနဲထပြီး. . .

‘လာလေ. . . သည်းမခံနိုင်ရင် တစ်ပွဲချင်းလုံးလိုက်ရအောင်. . .’

www.burmeseclassic.com



ရွှေမိုးစကားကြောင့် ငွေမိုးအသံတိတ်သွားသည်။ပြီးတော့ ရွှေမိုးကို ပေစောင်းပေစောင်းကြည့်ပြီး ဘာမှဆက်မပြောတော့ဘဲ အခန်းထဲပြန်ဝင်သွား၏။

ဒါကို ရွှေမိုးက မဲ့ပြုံးပြုံးလိုက်ပြီး. . .

'တွေ့လား. . . ငါ့ကိုဆို အားလုံးကြောက်တယ်. . .။ ဒီအိမ်မှာတော့ငါဗိုလ်ပဲ. . .'ဟုဆို၍ ပြန်ထိုင်လိုက်သည် ထွန်းနိုင်က သူတို့အိမ်ကိုဝေ့ကြည့်ပြီး တယောတစ်လက်ချိတ်ထားတာတွေ့ တော့ အံ့အားသင့်သွား၏။

'ဟာ. . . တယောနဲ့ဘာနဲ့. . . အဲဒီတယောက ဘယ် သူထိုးတာလဲ. . .'

ထွန်းနိုင်အမေးကို ရွှေမိုးက ရင်ကော့ပြီး

'ငါထိုးတာလေ. . . ငါထိုးတာ. . .'

ဒါကို ငွေမိုးက အထဲမှနေ၍. . .

'ဘာမှ သူမထိုးဘူး၊ ဘာမှလဲမထိုးတတ်ဘူး. . .'

'အော်. . . အလှချိတ်ထားတာလား. . .'

ထွန်းနိုင်က အထွန့်တက်၏။ ဒါကို ငွေမိုးသည်းက အခန်းထဲမှနေ၍. . .

'အလှချိတ်ထားတာမဟုတ်ဘူး. . . အဲဒီတယော ကြီး ကိုအရိုးစု ခေါင်းပုံကြီးရေးပြီး ညကျရင်စောင်ခြုံပြီး အိမ်ဖော်တွေ ကို သူ. . . ဂလူးဂလူး၊ ဂရားဂရားနဲ့ လိုက်ခြောက်တာ. . .။ အိမ်ဖော်တွေလဲသူ့ကိုကြောက်လို့ပြေးကြပြီ. . .။ တစ်ယောက်မှ မရှိတော့ဘူး. .။ မယုံရင် တယောအနောက်ကိုလှန်ကြည့် အရိုး စုပုံတွေ့ရမယ်. .'

ထွန်းနိုင်ထ၍ တယောကိုဖြုတ်ကြည့်သည်။

'အဲ. . .'

www.burmeseclassic.com



မှန်၏။ တယောကိုဇောက်ထိုးထားပြီး၊ အရိုးစုပုံ ရေးထားတာမှ ကွက်တိပင်. . .။ တယောကိုဇောက်ထိုးကြည့်လျှင် လူအရိုးစုခေါင်းနှင့်တူရသည့်အထဲ ပုံပါထပ်ရေးထားသေးသည် ဆိုတော့ညဘက်ကြည့်လျှင် မည်သူမဆို သွေးပျက်မည်မှာ မလွဲ. . .

'အော်. . . ပေါက်ကရအကြံကထွက်ပ့ါ. . .။'

'တော်ပြီဟာ. . . ဒီအဖျက်သမားနဲ့က ငါတို့ကိုစကား အကောင်းပြောရတော့မှာမဟုတ်ဘူး. . .။ ငါ့အကြံတွေပျက် ကုန်လိမ့်မယ်လာ. . လက်ဖက်ရည်ဆိုင်ပဲ သွားထိုင်ရအောင်. . ' ရွှေမိုးပြောလဲပြော၊ မတ်တပ်လဲထရပ်လိုက်သည်။ နောက် အတွင်းဘက်သို့ အသံကျယ်ကျယ်နှင့်

'ဟေ့. . . ရေမချိုးတဲ့ငွေမိုး တံခါးလာပိတ်ထားစမ်း၊ ငါ အပြင်သွားမလို့. . .'

အထဲမှ ငွေမိုးကလဲ အားကျမခံ. .

'အေး. . . သွား သွား လေမတိုးတဲ့ ရွှေမိုးရေ. . .'

ဟုအော်ပြီး တစ်ဆက်တည်းမှာပင်. . .

'ဟိုအကိုတွေလဲ သူနဲ့သွားရင် သတိထားကြနော်. . . သူပြောတဲ့အတိုင်းဘာမှလိုက်မလုပ်နဲ့. . . သူက ကြေပ်. . .'

ဆိုပြီး သတိပေးလိုက်သေးသည်။

× × ×

www.burmeseclassic.com

'အစ်မကြီး ရွှေမိုးတို့လာတယ်ဟေ့. . .'

ဆိုင်ထဲမဝင်ခင် စားပွဲထိုးသေးသေးလေးက ထအော်သည်။

'အစ်မကြီး ထုံးစံအတိုင်းပဲလား. . .'

'အေး. . . လုပ်လိုက်. . .'

'ဟေ့. . . ကျဆိမ့်တစ်ခွက်. . .'

သူတို့၏အခေါ်အပြောကိုကြည့်ကတည်းက ရွှေမိုးနှင့်ဤဆိုင် မည်မျှရင်းနှီးနေကြောင်း သိသာလှ၏။

'နင်တို့က ဘာသောက်မှာလဲ. . .'

'အော်. . . အင်း. . . ကျဆိမ့်ပဲ. . . မင်းက. . .'

'ကျဆိမ့်ပဲ. . .'

အားလုံးအကြိုက်ချင်းတူနေကြ၏။

'ဒါနဲ့ရွှေမိုး. . . နင်. . . ဒီနားက အိမ်နံပါတ်(၇)A သိလား'

ထွန်းနိုင်၏အမေးကို ရွှေမိုးသည်းမျက်မှောင်ကျုံ့စဉ်း

www.burmeseclassic.com



စားလိုက်သည်။ အတန်ကြာမှ. . .

'သိတယ်လေ. . . ဦးဝင်းမောင်တို့အိမ်. . .'

သူ့စကားကြောင့် ထွန်းနိုင်အားတက်သွား၏။

'ဟုတ်တယ်. . . ဟုတ်တယ်. . . ဦးဝင်းမောင်ဆိုလားပဲ. . .'

ထွန်းနိုင်၏စကားကို ရွှေမိုးက မျက်လုံးကိုဝင့်၍. . .

'ဟုတ်ပါတယ် (၇)A ဆိုတာ ဦးဝင်းမောင်တို့အိမ်၊ သူ့သား သက်မောင်က ဂစ်တာတီးတယ်လေ. . .'

ထွန်းနိုင်က ပို၍အားတက်သွား၏။

'ဟုတ်တယ် ဟုတ်တယ်. . . သူ့သားသက်မောင် ဘယ် **Restaurant** မှာဆိုလဲမသိဘူး ဂစ်တာတီးတယ်. . .'

'**Hot Shop** မှာပါ. . . အရမ်းစိတ်ကောင်းတဲ့ လူတွေ. . .'

ထွန်းနိုင်ရဲ့စကားကို ရွှေမိုးက ဝင်ထောက်ပေးသည်။

'ဒါနဲ့ နေပါဦး. . . နင်တို့က ဘာလုပ်မလို့မေးတာလဲ. . .'

'ဟိုလေ. . . ကျွန်တော့်ကို အိမ်ကလူကြုံနဲ့ငွေပို့လိုက်တာ. . . အဲဒါသူတို့အိမ်သွားယူရမယ်. . .'

'အော်. . . ဒီလိုလား. . .'

ရွှေမိုးလက်ဖက်ရည်ကို အရသာခံ၍သောက်နေသည်။

'အဲဒီဦးဝင်းမောင်တို့အိမ်ကိုဘယ်လိုသွားရမှာလဲဟင်. .'

ရွှေမိုးက လက်ဖက်ရည်ခွက်ကို ပြန်ချလိုက်ပြီး. . .

'နီးနီးလေးပါ၊ဒီလမ်းအတိုင်းတည့်တည့်သွား. . . အဲဒီလမ်းဆုံးရင် ဘယ်ဘက်ကိုကွေ့လိုက်. . . ဓာတ်ဆီဆိုင်တစ်ဆိုင်တွေ့လိမ့်မယ်. . . အဲဒီဓာတ်ဆီဆိုင်ရောက်ရင် မျက်စောင်းလေးထိုး

www.burmeseclassic.com



လိုက်. . . အဲဒီ မျက်စောင်းထိုးမှာတွေ့ရတဲ့အိမ်က ဦးဝင်းမောင် တို့အိမ်ပဲ. . .'

'ကျေး. . . ကျေးဇူးတင်လိုက်တာဗျာ. . .'

ထွန်းနိုင်က ရွှေမိုးသည်းကို အသံတုန်သည်အထိ ကျေးဇူး တင်၏။ သူလဲ ငွေပြတ်နေတာကြာပြီကိုး. . .။ ကျွန် တော်ကသာ သူ့စကားကိုမယုံရဲသေးဘဲ. . .

'ဟုတ်ရဲ့လား ရွှေမိုးရ. . . နင် ငါတို့ကိုကြပ်လွတ် လိုက်တာတော့ မဟုတ်ပါဘူးနော်. . .'

ရွှေမိုးသည်းက မျက်နှာအနည်းငယ်တင်းမာသွား၏။

'မယုံရင်လဲမသွားနဲ့လေ. . . ငါက အကောင်းနဲ့လမ်း ညွှန် ပေးတာ စေတနာကိုမစော်ကားပါနဲ့. . .'

သူ့စကားကို ထွန်းနိုင်က ပြာပြာသလဲနှင့်

'ဟုတ်သား ညီကျော်ရာ၊ ရွှေမိုးကစေတနာနဲ့ ညွှန်ပြ ပေးတဲ့ဥစ္စာကို'

ဒါကို ရွှေမိုးကတစ်ဖက်သို့ လှည့်သွားပြီး. . .

'ငါက ငါ့ကိုကြိုက်နေတဲ့လူတွေသာကြပ်တာ. . . သူ ငယ်ချင်းတွေကိုတော့မကြပ်ဘူး. . .'

ကျွန်တော့်မျက်နှာကြီး ဘယ်နားသွားထားရမှန်းမသိ တော့. . .

'ကဲ. . . ဒါဆိုလဲ. . . ငါတို့သွားဦးမယ်. . တော်ကြာ နောက်ကျသွားလို့ မတွေ့ဖြစ်ဘဲဖြစ်နေဦးမယ်. . .'

ဟုဆိုပြီး ထွန်းနိုင်ရုတ်တရက်ထရပ်လိုက်တော့ ကျွန် တော်လဲမနေသာတော့။ အတော်အလိုက်မသိတဲ့ ကောင်ဟုသာ စိတ်ထဲ ကျိတ်ကျိန်ဆဲရင်း သူနှင့်အတူထရပ်လိုက်ရ၏။

'ကဲ ရွှေမိုး ငါတို့သွားလိုက်ဦးမယ်. . .'

www.burmeseclassic.com



'အေးအေး. . . သွားသွား. . . တော်ကြာသိပ် နောက်ကျနေလိမ့်ဦးမယ်. . .'

ဟုဆို၍ တစ်ဆက်တည်း အကြွေးမရောင်းပါဆိုင်းဘုတ်နောက်တွင်ထိုင်နေသော ဆိုင်ရှင်ကို အသံကျယ်ကျယ်ဖြင့်. . .

'ဟေ့. . . ဒါတွေ ရွှေမိုးနာမည်နဲ့မှတ်လိုက်. . .'

ဟုအော်ပြောလိုက်။ အကြွေးမရောင်းပါဟူသော ဆိုင်းဘုတ်ကြီးပါ ခေါင်းငြိမ့်ပြသည်ဟု ထင်ရလောက်၏။

နောက် ဆိုင်ထဲမှထ. . .

× × ×

www.burmeseclassic.com

'ဟင်. . .'

'ဟယ်. . .'

ကျွန်တော်တို့နှစ်ယောက်ထံမှ အာမေဋိတ်သံ ကိုယ်စီထွက်သွားရ၏။ ပြီးတော့မသက်ာဖွယ်ရာ ခတ်ဆီဆိုင်ကိုပြန်လှည့်ကြည့်မိ၏။နောက် တစ်ယောက်မျက်နှာ တစ်ယောက်စိုက်ကြည့်. . . မတွေ့. . . အရှေ့ပြန်လှည့်ကြသည်။ ပြီးတော့မျက်စောင်းထပ်ထိုးသည်။ ထိုးသည့်မျက်စောင်း ဘုန်းကြီးကျောင်း. . .၊ဘုန်းကြီးကျောင်းကိုကျော်အောင် ထိုးတော့မော်တော်ပီကယ်ဂိတ်တဲ၊ အမှတ်(၇)A ကားလှမ်းဆဲပင်. . . ထပ်စောင်း၍ထိုးသည်၊ အင်းလျားကန်ကြီး. . . ထပ် စောင်း. . .

'ဟော့ကောင်. . . ဒီထက်ထပ်စောင်းရင် မျက်လုံးပါပယ်ဖို့ရှိတယ် ထင်တယ်နော်. . . ထွန်းနိုင်မျက်စောင်းသာမက ဇက်ပါစောင်းနေပြီ. . . ဒါတောင် အင်းလျားကန်ကား မကျော်တတ်သေး။ ကိုင်း ညာဘက်မှာမဟုတ်တာတော့ သေချာပြီ။ ဘယ်ဘက်. . . ဟိုက်. . . ကုက္ကိုင်းချင်းချောင်းနန်းတော်. . .

www.burmeseclassic.com



ချင်းချောင်းကျော်လျှင် ပယ်ဖို့သေချာပြီ။ မျက်စိ. . . ဒီဘက်ပြန်စောင်းလျှင်လဲမဆုံးနိုင်သောအင်းလျားကန်ကြီး. . .။ အင်းလျားကန်ဆုံးလျှင်လဲအိုး. . . ဆုံးကိုဆုံးမှာမဟုတ်ပါဘူး. . ဘယ်မှာလဲ ဦးဝင်းမောင်အိမ် ဘယ်မှာလဲ၊ ဂစ်တာတီးသည့်သက်မောင်. . .။

'တောက်. . .'

နှစ်ယောက်လုံးထံမှ ပြိုင်တူတောက်ခတ်သံကြောင့် လန့်ပြီး၊ တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်မိသည်။ ကြည့်တာမှ တစ်ယောက်မျက်နှာတစ်ယောက် မမြင်ဖူးသလို အသေအချာစိုက် ကြည့်နေမိခြင်းပင်. . . မျက်နှာတွေက ခံစားချက်မဲ့လို့. . .

'တောက်'

ဘာမှမပြောဖြစ်ပါဘူး. . . နှစ်ယောက်လုံးပြိုင် တူပြန်လှည့်လာကြသည်။

× × ×

ရွှေမိုးသည်းတို့လမ်းထိပ်ပြန်ရောက်တော့ အိမ်ထဲက ခပ်သုတ်သုတ်ထွက်လာတဲ့ ငွေမိုးနဲ့ဆုံသည်။

သူကျွန်တော်တို့ကိုတွေ့တော့ အံ့အားသင့်သွားပုံရ၏။ ပြီးတော့ မသက်ာသလိုပုံမျိုးနှင့်

'ဟော. . . အကိုတို့ဘယ်ကပြန်လာကြလဲ. . .'

'ရွှေမိုးသည်းရော. . . ရွှေမိုးသည်း. . .'

ထွန်းနိုင်ကဖြတ်မေး၏။ ငွေမိုးက မျက်မှောင်ကျုံ့ပြီး . . .

'အိမ်မှာအိပ်နေတယ်. . .။ အဲ. . . ဒါပေမယ့် သူ့ကိုလာမေးရင်ဘယ်သူလာမေးမေး အဆောင်ပြန်သွားပြီလို့ပြောပေး

www.burmeseclassic.com



ပါဆိုပြီး မှာထားတယ်. . . ဒါနဲ့ ဘာကိစ္စလဲ. . .'

'ဒီမှာလေ အိမ်နံပါတ်(၇)A ကိုလိုက်ရှာနေတာ. . . အဲဒါ ရွှေမိုးက အင်းလျားကန်ကြီးလမ်းညွှန်လိုက်လို့. . .'

ငွေမိုး တစ်ချက်စဉ်းစားလိုက်၏။

'အိမ်နံပါတ်ဘယ်လောက်. . .'

'(၇)A'

ထွန်းနိုင်မကြည်မလင်ဖြေ၏။ ဒါကို ငွေမိုးက. . .

'ဦးဝင်းမောင်တို့အိမ်ကိုပြောတာလား. . .'

'ဟုတ်တယ်. . . ဦးဝင်းမောင်တို့အိမ်. . .'

'သူ့သားက သက်မောင်လေ. . . ဂစ်တာတီးတယ်. . .'

'ဟုတ်တယ်ဆို. . . ဟုတ်တယ်. . . သူ့သား သက်မောင် ဂစ်တာတီးတယ်. . .'

'ဟင်. . . အဲဒါအကိုတို့ခုနထိုင်နေတဲ့ လက်ဖက်ရည်ဆိုင် အနောက်ကအိမ်ပဲလေ. . .'

'ဟင်. . .'

နှစ်ယောက်စလုံး ဘာပြောရမှန်းမသိတော့။ မျက်လုံးကြီးပြူးပြီး၊ ငြိမ်နေမိ၏။ ငွေမိုးမှပင်ဆက်၍

'နောက်ပြီး အဲဒီလက်ဖက်ရည်ဆိုင်မှာ ကောင်တာ ထိုင်နေတာ ဦးဝင်းမောင်သား ဂစ်တာတီးတဲ့သက်မောင်ပဲ. . .'

'ဗျာ. . .'

နှစ်ယောက်လုံး ဗျာသံက အတော်ရှည်သွား၏။ အသံတွေကလဲ ဝမ်းနည်းမှုနှင့် တုန်တုန်ရင်ရင်. . .

× × ×

'အဲဒီလိုကွ'

'သူ့လုပ်ကွက်က ဆန်းတယ်နော်. . .'

ကျွန်တော်တို့စကားဝိုင်း စည်ကားနေပြန်၏။ ကျွန်တော်တို့စကားဝိုင်း၏အမြည်းမှာ ရွှေမိုးသည်းဖြစ်ကြောင်း လူတိုင်းသိ ပေလိမ့်မည်။

'သူ့ညီမ ငွေမိုးက အချောနော်. . .'

ထွန်းနိုင်က ဘာမဆိုင်ညာမဆိုင် ကြားဝင်ဖောက်သည်။သူ့စကားကို ဘယ်သူမှအလေးအနက်မထားသော်လည်း အားလုံးကအေးကွဟု ထောက်ခံကြသည်. . . ဒီဝိုင်းကို သူဒကာခံမယ်ဆိုပြီး ထွန်းနိုင်ကခေါ်လာသည်ကိုး. . .။

'ငါသာဆို ရွှေမိုးမကြိုက်ဘူး၊ ငွေမိုးပဲကြိုက်မယ်. . . သူ့ပုံစံက စိတ်ကောင်းမယ့်ပုံ. . .'

'ငါစပ်ပေးမယ်. . .'

အားလုံးကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေရာမှ အသံကြား၍ လှည့်ကြည့်လိုက်တော့. . .

www.burmeseclassic.com



'ရွှေမိုး'

ခပ်တည်တည်နှင့် ကျွန်တော်တို့ဝိုင်းဝင်လာ၏။ သူ့ကို မြင်တော့ အားလုံးတွန့်ဝင်သွား၏။ အတွန့်ဆုံးက ထွန်းနိုင်. . .

'ဘယ်သူလဲ. . . ငွေမိုးကိုကြိုက်တာ. . .'

သူ့အမေးကြောင့် ထွန်းနိုင်တုန်တုန်ရင်ရင် ဖြစ်သွားပြီး. . .

'ဟို လေ. . . ဟို . . . ငါကစကားအဖြစ်ပြောတာပါ. . .'

ထွန်းနိုင်ကိုကြည့်ကာ ရွှေမိုးကပြုံး၍ မျက်စလေးချီပြီး. . .

'အောင်မယ်. . . ကြိုက်ရင်ကြိုက်တယ် ပေါ့. . . ဘာ ရှက်စရာလိုလဲ. . .'

ရွှေမိုးစိတ်ကောင်းဝင်နေခိုက်မို့လားမသိ. . . ထွန်းနိုင် အားတက်သွား၏။

'အဟီး. . .'

သားကောင့်သားပါးစပ်ကြီး နားရွက်နားထိ ပြဲတက်လာ၏။ ရွှေမိုးက သူ့ကိုကြည့်ပြီး. . .

'ဒီလိုပဲဟ. . . ဖြစ်တတ်ပါတယ်။ လူငယ်တွေပဲဟာ မဟုတ်ဘူးလား. . .'

'ဟုတ်တယ်. . . ဟုတ်တယ်. . . ခစ်. . .'

ရွှေမိုးစကားကို ထွန်းနိုင်က အူရွှင်စွာထောက်ခံ၏။ ရွှေမိုးက မိန့်မိန့်ကြီးပြုံး၍ ခေါင်းငြိမ့်ပြီး. . .

'ချစ်ရင်တော့ကြိုးစားပေါ့. . . မဟုတ်ဘူးလား. . .'

'ကြိုးစားမယ်. . . ကြိုးစားမယ်. . . အဟိ'

ထွန်းနိုင် ဝမ်းလျှောသေမည့်မျောက်မသာလို လက်က

www.burmeseclassic.com



လေးကိုက်၍ 'ခွိ'ခနဲရယ်ပြန်၏။

ရွှေမိုးသည်းစကားဆက်ပြန်၏။

'ရှေးခေတ်ကလဲ သာဓကရှိတယ်လေ. . . ဘုရားအလောင်း ဒွန်းစဏ္ဍားမဒဂ်သူဌေးသမီးကိုကြိုက်လို့ မရရင်မထဘူးဆိုပြီး လမ်းပေါ်မှာလှဲအိပ်နေတာလေ. . .'

'အင်'

'နောက်ဆုံး ဘယ်လိုမှ ထူထလို့မရတဲ့အဆုံး သူဌေးသမီးနဲ့ပေးစားလိုက်ရတယ်ဆိုတာ. . .'

'ဗျာ. . .'

ထွန်းနိုင်၏မျက်လုံးများ သုံးပတ်ခန့်လည်သွား၏။ ရွှေမိုးသည်းကတော့ ခပ်တည်တည်ပင် ဘယ်သူ့ကိုမှဂရုမစိုက်ဘဲ သူပြောချင်ရာဆက်ပြော၏။

'အဲ. . . ဒီခေတ်မှာတော့ ငွေမိုးသည်းကိုမရရင် လမ်းပေါ်ကမထဘူးဆိုပြီးတော့ လှဲတော့အိပ်မနေနဲ့. . . ယာဉ်ကြောပိတ်ဆို့အောင် လုပ်လို့ဆိုပြီး ရဲနဲ့အဖမ်းခံရလိမ့်မယ် ရဲမဖမ်းလဲ ကုန်ကားကြိတ်လို့ရင်လည်း သေလိမ့်မယ်. . . အေးလေ ဒွန်းစဏ္ဍားဖြစ်အောင် အရင်လုပ်ကြည့်ပါဦး. . .'

'တော်ပြီဗျာ. . . မကြိုက်တော့ဘူး. . . ဘယ်သူ့ကိုမှ မကြိုက်တော့ဘူး. . .'

ထွန်းနိုင်ငိုသံဝဲကြီးနှင့် ထအော်၏။

'ဟုတ်ဘူးလေ. . . ငါပြောတာက. . . နင့်အတွက် စီးပွားရေးရော အချစ်ရေးပါအဆင်ပြေဖို့'

'တော်ပြီ၊ ဒီမှာလဲမနေချင်တော့ဘူး၊ ရှက်လာပြီ. . . သွားတော့မယ်. . .'

ဟုဆို၍ဆိုးဆိုးဆတ်ဆတ် ထထွက်သွားလေရာ. . .

www.burmeseclassic.com



'ဟာ. . . ဟော့ကောင်. . .'

'ဟေ့. . . ထွန်းနိုင်'

'ထွန်းနိုင် လက်ဖက်ရည်ဖိုးရှင်းသွားဦးလေ. . .'

ဟူသောအသံများ စီညံသွား၏။ ထွန်းနိုင်ကတော့ ပုဆိုးလေးမကာနှင့် လှည့်ပင်မကြည့်တော့ဘဲ ထွက်သွားသည်။

'အဲဒါမှဒုက္ခပဲ. . .'

'အေးဆို. . .'

'တောက်. . . သွားပါပြီ. . . ကွာ. . . လက်ဖက်ရည်ဖိုးမရှိပါဘူးဆိုနေမှ. . .'

ကျွန်တော်တို့ထံမှ တိုးတိုးဖွဖွရေရွတ်သံများ ပေါ်ထွက်လာရ၏။

ဟုတ်ပါသည်။ အမှန်တော့ ဒီလက်ဖက်ရည်ဝိုင်းကို ထွန်းနိုင်က တိုက်မည်ဟုဆို၍ ဦးဆောင်ခေါ်လာခြင်းဖြစ်၏။ အခု သူထထွက်သွားတော့ ကျွန်တော်တို့မှာ ရှင်းစရာငွေမရှိတော့. . .။

'အဲဒါမှ တကယ့်ပြသနာပဲ. . . ဒါတွေဘယ်လိုရှင်းမလဲ. . . ပိုက်ဆံလဲဘယ်သူမှမရှိကြတော့ဘူး. . .'

'အော်. . . ဒါလေးများ. . .'

ရွှေမိုးသည်းက သူ့အရှူးအမှိုက်ပုံး သူပြန်ငုံ့ကြည့်ရင်းပြော၏။ ကျွန်တော်လည်း အားတက်သွားပြီး. . .

'နင့်မှာရှိလို့လား. . .'

'ဟေ့အေး. . .'

'ဟာကွာ သူ့မှာများရှိမလားလို့'

'အေးဆို. . .'

အားလုံးပျော့ကျသွား၏။ ဒါကို ရွှေမိုးသည်းက. . .

www.burmeseclassic.com



'ဒါပေမယ့် မပူပါနဲ့. . . နင်တို့ ဒီမှာခဏစောင့်။ လက်ဖက်ရည်ဖိုးရှင်းဖို့ ငါလူလွှတ်လိုက်မယ်. . .'

ဟုဆို၍ ဆိုးဆိုးဆတ်ဆတ်နှင့်ထလိုက်၏။ ရုပ် ကတော့ ပြီတီတီနှင့်

'ခဏစောင့်နော်. . .'

ထပ်မံသတိပေးပြီး ကသုတ်ကယက် ထထွက်သွား၏။

'ဟော့ကောင်. . ဒါတော့မရိုးသားဘူးထင်တယ်. . . '

'အေးဆို. . .'

ဘအေး၏စကားကို သန်းအောင်ကထောက်ခံသည်။

'တစ်ခုခုတော့ တစ်ခုခုပဲ. . .'

'အေးဆို. . .'

'ဒါဆို ငါတို့တော့လစ်တော့မယ်။ ညီကျော် မင်းစောင့်ချင်ဆက်စောင့်၊ ငါတို့တော့မနေရဲတော့ဘူး. . . သန်းအောင်ရော လိုက်မှာလား. . .'

'အေးဆို'

ဟုဆိုပြီးသန်းအောင်ရော ဘအေးပါထထွက်သွားတော့. . .

'ဟာ. . ဟော့ကောင်တွေ. . . ဟာ. . . ဒုက္ခ. . . ဟော့. . .'

ကျွန်တော်လှမ်းခေါ်သော်လည်း ငတိတွေလှည့်ပင်လှည့်မကြည့်တော့. . . ဘအေးကမျက်မှန်ကလေး ပင့်ကာပင့်ကာ. . . သန်းအောင်က နှာခေါင်းသကာသကာနှင့် ခပ်သုတ်သုတ်လှမ်းထွက်သွား၏။ ကျွန်တော်တစ်ယောက်တည်းသာ လက်ဖက်ရည် လေးခွက်၊ မုန့်နှစ်ခု၊ ဆေးလိပ်လေး လိပ်နှင့်အတူ ငေါင်စင်းစင်း။ ကျွန်တော်လဲ ထိုလက်ဖက်ရည် ဝိုင်းကိုကြည့်ပြီး ဘာဆက်လုပ်ရမှန်းမသိတော့။ ဆက်ပဲထိုင်နေရမလား 'ထ'ပြီး တော့ပဲ

www.burmeseclassic.com



ထွက်ပြေးရမလား၊ ကြံရာမရဖြစ်နေ၏။ နောက်ဆုံး ကြံရာမရသည့်အဆုံး ကိုယ့်အိတ်ပိန်ကလေးကို ပြန်ဖိရင်း အသိတစ်ယောက်များတွေ့လေမလားဟု ကျီးကန်းတောင်းမှောက်လိုက်ကြည့်နေမိ၏။သိပ်မကြာလိုက်ပါ. . . ကျွန်တော်ရှိရာလက်ဖက်ရည်ဆိုင်သို့ ခုန်ပေါက်ဝင်ရောက်လာ သူနှစ်ယောက်. . .။

ကြည့်လိုက်တော့. . .

'ဟိုက်. . . အလှဖန်တီးရှင်တွေ'

'သေပြီ. . . အောင်မလေး သေပါပြီအမေရဲ့. . .'

ကျွန်တော့်မျက်နှာကြီး ဘယ်ခုံအောက်ထဲ ဖွက်ထားရမည်မသိ။ လွတ်လိုလွတ်ငြား ခေါင်းငုံ့ထားမိ၏။ ဘေးဘီလည်းမကြည့်ရဲ. . .'ဘုရား ဘုရား. . . ဖွ. . . လွဲပါစေ. . . လွဲပါစေဖယ်ပါစေ. . .'ဟုသာကြိတ်၍ဆုတောင်းနေမိ၏။ သို့သော်. . ဆုတောင်းကားမပြည့်. . .။

ငုံ့ထားသောခေါင်းရှေ့တိုးဝင်လာသောလေဒီရှူးနှင့်ခြေသလုံးမွေး'အောင်မလေးအမေရေ. . သား. . . သားတော့လူပေါင်းမှားပြီဗျ' ဟုသာ ထအော်လိုက်ချင်တော့၏။

'လက်ဖက်ရည်ဖိုးမရှိဘူးဆိုတာ ဒီကမောင်လေးထင်တယ်. . .'

နားထဲတိုးဝင်လာသော အသံချော်ချော်ချွဲချွဲကြီးတစ်ခု. . .။မျက်နှာကြီးနီပြီး ခေါင်းကိုမြေကြီးနှင့် မထိတထိငုံ့ထားလိုက်မိ၏။ ပါးစပ်ကတော့ ဘာသံမှမထွက်။ တစ်ဆိုင်လုံးကတော့ ကျွန်တော့်ကို ဝိုင်းကြည့်နေမှာသေချာ၏။

'ဟုတ်မှာပါ. . . ဟိုမမလေးပြောသွားတာ သူပဲဖြစ်မှာပါ. . .။ သူ့ပုံက မစားနိုင်မသောက်နိုင်ပုံ. . .'

www.burmeseclassic.com



'ဘာဗျ. . .'

သူတို့အပြောကြောင့် ကျွန်တော်ဒေါသထွက်သွားပြီး ခေါင်းကိုမော့လိုက်၏။ ဒါကို အလှဖန်တီးရှင်နှစ်ယောက်လုံး ကကြောက်မသွားဘဲ. . . ဝမ်းသာအားရပုံမျိုးနှင့်. . .

'ဟယ်. . . အချောတော့. . .'

ဟုဆို၍ ကျွန်တော်ထိုင်နေရာဘေးနှစ်ဖက်သို့ ဖိုးသိုး ဖက်သက် ဗိုးဗိုးဇတ်ဇတ်ဝင်ထိုင်လိုက်၏။

ပြီးတော့ ညာဘက်မှအလှဖန်တီးရှင်တစ်ယောက်က ကြိတ်မနိုင်ခဲမရ အသံမျိုးနှင့်. . .

'အောင်မလေး မိုမိုကိုတို့ကံကောင်းပုံများ. . . ကန် စောင်းကမြက်ပင်တွေတောင်မထောင်သေးဘူး. . . ကန်တော် ရှင်မအသိ. . .'ဟုရေရွတ်၏။ ဒါကို ဘယ်ဘက်မှတစ်ယောက် ကလည်း အားကျမခံ. . .

'ဟုတ်ပဟယ်. . . ဒီလိုမောင်လေးမျိုးနဲ့တွဲရလို့ က တော့ ပုဂံရောက်ရောက်၊ ဂျပန်ရောက်ရောက်၊ ကံကောင်းတဲ့အကြောင်း များပြောရင် ကြံချောင်းကွယ်ရင်ကိုဖြစ်တယ်. . . ကျီတော်ရှင်မ အသိ. . .'

အင်. . . ဘာစကားတွေပါလိမ့်. . . သူတို့ပြော သမျှကျွန်တော် ဘာတစ်ခွန်းမှနားမလည်. . .။

'အော်. . . ဒါနဲ့မှတ်ထားနော်. . မမနာမည်ကမိုမိုကို တဲ့. . .'

'မမနာမည်က ချိုလေးတဲ့ သိလား. . .'

ပြောပြီးတော့ သူတို့ဖာသာသူတို့ သဘောကျစွာရယ် နေ၏။ အတန်ကြာမှ. . .

'ပြောရဦးမယ်. . . မမတို့နှစ်ယောက် ကလေ. . . ရှပ်

www.burmeseclassic.com



ရည်ကလဲချော၊ အရပ်လေးကလဲမြင့်၊ အသားလေးကလည်းဖြူ ပညာလေးကလဲတတ်၊ သဘောကလည်းကောင်းတော့ ကျန်တဲ့ ကောင်မလေးတွေက မမတို့ကို မနာလိုဘူးသိလား. . .။ ကြည့် စမ်းပါဦးမောင်လေးရယ် မမတို့ အသားလေးတွေက နုဖတ်ဥ အက်မနေဘူးလား. . .'

'နုထွတ်ဥမွတ်နေတာပါဟဲ့. . .'

တစ်ယောက်စကားကို နောက်တစ်ယောက်ကဖြည့် စွက် ထောက်ခံ၏။ အသားနှင့်စကားက တခြားစီမှတခြားစီ၊ နှစ်ယောက်လုံးက မည်းသမှပြောင်လို့. . .။ ကျွန်တော်လဲရှက် လွန်းလို့သာ ငြိမ်နေရသည်။ စိတ်ထဲမှာတော့ ကျလိ ကျလိ. . .

'တချို့ကလဲပြောကြတယ်နော်. . အင်းပေါ့. . မမ မိုမို ကိုကပေါ့. . . စိတ်ကောင်းတာကလဲတစ်ပိုင်းပေါ့နော်. . . သူများတွေနဲ့ယှဉ်လိုက်ရင် နုထင်းဥဝင်းနေတဲ့အပြင်. . .'

'ဘာလဲဗျ ခင်ဗျားတို့စကားတွေက. . .'

ကျွန်တော့်ရဲ့မကျေမနပ်စကားကို မိုမိုကိုဆိုသူမှ နှုတ်ခမ်း နီတစ် ထောင်လောက်ဆိုးထားသော သူ့နှုတ်ခမ်းကြီးကို တစ်ထွာခန့် ထပ်ချွန်ထည့်လိုက်ပြီး. . .

'အော်. . . မောင်လေးကလဲ. . . 'အ'လိုက်တာ မမမို ပြောတာက အသားအရည်လေးက နုဖတ်ပြီး ထင်းနေတဲ့အပြင် ဥပဓိလေးကလည်း ဝင်းနေတာကိုပြောတာ အဲဒါကြောင့် နုထင်းဥဝင်း၊ နုထင်းဥဝင်း. . .'

အော်. . . နုထင်းဥဝင်း၊ နုဖက်ဥအက်၊ နုထွတ်ဥမွတ် ဖြစ်လည်းဖြစ်တတ်ပါ့. . .

'အဲဒါနဲ့လေ. . . သိလား. . . မောင်လေး အားရှိသွား အောင် ကြက်ဥသောက်ပါဦး. . .'

www.burmeseclassic.com



'ဟဲ့. . . ငါ့ကိုလည်း. . . နည်းနည်းပေးပါဦး. . .'

'နေပါဦးဟဲ့. . . ဒီမှာကြွားလို့. . . အဲလေ. . ပြောလို့မပြီးသေးဘူး'

'ကောင်မ လွန်ကိုလွန်တယ်. . .'

နှစ်ယောက်လုံး ပြာထွက်နေ၏။ တစ်ယောက်က မျက်စ ချီ၍ တစ်ဖက်သို့လှည့်သွား၏။ နောက်တစ်ယောက်က စကားစ မပြတ်ဘဲ ချိုလေးဆိုသူကို မျက်စချီကြည့်ပြီး. . .

'အဲဒီလိုပေ့ါနော်. . . အင်းပေ့ါ. . . အားလုံး နဲ့မယှဉ်နဲ့ဦး. . . အခုချိုလေးနဲ့ယှဉ်ရင်တောင်ပေ့ါနော်. . . ဘယ်လိုပြောရမလဲ ချိုလေးကလည်း အတော်လှတယ်ပေ့ါနော်. . .'

ချိုလေးဆိုသူအလှဖန်တီးရှင်က သူမှန်းသိအောင် ရင်ကိုကော့ပြ၏။ ရင်ဘတ်ထဲမှ စီခနဲအသံကြားရ၏။ ဘာတွေလေလျော့ကုန်သည် မသိ။ အမြောက်အလှဖန်တီးရှင်က ဆက်ပြော၏။

'အဲဒါပေ့ါနော်. . . မမမိုမိုနဲ့ ချိုလေးနဲ့ယှဉ်လိုက်ရင်တော့ ချိုလေးက နုဖွယ်ဥပယ်သလိုဖြစ်နေတယ်တဲ့. . . မမမိုမိုကိုက နုလှဥဝနေတာတဲ့. . . အဲဒါ ဟုတ်လားဟင်. . .'

ချိုလေးဆိုသောတစ်ယောက် မျက်နှာကြီး ဖျူ့(စ်)ပြတ်သွားပြီး ခုန ကော့ထားသောရင်အပါအဝင် ကိုယ်လုံးလေလျှော့လိုက်သလိုဖန်းခနဲပျော့ကျသွား၏နောက်မိုမိုကိုကိုမျက်ထောင့်နီကြီးနှင့်ကြည့်သည်အတန်ကြာမှမျက်နှာထားပြန်ပြင်လိုက်ပြီး. . .

'ဘယ်သူတွေဘာပဲပြောပြောပေ့ါနော်. . . အဓိက က စိတ်ရင်းပေ့ါ နော်. . . စိတ်ရင်းကောင်းဖို့က အဓိကပဲမဟုတ်လား. . . ချိုလေးတို့က စိတ်ကောင်းပြီဆိုမှဖြင့် လိပ်ခေါင်းတောင်ဖြတ်လှူပစ်ချင်တာ. . . လတာ(သောင်ပြင်)ရှင်မ အသိ. . .'

www.burmeseclassic.com



ချိုလေးက သူ့မေးစေ့ကို တောင်ထိုးမြောက်ထိုးလုပ်ရင်း ပြော၏။ ဒါကို မိုမိုကိုကလဲ အားကျမခံ ကျွန်တော့်ကို ဖျတ်ခနဲ ရိုက်ပြီး. . . 'ပြောရဦးမယ်. . . မမတို့က အလှသာပြင်စားတာ၊ အဆင့်မြင့်တယ်သိလား မမမိုမိုကိုဆိုသိလား . . . အင်း. . . ဇာတ်လည်းကဖူးတယ်. . . နတ်လည်းကဖူးတယ် သိလား. . . ပြီးတော့ မမမိုတို့ကလေ ခြေသလုံးမွေးတွေ၊ ချိုင်းမွေးတွေကအစ တိတ်ပြားကြီးတွေကပ်ပြီး ဗြိဗြိဆို ပြန်ခွာပြီးနုတ်ပစ်လိုက်တာ၊ ကိုယ်ကသန့်ချင်တာကိုး၊ တချို့များတော့ဟုတ်ပေါင်. . .'

မိုမိုကိုက ချိုလေး၏ခြေသလုံးကို မျက်စပစ်ပြီး သူ့စကား ကိုသူသဘောကျသလိုပုံစံမျိုးနှင့် မိန့်မိန့်ကြီးပြုံး၊ ခေါင်းကြီး မော့ပြီးဆံပင်တစ်ချက်ခါလိုက်သည်။ သူ့ပုံစံက သူအပိုင် ပေါ့. . . ဒါကို ချိုလေးက ခြေသလုံးကိုဆွဲဖုံးလိုက် ပြီး. . . ကျွန်တော့်လက်ကို ပြတ်ခနဲဆွဲကာ. . .

'အောင်မလေး. . . ချိုလေးတို့ကအလုပ်ကိုကြိုးစား တော့ အလှအပဘက်ကို သိပ်မလိုက်ဘူးသိလား. . . အရေး ကြီးတာက ယောကျ်ားတစ်ယောက်ကို တင့်တောင့်တင့်တယ် လုပ်ကျွေးနိုင်ဖို့ပဲမဟုတ်လား၊ စိတ်ကူးမလွဲပါနဲ့မောင်လေး ရယ်. . . နောက် မမချိုလေးကလေ အပွင့်မဟုတ် ဘူး. . . အပုန်း. . . အပုန်းတစ်ချိန်လုံးအိမ်တွင်းပုန်းနေတာ. . . အခုတောင် အလှပြင်နေရင်း မောင်လေးတစ်ယောက်လက် ဖက်ရည်ဆိုင်မှာ ပိုက်ဆံမရှင်းနိုင်လို့ ထိုင်နေတယ်ကြားလို့. . . သနား. . ပြီး. . .'

သူ့အသံက ဘာဘရေးရှင်း **(Vibration)**နှင့်တုန်ခါနေ သည်။ ပြီးတော့ ကျွန်တော့်လက်ကိုကိုင်ထားသောလက်ဖြင့် ဝဲတက်လာသောမျက်ရည်ကို ကျွန်တော့်လက်ခုံနှင့်သုတ်၏။ ကျွန်တော်လဲ အလှဖန်တီးရှင်နှစ်ယောက်ကြား ဘာလုပ်ရ

www.burmeseclassic.com



မှန်းမသိတော့။ ရှက်လိုက်တာလဲလွန်ရောပေါ့ဗျာ. . .။ အားလုံးက ကျွန်တော့်ကိုအထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြ၏။

'အဲဒါနဲ့ မမချိုလေးက အလှပြင်တဲ့လူကိုတောင် မိတ်ကပ်တစ်ဝက်ပဲလိမ်းပေးပြီး ဒုန်းစိုင်းပြေးချလာတာ. . . မမရဲ့စေတနာပေါ့မောင်လေးရယ်. . . စေတနာပေါ့. . . မောင်လေးအားရှိသွားအောင် တစ်ခုခုစားလိုက်ဦးနော်. . .'

နှုတ်ခမ်းနှစ်ခုထိတယ်မထင်ရလောက်အောင် သူ့အသံက ချော်ချွဲနေ၏။ ကျွန်တော့်လက်ကိုလဲ မလွှတ်တော့. . .။ ရုန်းလို့လဲမရ အတင်းဆွဲထား၏။ သူ့ကိုကြည့်ပြီး မိုမိုကို ကလဲအားကျမခံ ကျွန်တော့်လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲကျန်လက်တစ်ဖက်က ချိုလေးမျက်နှာရှေ့ အရှည်လိုက်ဝဲပြီး . . .

'အောင်မလေး. . . တချို့ကအပုန်းသာဆိုတယ် ကုပ်ကမြင်းကရှိသေးတယ်. . . မမတို့က အပွင့်သာဆိုတယ် တစ်နှစ်မှတစ်ခါပွင့်တဲ့ပိတောက်လိုအပွင့်မျိုး. . . ပွင့်ပြီဆိုမှဖြင့် ဝါထိန် နေတာ. . မောင်လေးအားရှိသွားအောင် ကြက်ဥလေးသောက် ဦးမှာလား. .' မိုမိုကို၏စကားကြောင့် ချိုလေးခါးမတ်သွား၏။ နှစ်ယောက်လုံးက ကျွန်တော့်လက်ကိုမလွှတ်ကြသေး. . . တစ် ယောက်ကိုတစ်ယောက် မျက်ထောင့်နီကြီးတွေနဲ့ စိုက်ကြည့်နေ၏။ အခြေအနေကသိပ်မဟန်တော့. . . အတန်ကြာမှ ချိုလေးက သူ့ကိုယ်သူပြန်ဖျော့ချလိုက်ပြီးပြုံးတစ်ခါမဲ့တစ်လှည့်နှင့်လစ်လပ်နေသောလက်တစ်ဖက်ကို မိုမိုကို၏မျက်နှာရှေ့ တဖြတ်ဖြတ်လှည့်ခါရင်း. . .

'အောင်မလေး. . . ချိုလေးတို့က ပုန်းပြီဆိုမှဖြင့် ပြည်တန်ပတ္တမြားနဲ့ဆွယ်တာတောင်ထွက်ချင်တာ မဟုတ်ဘူး. .



BURMESE CLASSIC .com

www.burmeseclassic.com



တချို့ကောင်မတွေကမဟုတ်ပါဘူး. . . မိုးလေးအံ့ရှုံးနဲ့ ပိတောက်ကဘာမဆိုင်ညာမဆိုင်ထပွင့်ချင်တာ. . .'

ချိုလေး၏စကားကြောင့် မိုမိုကို၏မျက်နှာတင်းခနဲ ဖြစ်သွား၏။ ပြီးတော့ ချိုလေးကိုစားမတတ်၊ ဝါးမတတ်စိုက်ကြည့်နေ၏။ ချိုလေးကသူ့ကိုဂရုမစိုက်ဘဲ လက်တစ်ဖက်ကို လိပ်ပြာသဖွယ်ဝဲပျံပြီး စကားကိုပြန်ဆက်၏။

'အဲဒါလေသိလား. . မောင်လေးကို မေတ္တာရှိလွန်းလို့သာ ကရုဏာရှေ့ထားပြီးလာခဲ့ရတာ. . . တချို့ကကိုယ်နဲ့မဆိုင်ဘဲ ကပ်လိုက်လာပြီး သူများပစ္စည်းကို ကိုယ့်ပစ္စည်းလုပ်ချင်သေးတာ. . .'

ချိုလေး၏စကားကြောင့်မိုမိုကို၏မျက်နှာ ပို၍တင်းမာခက်ထန်လာ၏။ ချိုလေးက မထီတရီကြည့်ပြီး ဆက်ပြော၏။ 'အခုလဲလေ. . . မမချိုကပေါ့နော်. . . အလှပြင်နေရင်း ကပိုကရိုလေးထလာရလို့ မျက်နှာနည်းနည်းလေး အလှပျက်နေတာရယ်၊ ခြေသလုံးမွေးလေး မဆိုသလောက်ဖါးလျားကျနေတာရယ်ကို အခွင့်ကောင်းယူပြီး တချို့ကမလှဘူးပြောချင်သေးတာ. . .။ ဒါတွေကတော့ ပြောနေစရာမလိုပါဘူး. . . လောကပါလအသိ'

မိုမိုကို၏မျက်နှာကြီး ပေါက်ကွဲလုမတတ်တင်းမာလာသည်။နောက်ချိုလေးကို စားမတတ်ဝါးမတတ် ဒေါသတကြီးစိုက်ကြည့်ကာ. . .

'ဟေ့ကောင် စိန်သောင်း. . .'

'အဲဒါနဲ့လေ. . .'

ရုတ်တရက် အသံကျယ်ကျယ်လှမ်းခေါ်လိုက်သောမိုမိုကို၏အသံကြောင့် ချိုလေးစကားထပ်မဆက်နိုင်ဘဲ ပါးစပ်အဟောင်းသားဖြစ်သွား၏။ ခုနလိပ်ပြာသဖွယ် ပျံဝဲနေသော



BURMESE CLASSIC .com

www.burmeseclassic.com



လက်တို့ လေထဲတွင် ကုပ်ကုပ်ကွေးကွေးနှင့် ရပ်နေ၏။ ပါးစပ်ကြီး ကလဲ ယင်ကောင်တောင် ဝင်ဥရလောက်အောင် ဟစိဟစိဖြစ် သွား၏။ မျက်နှာကြီးက နီရာမှပြာလာသည်။ ပြာရာမှ မည်း တက်လာ၏။ နှာခေါင်းကလည်း ဆင်နှာမောင်းပုရွက်ဆိတ်ဝင် သလို နီပွနီပွကြီး ဖြစ်လာ၏။ အတန်ကြာသည်အထိ မျက်လုံးကလယ် ကလယ်နှင့် ဘာလုပ်ရမှန်းမသိဖြစ်နေပုံရ၏။ နောက်မှခါးကိုမတ်၊ ရှုကိုတင်းရင်း မိုမိုကို ကို ဒေါသတကြီးစိုက်ကြည့်ကာ. . .

'ဘာလဲကွဗြားကြီး. . .'

အသံကအောင်သည်။ ကြည်သည်။ ကျားသံပြည့် သည်။မိုမိုကိုခေါ် ဗြားကြီး၏မျက်နှာ အဝတ်ရေညှစ်လိုက်သလို ရှုံ့ပွမွဲပြာသွားသည်။ အတန်ကြာမှ ရှုံးဆိုသောမျက်နှာကြီး တင်းပြည့် ကျပ်ပြည့်ပြန်ဖောင်းတက်လာသည်. . .။ အသက်ရှူသံကား ရှုံးရှဲရှုံးရှဲနှင့်. . .

'သိပ်ကြောက်သွားသလား ဦးစိန်သောင်း၊ အခုလို နာမည် ရင်းကြီး ခေါ်လိုက်တာ အစပျိုးရုံပဲရှိပါသေးတယ်။မင်းရဲ့ပေါင်မည်း မည်းကြီးဆီကပွေးနှစ်ကွက်ကိုငါထည့်မပြောသေးဘူးနော်. . .။ ဒါတောင် ဖြစ်သလိုလေးပဲပြောရသေးတာ. . .'

စိန်သောင်းမျက်နှာကြီး ဖရိုဖရဲဖြစ်သွား၏။ နောက် သူ့ပေါင်ကို သူထောင်ပြီး ပြန်ကုပ်မိပြီးမှ ယောင်ပြီး လက်ထိပ်များကို လုံချည် နှင့်ပြန်ပွတ်၏။ အတန်ကြာမှဖရိုဖရဲဖြစ်နေသောမျက်နှာကို လေပြန်ထိုးပြီး. . အောင်မြင်ကြီးမားသော အသံကြီးနှင့်. . .

'ဒီမယ်ဘကြီးဗြား. . . ခင်ဗျားတို့အရွယ် ကိလေသာ စိတ်တွေမတွေးမမွေးသင့်တော့ပါဘူး. . .။ ဖင်က ဗွတ်စအိုနာ ကိုလဲအားနာပါဦး. . .'

ဟိုက်. . . နာမည်ရင်းတွေလည်းပေါ်ကုန်ပြီ. . .

www.burmeseclassic.com



တစ်ယောက်ကစိန်သောင်း၊ တစ်ယောက်ကပြားကြီးတဲ့ . . ပေါင်ရင်းမှာကပွေး နှစ်ကွက်၊ ဖွတ်စအိုနာကတစ်ခု . . ၊ ကျွန်တော်လဲ ဘာလုပ်ရမှန်းမသိဘဲ မျက်နှာနီကြီးနဲ့ငြိမ်နေမိ၏။ ကိစ္စက ထိုနှင့်မျှမပြီး . . .

'ဒီကောင်လေးကို ငါအရင်မြင်တာ . . . မင်းဝင်မရှုပ်စမ်းပါနဲ့ စိန်သောင်းရာ . . စိန်သောင်းဟာ စိန်သောင်းလိုနေစမ်းပါ . . . ချိုလေးတွေဘာတွေလုပ်မနေစမ်းပါနဲ့ . . . မင်းကို ငါ မြွေနှစ်ကောင်ပွေးဆေးလူးခဲ့ပေးတဲ့ကျေးဇူးကို မမေ့စမ်းပါနဲ့'

'အောင်မာ . . . ဟေ့ကောင်ပြားကြီး . . မင်းလဲ ပြားကြီးဟာပြားကြီး လိုနေ . . . မိုမိုကိုတွေဘာတွေလာမလုပ်နေနဲ့ . . . စိန်သောင်းရှိတဲ့နေရာ ဘယ်ပြားကြီးမှမလာနဲ့ မှတ်ထား . . . မင်းရဲ့ဖွတ်စအိုနာကိုပုလင်းနဲ့တွေ့ပြီး ရိုက်ဖောက်ပေးခဲ့တာဘယ်သူလဲ မှတ်မိမှာပေ့ါ'

စိန်သောင်းက စားပွဲကိုတဖြန်းဖြန်းပုတ်ပြီးပြော၏။ ဒါကို ပြားကြီးကအားကျမခံ အင်္ကျီလက်ကိုပင့်တင်ရင်း . . .

'အောင်မာ . . . မင်းကများ . . . လာတော့ဘာဖြစ် လဲ . . .'

'အေး . . . လာတော့ ဟောဒီလိုချတယ်ကွာ . . .'

'ခွပ် . . .'

'ဟင် . . . စိန်သောင်း မင်းကငါ့ကိုတကယ်ချတယ်ဟုတ်လား . .'

'ချတယ်ကွာ . . .'

'အေး . . . ဒါဆို ပြားကြီးလက်သီးလေး ပြန်လွေးကြည့်လိုက်ပါဦး'

'ခွပ်'

www.burmeseclassic.com



'ဗြားကြီးတဲ့ကွ. . .'

'ဖုန်း. . .'

ချပြီ. . စိန်သောင်းနှင့်ချိုလေး. . . ဗြားကြီးနှင့် မိုမိုကို ထဖဲ့ ကြပြီ။နှစ်ယောက်လုံးလင်လုပွဲမို့သည်းသည်း မည်းမည်း. . . . .။

ကျွန်တော်လည်းကြားထဲကနေပြီး ထပဲဆွဲရ မလား၊ ထွက်ပဲပြေးရမလားမသိဖြစ်နေမိ၏။

နောက်တော့ရန်ပွဲကိုအကြောင်းပြု၍ သုတ်ခြေတင်. . .။ လက်ဖက်ရည်ဖိုးမှမရှိတာ. . . သိပ်မကြာလိုက်ပါ. . . ခပ်ပြင်းပြင်း ခြေသံကြား၍လှည့်ကြည့်လိုက်တော့. . .

'ဟင်'

ဗြားကြီးခေါ်ချိုလေးဝတ်လာသောထမီကို ခါးတောင်း ကျိုက်၍ လေဒီရှူးတစ်ဖက်၊ ပေါက်စီနှစ်လုံး၊ တစ်ဖက်က တိုင် ရင်းခြေလှမ်းကျဲကြီးနှင့် ကျွန်တော့်ကိုကျော်တက်သွား၏။

'ဟူး. . တော်သေးတာပေါ့. . . ကျွန်တော့်ကိုမတွေ့ လို့. . .'

'ရွှေမိုးရေ. . . ငါဘယ်လိုဆက်လုပ်ရပါ့. . .'

× × ×

www.burmeseclassic.com

'မင်း စိတ်မကုန်သေးဘူးလား ညီကျော်. . .'

ဘအေး၏အမေးကို ကျွန်တော်ခေါင်းယမ်းပြီး. . .

'ဘယ်လိုပြောရမှန်းကိုမသိတော့ပါဘူးကွာ. . . ငါ သူ့ကိုမုန်းလို့မရ တာတော့အမှန်ပဲ. . .'

'ဒါဆိုဖွင့်ပြောလိုက်ကွာ. . .'

သန်းအောင်က မြှောက်ပေး၏။

'သူက မချစ်ဘူးဆိုရင်. . .'

'အေးတာပဲ. . .'

'ချစ်တယ်ဆိုရင်ရော. . .'

'အေးတာပဲ. . .'

ကျွန်တော်လဲစဉ်းစားလိုက်သည်။ ပြီးမှ. . .

'နှစ်ခုလုံးက မကောင်းဘူးကွ. . .'

'အေး. . . အဲဒါလဲ အေးတာပဲ. . .'

ကျွန်တော်အားပြန်တင်းလိုက်သည်။

'ဒါပေမယ့် ငါဖွင့်ပြောလိုက်တော့မယ်ကွာ. . .'

www.burmeseclassic.com



'အေး. . . ဒါလဲအေးတာပဲ. . .'

'သူကငြင်းလိုက်ရင်ရော. . .'

'အေးတာပဲလေ. . .'

'ဟာ. . . မင်းကအေးတာချည်းပဲလား သန်းအောင်ရာ. . .'

'အေးဆို. . .'

ကျွန်တော် ဘာဆက်ပြောရမှန်းမသိတော့. . . အတန် ကြာသည်အထိ ကျွန်တော်ငေးငိုင်နေမိ၏။ ဒီကောင်တွေနဲ့က တိုင်ပင်၍မရ၊မဖြစ်တော့. . .။တိုင်ပင်နေလျှင်လည်း ဘာအဖြေမှ ကောင်းကောင်းထွက်လာမည်မဟုတ်။ ကိုယ့်ဖာသာကိုယ်ဆုံးဖြတ်လိုက်ရင် 'အေးတာပဲ' ဟုစဉ်းစားမိလိုက်ပြီး. . .

'ကဲ. . . ရွှေမိုးသည်းဆီသွားလိုက်ဦးမယ်. . .'

'အေးဆို. . .'

× × ×

www.burmeseclassic.com

ကျွန်တော့်ခြေလှမ်းတွေ တဆိတ်ပေါ့ပါးသွက်လက်လွန်းနေတယ်။ ခြေလှမ်းတွေထက်ကို စိတ်နဲ့ရင်ခုန်သံက ရှေ့မှိုးသည်း ဆီကိုအရင် ရောက်နှင့်တော်မူနေပြီ။ မျက်လုံးတွေကလဲဘာမှ မြင်ရတယ်လဲမဟုတ်ဘူး. . .။ ကြည့်တာပေါ့ ကြည့်သွားတာပဲ။နှုတ်ခမ်းကတော့ပြုံးပြီး ပြုံးဖြီးဖြီးကြီးဖြစ်နေမှာ သေချာ၏။

သူ့ကိုတွေ့ရင်ပြောဖို့ စကားလုံးတွေစီကြည့်တယ်။ အမှန်တော့. . . နင့်ကိုငါချစ်တယ်ဆိုတာပဲ ပြောရမှာပါ။ ဒါပေမယ့်အာဒမ်ဝေစရမှာလား။ လရောင်ဆမ်းတဲ့ညချမ်းကစရမှာလား မသိဘူးဖြစ်နေတယ်။ ဒီကြားထဲ ရှေးခေတ်က 'ဟသ်ာဆရာ'ရဲ့ ကြက်ဖတွန်သံသီချင်းကဗျာကမဆီမဆိုင် ခေါင်းထဲပေါ်လာသေးတယ်။ သူ့ကဗျာက ဒီလိုပါ-

**ကြက်ဖတွန်သံသီချင်း**

အကြည်သွေးပို ကြက်မအများရယ်နှင့်
စပါးကျီဘေးကို ထွက်ကစားရာက
နာရီရေးလိုမြွက်ကာကြားမယ်လို့

www.burmeseclassic.com



ကြက်ဖအကြားရယ်က အရှိန်ယူ
သူ့အနားမှာရှက်သလိုနဲ့လွေးကြတဲ့
နုထွားအယဉ်ကြက်အပျိုကလေးတို့တွင်မှ
ဘယ်သူအားလျှင် မျက်နှာချိုသွေးရမလဲဟု
အချက်ကိုတွေးပြန်လို့ ဆိုင်းပြန်သူ။
စပယ်သွေးအတူဖြူဖြူပွပွ အမွေးရယ်နှင့်
တစ်နယ်ကျေးသူပုပုကွကွကလေးဟာ
တကယ်ရွေးမူ တုတုတပပ ဝေးတယ်လို့
အတွေးအထင်ရောက်တော့မှ
မြှောက်လိုက်တယ် သူ့ဆီညွှတ်အောင်
အောက် အီ အီး အွတ်. . .။

ကဗျာကတော့အဲဒါပါပဲ. . .။ အမှန်တော့ ရွှေမိုးသည်း ကတစ်နယ်တစ်ကျေးသူလဲမဟုတ်ပါဘူး. . ၊ ပုပုကွကွကလေးလဲမဟုတ်ပါဘူး၊ (ရှည်မျောမျောကြီး) အဲ. . . ကျွန်တော်လဲ ကြက်ဖတော့မဟုတ်ပါဘူး. . . ဒါပေမယ့် ကိုယ့်ချစ်သူကို အကြည်သွေးပို၊ ချစ်စကားပြောရမှာမို့ တကယ်ရွေးမူတုတုပပ ဝေးရအောင် ကြုံးဝါးလိုက်တယ်. . .

ငါလာပြီ ရွှေမိုးသည်းရေ. . . အောက်. . . အီး. . . အီး . . . အွတ်. . . လို့ . . . ။

× × ×

www.burmeseclassic.com

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက် တစ်ယောက်တည်း အပူပင်ကင်းစွာထိုင်၍ အိပ်ငိုက်နေသော ရွှေမိုးသည်းကိုမြင်တော့ ကျွန်တော်ဝမ်းသာသွားမိ၏။ သူ့အနား ခြေသံမကြား အောင်ကပ်သွားပြီး အသံမြှင့်၍ခေါ်လိုက်သည်။

'ရွှေမိုး. . .'

'အမလေး. . . ကလူ ကလူ. . . လန့်လိုက်တာ. . .'

'ဟာ. . . နင်ကလည်း လန့်တတ်ရန်ကော. . .'

'ဟဲ့. . . လန့်တာပေါ့ဟဲ့. . . ငါကအိပ်ပျော်ကာစရှိသေးတယ်. . . နင့်ဘီလူးလိုလို၊ နဂါးလိုလိုမျက်နှာကြီး ရုတ်တရက်မြင်တော့ သွေးပါပျက်ချင်သွားတယ်. . . ကလူ ကလူ. . .'

'ဟာ. . . နင်ကလဲဟာ. . . ငါက. . .'

ကျွန်တော်စိတ်ပျက်သွားသည်။ ကျွန်တော့်စကားပင် မဆုံးလိုက် သူပြန်ငိုက်နေ၏။

တမင်လုပ်နေတာလား. . . တကယ်ငိုက်နေတာ လားမသိ။ကျွန်တော်ကတော့ တကယ်စိတ်ပျက်သွားသည်။

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ရည်းစားစကားပြောရမယ့်တာဝန် ကိုယ့်တာဝန်ဟု သဘောပိုက်၍ စပြောရန် ပြင်ဆင်လိုက်သည်။

ရင်ခုန်သံက တဒိန်းဒိန်းနှင့်ပေါ့. . .

'ရွှေ. . . ရွှေမိုး. . .'

'ဝေ. . .'

သူမျက်လုံးမဖွင့်ဘဲပြန်ထူး၏။ ကျွန်တော်စိတ်လှုပ်ရှားစွာ ကိုယ့်လက်တွေကိုယ်ပြန်၍ဆုပ်နယ်နေမိ၏။ ပြီးတော့ ကတုန်ကရင်နှင့် ပြောချလိုက်သည်။

'ငါ. . . ငါ နင့်ကိုချစ်. . . ချစ်တယ်ဟ. . .'

'အေး. . .'

ကျွန်တော်ပြောလိုက်တာကမြန်သည်။ သူအဖြေပြန်ပေးတာကလဲမြန်သည်။ သူ့ထံမှ ထိုကဲ့သို့ချက်ချင်းတုံ့ပြန်သံကြောင့် ကျွန်တော်လဲ ဘာဆက်ပြောရမှန်းမသိဘဲ ကြောင်နေမိ၏။ ကျွန်တော် သူ့ကိုဖျတ်ခနဲကြည့်မိ၏။

သူ့မျက်လုံးပွင့်မလာသေး. . . အရှေ့ကိုပင်အနည်းငယ်ငိုက်သွားသေး၏။ ကျွန်တော်လည်း ပြောစရာရှိတာဆက်ပြော၏။

'အဲဒါ. . . နင်. . . နင်ရော ငါ့ကိုချစ်လား. . .'

'အေး. . .'

သူ့အဖြေကြောင့် ကျွန်တော် အလွန်ဝမ်းသာသွား၏။ ဟုတ်တယ်လေ. . . ကိုယ်ချစ်တဲ့သူဆီက အဖြေပြန်ရတာ. . . ဘယ်သူဝမ်းမသာရှိမည်နည်း. . .။ထို့ကြောင့် အသံကျယ်ကျယ်နှင့်. . .

'ဟင်. . . တ. . တကယ်လား. . .'

သူ့ခေါင်းဆတ်ခနဲထောင်သွားပြီး. . .

'ဟာ. . . ဖြည်းဖြည်းအော်ပါဟ. . . ဇိမ်ကိုပျက်တယ်. . .'

www.burmeseclassic.com



'မ. . . မဟုတ်ပါဘူး. . . ငါ. . . ငါဝမ်းသာသွားလို့ပါ. . . နင်. . . နင့်ငါ့ကို တကယ်ချစ်တာနော်. . .'

'ချစ်တယ်ဟာ. . .'

သူ ခပ်ဆတ်ဆတ်အဖြေပေးပြီး ဝါးခနဲသမ်းလိုက်၏။ ကျွန်တော် ထခုန်မိမတတ် ဝမ်းသာသွား၏။

'ဒါဆို. . . နင်. . . နင်နဲ့ငါ ရည်း. . . ရည်းစားဖြစ်ပြီပေါ့နော်. . .'

ထိုသို့ပြောလိုက်မှ ရွှေမိုးသည်း ဆတ်ခနဲ ကျွန်တော့်ဘက်လှည့်ပြီး

'ဘာစကားပြောတာလဲ. . . နင်ဘာပြောတာလဲ . . . ပါးကျိုးသွား ချင်လို့လား. . . ငါလေ. . . တယ်. . . နားရင်းအုပ်လိုက်ရ မျက်လုံးပါကျွတ်ထွက်သွားမယ်. . .'

ပြောတာကနောက်ကျ၏။သူ့လက်ဖဝါးက ကျွန်တော့်လည်ကုပ်ပေါ်ဝဲနေ၏။ သူ့ဒေါသတကြီးအပြုအမူကြောင့် ကျွန်တော်ကြောင်သွားပြီး. . .

'မ. . . မဟုတ်ဘူးလေဟာ. . . နင်ငါ့ကိုချစ်တယ်ဆို. . .'

သူမခါးထောက်မျက်မှောင်ကျုံ့ပြီး ကျွန်တော့်ကိုစိုက်ကြည့်၏။

'အေးလေ. . . ချစ်တယ်လေ. . . ဘာဖြစ်လဲ. . .'

'ငါ. . . ငါကလဲ ချစ်တယ်လေ. . .'

'အေးလေ. . . အဲဒါဘာဖြစ်လဲ. . .'

'ဟင်. . . အဲဒီလိုတစ်ယောက်ကိုတစ်ယောက်ချစ် ရင် ရည်းစားမဟုတ်ဘူးလား. . .'

'ဘာရည်းစားလဲ. . . ဘာရည်းစားလဲ. . . ဘာလို့ရည်းစားဖြစ်ရမှာလဲ. . .'

www.burmeseclassic.com



'ဟာ. . . နင့်ဟာ ဘယ်လိုကြီးလဲဟ. . . တစ်ယောက်ကို တစ်ယောက်ချစ်ရင် ရည်းစားမဟုတ်ဘူးလား. . .'

'တစ်ယောက်ကိုတစ်ယောက် ချစ်တိုင်းသာရည်းစားဆိုရင်ငါနဲ့ဟိုကရင်မလေးမနော်နဲ့က ရည်းစားလား. . . ကဲပြော၊ သူလဲ ငါ့ကို ချစ်တယ်. . . ငါလဲ သူ့ကိုချစ်တယ်လေ. . .'

'အဲ. . .'

'နောက် အိမ်ဘေးအိမ်က ကလေးလေးကိုလဲ ငါချစ်တယ်. . . သူလဲ ငါ့ကိုချစ်တယ်. . . အဲဒါလဲရည်းစားလား. . . ကြောင်ကလေးဘိုနီ၊ ကျောင်းကဆရာဆရာမ၊ ရပ်ကွက်ထဲကလူကုန်အားလုံးငါ့ကိုချစ်ကြတယ်၊ ငါကလဲအားလုံးကိုပြန် ချစ်တယ် . . . ကဲ အဲဒီတစ်ရပ်ကွက်လုံး၊ ဆရာဆရာမအားလုံးဟာငါ့ရည်းစားတွေလား. . . ကဲပြော. . .'

'အင်. . .'

ကျွန်တော်ဘာဆက်ပြောရမှန်းမသိတော့. . .။ တစ်ရပ်ကွက်လုံးကသူ့ကိုချစ်တယ်. . . သူကလဲ တစ်ရပ်ကွက်လုံးကိုချစ်သတဲ့. . အဲဒါရည်းစားလားတဲ့. . .။ ကျွန်တော်ခေါင်းကိုသာဖိကုတ်နေမိ၏။အတန်ကြာသည်အထိအဖြေကမပေါ်. .။

ထို့ကြောင့် ယောင်ယောင်ကန်းကန်းနှင့်သာ

'မဟုတ်ဘူးလေ. . ငါ. . ငါပြောတာက. . . ဟိုလေ. ရင်နဲ့အမျှချစ်တာကိုပြောတာ. . .'

'ရင်နဲ့အမျှဖြစ်ဖြစ်. . . ရင်နဲ့သာခုဖြစ်ဖြစ်. . . အတူတူပဲ ဘာမှ လာမပြောနဲ့. . .'

'ဟာကွာ. . . နင်ကလဲ. . .'

ကျွန်တော် ခေါင်းကိုသာဖိကုတ်နေမိ၏။ ဘာဆက်ပြောရမှန်းကိုမသိတော့. . .။

www.burmeseclassic.com



အတန်ကြာတော့မှ သတိရသွားပြီး. . .

'အဲ. . . ငါ နင့်ကိုချစ်တာဒီလိုဟာ. . .'

ဟုဆို၍ (မိတ်ဆွေတစ်မျိုးတော့မထင်နဲ့) လွယ်အိတ်ထဲမှစာအုပ်တစ်အုပ်ဆွဲထုတ်လိုက်သည်။

'ရော့. . .'

ကျွန်တော်ကမ်းပေးသောစာအုပ်ကို ရွှေမိုးမယူသေးဘဲ မျက်မှောင် ကျုံ့ကြည့်ရင်း. . .

'ဘာလဲ. . .'

ကျွန်တော်အားတက်သရောဖြင့်. . .

'ဒိုင်ယာရီလေ. . . ငါ့ဒိုင်ယာရီ. . .'

သူ့ကိုယ်လုံးလေး အနောက်သို့ယို့လိုက်သည်. . .။

'နင့်ဒိုင်ယာရီကို ငါကဘာလုပ်ရမှာလဲ. . .'

ကျွန်တော်လဲ အားတင်း၍ ပြောချလိုက်သည်။

'ဟိုလေ. . . ငါ့ဒိုင်ယာရီက နင့်အကြောင်းတွေချည်း ရေးထားတာ ဟိုလေ. . . ငါနင့်ကိုဘယ်လောက်ချစ်ကြောင်း. . .'

သူကျွန်တော့်ကို ဖျတ်ခနဲပြန်ကြည့်သည်။ ပြီးတော့ စာအုပ်ကိုဆတ်ခနဲ ဆွဲယူလိုက်သည်။ ပြီးတော့ အနောက်က သစ်ပင်ကိုမှီပြီး

'ဖတ်မယ်နော်. . .'

ကျွန်တော့်ကိုခွင့်တောင်း၏။

'ဖတ်. . . ဖတ်. . . အပြီး နင်ဖတ်ဖို့ပဲဟာ ဟီး. . .'

ကျွန်တော့်လက်နှစ်ဖက် မည်သို့ပေါင်ကြားထဲရောက်နေသည်မသိ။ ရှက်၍လဲဖြစ်နိုင်သည်။

သူ ကျွန်တော့်ကို အပြန်အလှန်သုံးခါလောက်ကြည့်ပြီး စာအုပ်ကိုဖွင့်၍ စိမ်ပြေနပြေဖတ်နေလိုက်သည်။

www.burmeseclassic.com



ပြီးတော့ ခေါင်းတငြိမ့်ငြိမ့်နှင့် ကျွန်တော့်ကိုပြုံး၍ပြန်ကြည့် သည်။ ကျွန်တော် ရှက်ကိုးရှက်ကန်းနှင့် သူ့ကိုရယ်ပြလိုက်သည်။

'အဟီး. . .'

ကျွန်တော့်အမူအရာကတော့ကိုယ့်လက်သည်း ကိုယ်ပြန် ခွာရမလိုပုံမျိုး ဖြစ်နေပေလိမ့်မည်။ ကျွန်တော်၏ မခို့တရို့ပုံကို ကြည့်၍ သူထပ်ပြုံးလိုက်ပြီး စာအုပ်ကို စိမ်ပြေနပြေတစ်ရွက်ချင်း ဖတ်နေပြန်၏။ ဖတ်ရင်းဖတ်ရင်း သူ့မျက်နှာပြုံးယောင် သမ်းသမ်း လာ၏။

'သေချာပြီ. . . ဒီလောက်ဆို ကျွန်တော့်မြန်မာစာအရေးအသားတွင် မျောနေတာတော့သေချာပြီ. . .'

ရေးထားတာလဲ သူ့ကို နေမင်းနှင့်တစ်မျိုး၊ လမင်းနှင့်တစ်သွယ်၊ပန်းကလေးနှင့်တစ်ဖုံ၊ မိုးကုပ်စက်ဝိုင်းနှင့်တစ်နည်း၊ နည်းပုံစံ အမျိုးမျိုးကို တစ်မျိုးနှင့်တစ်မျိုး မရိုးရလေအောင် သူ့ကို ကျွန်တော် ဘယ်လောက်ချစ်ကြောင်း ရေးထားသည်ဆိုတော့ သူသဘောကျ နေလောက်၏။ နောက် စာကိုလဲ ရိုးရိုးသားသား အတည့်မရေးဘဲ ပို့(စ်)မော်ဒန်ဆန်ဆန် (ရောက်တတ်ရာရာ) ရေးထားသည်ဆိုတော့ သူဖတ်လိုက်၊ အဓိပ္ပာယ်ဖော်လိုက်နှင့် ဖြစ်နေပုံရ၏။ အတန်ကြာမှ စာအုပ်ကိုပိတ်ပြီး ကျွန်တော့်ဘက် ပြုံး၍လှည့်လာကာ. . .

'နင်က စာအရေးအသားကောင်းသားပဲဟ. . . ဒါကြောင့် စာရေးဆရာဖြစ်တာ. . .'

'အဟီး. . .'

ကျွန်တော် ရှက်ချင်ယောင်ဆောင်၍ ရယ်ပြလိုက်၏။ ခေါင်းက ပခုံးနှစ်လုံးကြားရမ်းရင်း လက်နှစ်ဖက်ကတော့ ဒူးနှစ်

www.burmeseclassic.com



လုံးကြားထဲ လက်သည်းခွာနေမိ၏။ (ရင်တုန်တာရော၊ ရှက်နေတာရော ကြောင့်ဖြစ်နိုင်သည်။)

'အဲ. . . အဲဒါ နင်ဘယ်လိုသဘောရလဲဟင်. . .'

ကျွန်တော့်၏အမေးကို သူမျက်မှောင်ကျုံ့လိုက်ပြီး

'ဘယ်လိုမှသဘောမရပါဘူး. . .'

'အင်. . .'

သူ့စကားကြောင့် ကျွန်တော် ရင်ဆို့သွား၏။ နောက် သူမှပင် စကားကိုပြန်ဆက်၏။

'ငါမှ နင်ရေးထားတာတွေနားမှမလည်တာ. . .'

'ဗျာ. . .'

ကျွန်တော့်ဗျာသံက အနည်းငယ်ရှည်၍ တုန်ရင်နေ မှာ သေချာ၏။

'ဟို. . . ဟိုလေ. . ငါ နင့်ကိုဘယ်လောက်ချစ်တဲ့အကြောင်း. . .'

'အေးလေ. . . ငါသိပြီလေ. . . နင့်စာထဲကအတိုင်း ငါကနတ်သမီး. . . နင်ကန္ွားချေးပိုး. . . အဆင့်အတန်းကွာခြားလို့ ဖိုးလမင်းဆီတောင်းတာ၊ တောင်ဝေ့းတစ်ချောင်းရတယ်ဆိုတာ. . .'

'အလို. . .'

ကျွန်တော်မျက်ရည်များပင် ဝိုင်းချင်သွား၏။ ကျွန်တော် ရေးထားတာက ဤသို့မဟုတ်။ ပုံပြင်ထဲကနတ်သမီးကို လိုချင်တဲ့လူတစ်ယောက်က. . . ဖိုးလမင်းထံတိုင်တည်ရင်း၊ ကျွန်တော့်ကိုအစွမ်းထက်တဲ့ဝရဇိန်လက်နက်ပေးပါ၊ ကျွန်တော့်မှာ နွားချေးပိုးလောက်သာဦးနှောက်ရှိရင်တောင် နတ်သမီးလေးတစ်ယောက်ကိုသာ ရအောင်ယူမှာပဲဆိုတဲ့အဓိပ္ပာယ်နှင့် ရေး

www.burmeseclassic.com



ထားတာ. . .။

ဒါကို သူပြောလိုက်တော့ ကျွန်တော်ပါဘယ်ဘဝ ရောက်သွားရမှန်း မသိတော့. . .။

'ဟဲ့. . . ဒါနဲ့. . . . ဟိုအပိုဒ်ကို ငါသိပ်မရှင်းဘူးဟဲ့။ ဘာတဲ့. . . သရဲသကြားလုံးစားပြီး ဝမ်းလျှောသေတဲ့မျောက် မသာကမာတုဂါမရဲ့ လက်ကိုဆွဲတာ လက်မှာဝဲပေါက်သွား တယ်ဆိုတာလေ. . .'

'အဟင့်. . .'

ကျွန်တော် တကယ်ငိုချင်သွား၏။ ကျွန်တော် ရှင်းလဲ မပြချင်တော့ ရှင်းပြနေလျှင်လည်း ရှည်လျားနေလိမ့်ဦးမည်။ နောက်ပြီး ဟိုဟာကဘယ်လို. . . ဒီဟာကဘာကြောင့်နှင့် စကားက ဆုံးနိုင်မည်မဟုတ်၊ ယခု လောလောဆယ်မှာတော့ ကျွန်တော့်စိတ်ထဲတွင် အနှစ်နှစ်အလလစုဆောင်းပြီး၊ အနုအရွ အလှတွေနှင့် တန်ဆာဆင်ထားသော ကျွန်တော့်ဒိုင်ယာရီ စာအုပ်ကလေးကို မီးရှို့ပစ်ချင်နေခြင်းပင်. . .။

'ဟဲ့. . . ဒါနဲ့. . .'

'တော်ပြီဟာ. . . နင်ဆက်မပြောနဲ့တော့ ငါငိုချင် လာပြီ . . အဟင့်. . .'

သူ ကျွန်တော်ရဲ့ ငိုမဲ့မဲ့မျက်နှာကိုကြည့်ပြီး ရယ်သည်။ ပြီးမှ. . .

'ငါက နင့်ကိုအကောင်းပြောမလို့ပါဟ. . .'

'ဘာလဲ. . .'

ကျွန်တော်၏ ခပ်ဆတ်ဆတ်စကားကို သူရယ်ကျဲကျဲ ပြုံးစေ့စေ့လုပ်ရင်း. . .

'ငါလဲ. . . နင့်လိုပဲ ဒိုင်ယာရီရေးထားတာရှိတယ် . . .'

www.burmeseclassic.com



'ဟင်. . . တကယ်လား'

သူ့စကားကြောင့် ကျွန်တော်ဝမ်းသာသွား၏။

'ငါ့. . . ငါ့အကြောင်းတွေလား. . .'

'အေးပေါ့ဟ. . . နင့်အကြောင်းတွေ. . .'

ဤကမ္ဘာမြေတွင် ကျွန်တော့်လောက်ဝမ်းသာသူ ရှိအံ့မထင်တော့။

'ငါ့. . . ငါ့ကိုပေးဖတ်ပါလား. . .'

'အေး. . . ပေးဖတ်မှာပေါ့. . . နင်ဖတ်ဖို့ရေးထားတာပဲ. . . နေဦး ပါလားမသိဘူး. . .'

ဟုဆို၍ အရှုးအမိုက်ပုံသဖွယ် ရုပ်ပွေနေ သော သူ့လွယ်အိတ်ကလေးထဲ လက်နှိုက်ရှာလိုက်၏။ ပြီးတော့ အပြာရောင်သားရေဖုံးနှင့် စာအုပ်တစ်အုပ်ကိုဆွဲထုတ်ပြီး ကျွန်တော့်ကိုပေးသည်။

'ရော့. . .'

စာအုပ်ကိုလှမ်းယူသော ကျွန်တော့်လက်များ ကြည်နူးမှုတို့ဖြင့် တဆတ်ဆတ်တုန်. . .

'ငါ. . . ငါ အေးအေးဆေးဆေး အိမ်ယူဖတ်လို့မရဘူးလား. . .'

သူမခေါင်းကို ခပ်သွက်သွက်ရမ်းလိုက်ပြီး. . .

'မရဘူး. . . မရဘူး ဒီစာကိုဖတ်ပြီး နင့်ကိုငါပြောစရာရှိသေးတယ်. . .'

'ဟင်. . . တကယ်. . .'

ကျွန်တော့်ဆံပင်များပင် ထောင်ထသည်အထိ ဝမ်းသာသွားမိ၏။ သူ့ပုံစံကကြည်ကြည်လင်လင်. . .။နောက် ခေါင်း ငြိမ့်ပြ၏။

ကျွန်တော်တုန်ရင်နေသော လက်အစုံနှင့်စာအုပ်ကိုဖွင့်လိုက်၏။

www.burmeseclassic.com



'ဖတ်မယ်နော်. . .'

သူ့ထံ ခွင့်တောင်းလိုက်၏။

'အေး. . . ဖတ်. . .'

ခွင့်ရသဖြင့် ကျွန်တော်စာမျက်နှာတစ်ခုလှန်လိုက်သည်။

'ဟင်'

ကျွန်တော်အံ့အားသင့်သွား၏။

ပထမစာမျက်နှာတွင်ရေးထားသည်က. . .

'ရွှေမိုးသည်း၏ ကိုယ်တွေ့ဖြစ်ရပ်ဆန်း မှတ်တမ်းဘုတ်အုပ်ကြီးတဲ့'

'အလဲ့. . . နာမည်ပေးထားတာက ဂမ္ဘီရလိုလို နက္ခတ်လိုလို. . .'

နောက်တစ်မျက်နှာတွင်ရေးထားသည်က. . .

'ညီကျော်(ခ)ဘီဂါး၏အတွက် မှတ်တမ်း. . .'တဲ့. . . ကျွန်တော့်မှာ ပီတိဝေဖြာလို့. . . သူ့မျက်နှာမှာကရော. . . အပြုံးတွေပွင့်နေလိုက်တာ. . .

ကြည်နူးစိတ်များ တဖွားဖွားနှင့် နောက်တစ်မျက်နှာလှန်လိုက်တော့. . .

'ဟင်. . .'

ကျွန်တော့်မျက်ဝန်းအစုံ ပြူးကျယ်သွား၏။ တတိယစာမျက်နှာတွင်ရေးထားသည်က. . .

'ရည်းစားတစ်ယောက် ငမ်းငမ်းတက်လိုချင်နေသော ညီကျော်(ခ) ဘီဂါး၏တစ်နှစ်တာကုန်ကျစရိတ်အကျဉ်းတဲ့. . .'

အောက်တွင်ရေးထားသည်က. . .

ရည်းစားတစ်ယောက် ငမ်းငမ်းတက်လိုချင်နေသော

www.burmeseclassic.com



ညီကျော်(ခ) ဘီဂါး၏ကုန်ကျခဲ့ပြီးသောကုန်ကျစရိတ်များ. . .

ဟု ဆို၍တစ်နေ့တာအသုံးအဆောင်များကိုဤသို့ရေး ထားလေ၏။

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှစ၍

ဘီဂါး၏ရည်းစား တစ်ယောက်ရရှိရန် ကြိုးစားခဲ့သော အသုံးစာရင်းများနှင့် ပိုးပန်းမှုအကူပစ္စည်းများ

| စဉ် | အကြောင်းအရာ | အရေအတွက် | နှုန်း | တစ်နှစ်စရိတ် |
|---|---|---|---|---|
| ၁။ | ဆံပင်ညှပ် (သွား/ပြန် ဆိုက္ကားခပါ) | ၁၂ | ၅၀၀ | ၆၀၀၀ |
| ၂။ | မျက်နှာလိမ်းရန် NIVEA စနိုးဘူးကြီး | ၁၂ | ၂၅၀၀ | ၃၀၀၀၀ |
| ၃။ | MG(5) ခေါင်းလိမ်းခရင် | ၆ | ၇၅၀၀ | ၄၅၀၀၀ |
| ၄။ | Body Spray (NIVEA) | ၆ | ၂၀၀၀ | ၁၂၀၀၀ |
| ၅။ | Follow Me ခေါင်းလျှော်ရည်ဘူးကြီး | ၂ | ၄၅၀၀ | ၉၀၀၀ |
| ၆။ | Deodoraent ချိုင်းချွေးတောင့် | ၃ | ၂၀၀၀ | ၆၀၀၀ |
| ၇။ | စတစ်ကော်လာ အင်္ကျီ(၁-နှစ်စာ) | ၆ | ၃၀၀၀ | ၁၈၀၀၀ |
| ၈။ | T-Shirt (ရောင်စုံ) | ၁၂ | ၆၀၀၀ | ၇၂၀၀၀ |

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၉။ | ပွဲနေပွဲထိုင်ဝတ်ရန် | | | |
| | ပိုးတိုက်ပုံ | ၄ | ၁၂၀၀၀ | ၄၈၀၀၀ |
| | ပိုးလုံချည် | ၄ | ၁၀၀၀၀ | ၄၀၀၀၀ |
| ၁၀။ | ရှိုးရှိုးရှပ်အင်္ကျီ (အဆင်စုံ) | ၁၂ | ၄၀၀၀ | ၄၈၀၀၀ |
| ၁၁။ | အိမ်နေဝတ်ရန် | | | |
| | မြင်းခေါင်းစွပ်ကျယ် | | | |
| | လက်တို | ၄ | ၈၀၀ | ၃၂၀၀ |
| | လက်ရှည် | ၄ | ၆၀၀ | ၂၄၀၀ |
| ၁၂။ | အတွင်းခံ | | | |
| | ဘောင်းဘီ(အဆင်စုံ) | ၁၂ | ၈၀၀ | ၉၆၀၀ |
| ၁၃။ | ဘောင်းဘီ(ပုံစံစုံ၊ အဆင်စုံ) | | | |
| | ဂျင်းဘောင်းဘီရှည် | | | |
| | (LEVI'S) | ၆ | ၃၀၀၀၀ | ၁၈၀၀၀၀ |
| | SHORT PAN | ၃ | ၆၀၀၀ | ၁၈၀၀၀ |
| | SPORT WARE | ၃ | ၅၀၀၀ | ၁၅၀၀၀ |
| | ဘောင်းဘီတို(ရေချိုး) | ၂ | ၆၀၀ | ၁၂၀၀ |
| ၁၄။ | ဖိနပ်များ | | | |
| | Walking Shoe(Nike) | | | |
| | အမှန်အကန် | ၂ | ၃၀၀၀၀ | ၆၀၀၀၀ |
| | Country Boot | | | |
| | (လည်ရှည်)(မန်း) | ၁ | ၁၅၀၀၀ | ၁၅၀၀၀ |
| | All ကတ္တီပါ | ၈ | ၁၀၀၀ | ၈၀၀၀ |
| | ဆင်ခြောက်ကောင် | ၂ | ၃၅၀၀ | ၇၀၀၀ |
| | မိုးစိုစီး(ကွင်းထိုး) | | | |

www.burmeseclassic.com



| | | | |
|---|---|---|---|
| (NIKE) | ၁ | ၆၀၀၀ | ၆၀၀၀ |
| မိုးစိုစီး(ကြိုးသိုင်း) (DUNLOP) | ၁ | ၈၀၀၀ | ၈၀၀၀ |
| ၁၅။ ပုဆိုး(ဦးဂျမ်း) | ၁၂ | ၂၈၀၀ | ၃၃၆၀၀ |
| ၁၆။ ချည်ပုဆိုးကြမ်း (အိမ်နေ) | ၄ | ၉၄၀ | ၃၇၆၀ |
| ၁၇။ Writting Pag (ရောင်စုံဒီဇိုင်း) | ၁၂ | ၈၀၀ | ၉၆၀၀ |

<u>သိုင်းဝိုင်းပိုးပန်းစရိတ်(ခန့်မှန်းစရိတ်သာ)</u>

| **စဉ်** | **အကြောင်းအရာ** | **ခန့်မှန်းကာလ** | **ခန့်မှန်းစရိတ်** | **တစ်နှစ်တွက်** |
|---|---|---|---|---|
| ၁။ | မိန်းကလေးနောက် (ကား/ဆိုက္ကား)များနှင့် လိုက်ခြင်းစရိတ် (လိုင်းကားခများရှင်းပြီးအပါ) | ၁-လ | ၁၀၀၀၀ | ၁၂၀၀၀၀ |
| ၂။ | အကျိုးဆောင်များ အတွက်ကျွေးမွေးစရိတ် | ၃-လ | ၄၅၀၀၀ | ၄၅၀၀၀ |
| ၃။ | မိန်းကလေးများနှင့် ပတ်သက်သောဆက်ဆံ ရေးတိုးတက်မှုကိုကြွားရန် တိုက်ရသောလက်ဖက်ရည်ဖိုး | ၁-လ | ၁၅၀၀၀ | ၁၈၀၀၀၀ |
| ၄။ | ပိုးပန်းကြေးအဖြစ်ပေးရသော လက်ဆောင်ပစ္စည်းများစရိတ် | | | |

www.burmeseclassic.com



(ဖန်စီလက်စွပ်၊
နားကပ်များအပါ) ၁-နှစ် ၂၅၀၀၀ ၂၅၀၀၀

ကျွန်တော်သူ့ကို ဖျတ်ခနဲမော့ကြည့်မိသည်။ သူက ကျွန်တော့်ကို မိန့်မိန့်ကြီးပြုံးကြည့်နေသည်။

'ဘယ်နှယ့် တိကျရဲ့လား. . .'

ဖတ်ရင်းဖတ်ရင်းနှင့် ကျွန်တော်မျက်ရည်များဝိုင်းလာသည်။

'ဒါ. . . ဒါတွေက. . .'

'နင့်ရဲ့တစ်နှစ်စာကုန်ကျစရိတ် အကျဉ်းလေဟာ. . ငါ သိပ်မအားသေးလို့ စာရင်းမချုပ်ရသေးတော့. . . ငါ့စိတ်ထင် တစ်နှစ်ကို (၁၀)သိန်းလောက်တော့ရှိမယ်ထင်တယ်. . .'

'ဗျာ. . .'

ကျွန်တော် ကိုယ့်ရဲ့ကုန်ကျစရိတ်များကိုကြည့်ပြီး မျက်ရည်များဝိုင်းသွားမိ၏။ ကြည့်စမ်း. . . သူဘယ်ကဘယ် လိုစုံစမ်းပြီး ရေးသားထားသည်မသိ။ အားလုံး ကျွန်တော့်အသုံး အဆောင်များ ကွက်တိပင်။ ကြည့်ရင်းကြည့်ရင်း ငိုချင်လာမိ၏။ မငိုချင်၍ဖြစ်မှာလား. . ။ ကျွန်တော်ရည်းစားတစ်ယောက် ရရန် အတွက် ကုန်ကျစရိတ်က တစ်နှစ်ဆယ်သိန်းတဲ့. . . ။

'နင် အခုမျက်ရည်ဝိုင်းသွားပြီဟုတ်. . . ။ နင်တောင် မျက်ရည်ဝိုင်းရင် နင့်မိဘတွေဆို ဘယ်လောက်မျက်ရည်ဝိုင်း မလဲ နင်စဉ်းစားကြည့်. . . ။သူတို့ခင်ဗျာ. . . အော်. . . သား လေးပညာတတ်ကြီးဖြစ်ပါစေတော့. . . ဆိုပြီး ငွေတွေပို့နေ လိုက်ရတာ. . . ။ နင်က ဒီမှာရည်းစားတစ်ယောက်ရဖို့ သုံးဖြုန်း ပစ်နေလိုက်တာ. . . ။ သူတို့သိရင်ဘယ်လောက်စိတ်မကောင်း

www.burmeseclassic.com



ဖြစ်ကြမလဲ. . . ။နင်. . . နင့်အဖေနဲ့အမေကို မသနားဘူး လားဟင်. . .'

'အဟင့်. . .'

ကျွန်တော့်ထံမှ ရှိုက်သံထွက်သွားရ၏။ သူပြောတော့မှ ကျွန်တော် ငွေလိုသမျှတွေကို ဒိုင်ခံပေးပို့နေသော အဖေနှင့် အမေ၏ပုံရိပ်များ က မျက်လုံးထဲကွင်းခနဲ သနားစဖွယ် ပေါ်လာ၏။သူတို့ခမျာငွေရ အောင် ဘယ်လောက်ရုန်းကန်ရှာခဲ့ရကြောင်း ကျွန်တော်သာအသိဆုံးမဟုတ်ပါလား. . .

အော်. . . အဖေအဖေ. . . အမေ အမေ. . . တစ် နှစ်(၁၀)သိန်း ကုန်ပြီ. . . ကုန်ပြီဗျ. . .

'အခု ငါတစ်ခုစဉ်းစားမိတယ်။ ဒါ. . . နောင်လာ နောင်သားတွေအတွက်ရော နင့်မိဘတွေအတွက်ရော ဆင်ခြင် မိအောင်ပါ. . .'

ကျွန်တော်မျက်ရည်ဝိုင်းပြီး သူ့ကိုငေးကြည့်နေမိသည်။ သူက ကျွန်တော့်ကိုဝေ့ကြည့်ပြီး. . .

'ဒါကဒီလိုပါ. . . ဒီစာရင်းကိုမိတ္တူကူးပြီး နင့်မိဘတွေ ဆီတစ်စုံ နဲ့ ပါမောက္ခဆီတစ်စောင်မိတ္တူ ပို့ပေးလိုက်မယ်လေ. . . ပါမောက္ခဆီက ကျောင်းကြော်ငြာသင်ပုန်းမှာ ကပ်ဖို့လေ. . . ဒါမှ ဒီစာရင်းကိုကြည့်ပြီး ကျန်တဲ့ကျောင်းသားအားလုံး နမူနာယူ

ခိုင်းမှာ. . . အဲဒီအတွက် မိတ္တူဖိုးငါ့ကိုပေး. . .'

'ဘာလို့ပေးရမှာလဲ. . မပေးနိုင်ဘူး. . ငါက အရှက် လဲကွဲရဦးမယ်. . . မိတ္တူဖိုးလဲပေးရမယ်ဆိုတော့ မပေးနိုင် ဘူး. . . အဟင့် ငါငိုချင်လာပြီနော်. . . လာမစနဲ့. . . အဟင့်. . . အဟင့်. . .'

ကျွန်တော့်ဒေါသတကြီး အော်ဟစ်သံကို ငတိမက

www.burmeseclassic.com



အေးအေးဆေးဆေးပင်. . .

'ဟဲ့. . . နင်ကလဲ စိတ်ကောင်းမရှိလိုက်တာ။ ကျန်တဲ့ သူတွေနင့်ကိုကြည့်ပြီး နမူနာယူမိပြီး ဒါမျိုးကိုဆင်ခြင်လို့ ရတာ ပေါ့. . . ကုသိုလ်ရပါတယ်. . . ပေးစမ်းပါမိတ္တူဖိုး. . .'

'မပေးဘူး. . . မပေးဘူး. . . တော်ပြီဟာ. . . ရည်း စားလဲမထားတော့ဘူး၊ မိန်းမလဲမယူဘူး. . . တော်ပြီ မိန်းမတွေ ကို စိတ်လဲကုန်သွားပြီ. . .'

ကျွန်တော့်စကားကို သူကရင်ဘတ်လေးဖိ မျက်လုံး လေးပြူးပြီး.

'ဟယ်. . . ငါနဲ့တူလိုက်တာ. . .'

သူ့စကားကြောင့် ကျွန်တော်မျက်ရည်ဝိုင်းနေရသည့်ကြားက မျက်မှောင်ကျုံ့မိသွား၏။

'ဘာလဲ. . . လာပြန်ပြီ. . . ဘာတူတာလဲ. . .'

'ဟိုလေ. . . မိန်းမမယူတော့ဘူးဆိုတာလေ. . .'

'အင်. . .'

ကျွန်တော် ဘာပြန်ပြောလို့ပြန်ပြောရမှန်းမသိတော့။ အတန်ကြာမှ စဉ်းစားမိပြီး. . .

'ဟင်. . . နင်ကမိန်းကလေးပဲ မိန်းမဘယ်ယူမှာ လဲ. . .'

'အော်. . . မသိဘူးလေ. . . နင်က မိန်းမမယူဘူး ငါ ကလဲ မိန်းမ မယူဘူးဆိုတော့အဟဲ. . . တူများတူနေသလား လို့. . . ဟီး'

တောက်. . . ဒါ သူတမင်ရွဲ့ပြောတာ။ ကျွန်တော်လဲ သူ့ကိုပြန်ရွဲ့ချင်တာမို့. . .။

'ယောက်ျားပဲယူမယ်မဟုတ်လား. . .'

'ယူမယ်. . .'

www.burmeseclassic.com



'အယ်. . .'

ဒါကျတော့ပြတ်သားနေပြန်ရော။ ကျွန်တော်ပြောရန် စကားတို့ ပျောက်ဆုံးနေပြန်ပြီ. . . ဘာပြန်ပြောလို့ပြောရမှန်း မသိခင်. . . သူကပင်ဆက်၍ပြောသည်။

'ပြီးရင် နင်လိုအူတူတူ အတတကောင်လေးတွေ တန်းစီမွေးပစ်မယ်. . .'

ပြောပုံက ကြက်သီးထစရာ၊ မျက်လုံးကြီးပြူး၊ အံကြိတ်လို့. . .

'ဘာ. . . ဘာလုပ်ဖို့လဲ. . .'

ကျွန်တော့်ရဲ့ တုန်တုန်ရင်ရင်စကားကို သူကပြုံးရင်း ပြန်ဖြေသည်က-

'စ. ချင်လို့. . . တဲ့'

ပြီးတော့ ပထမမြင်ရတဲ့မြင်ကွင်းအတိုင်း. . . ဗျာ. . .။ ထိုင်ငိုက်နေတာနေတာ။ အဲဒီတော့မှ ကျွန်တော်လဲ သူအိပ်ငိုက် ချင်ယောင်နေတာမှန်းသိရတော့တယ်. . .။ ကြည့်လေ ငိုက်သာငိုက်နေတာ ခိုးခိုးခစ်ခစ်ရယ်သံကထွက်လို့. . . .။

'တောက်. . . ဘယ်လိုမိန်းကလေးမျိုးမှန်း မသိပါဘူး ဗျာ. . .။ တကယ်. . .'

× × ×

www.burmeseclassic.com

စာသင်ခန်းထဲတွင် ရွှေမိုးသည်းတစ်ယောက် ငြိမ်သက်စွာရှိနေပါသည်။ မငြိမ်သက်၍မရပါ. . .။ သင်နေသည့် ဆရာက ကျောင်းတွင် စိတ်ဆတ်သည်ဟု နာမည်ကြီးလှသော ဆရာ. . . ဆရာဦးမြတ်လှ။

ဆရာဦးမြတ်လှဆိုသည်ကလည်း တစ်ကျောင်းလုံး အသိ၊ သူစာသင်နေသည့်အချိန်တွင် စကားပြောတာတို့၊ လှုပ်လှုပ်ရွရွဖြစ်တာတို့၊ ဆရာအလစ်မှာ အခန်းပြင်ထွက်တာ၊ ဝင်တာတို့ လုံးဝလက် မခံတတ်။ ထို့ကြောင့် သူ့အတန်းချိန်ကျလျှင် မည်မျှဆိုးသည်ဟု နာမည်ကြီးသည့်ကျောင်းသားပင် တုတ်တုတ် မလှုပ်ရဲ. . .။

ယခုလည်း ရွှေမိုးသည်းတို့ငြိမ်နေသည်မှာ အဆန်းတော့မဟုတ်။ နောက်ပြီး သူကကျောင်းသားဆိုးမှမဟုတ်ဘဲ။ သူ ကျွန်တော့်ကိုဖျတ်ခနဲဝေ့ကြည့်သည်။ တွေ့သွားပြီ။ကျွန်တော် ပြုံး၍ လက်ထောင်ပြလိုက်၏။ ဖျတ်ခနဲပြန်လှည့်သွားသည်။ သူ့မျက်လုံးတွေ ဆရာသင်နေသောကျောက်သင်ပုန်းဆီပြန် ရောက်သွား၏။

www.burmeseclassic.com



သိပ်မကြာလိုက်၊ သူ့အနားတွင်ကပ်ထိုင်နေသော ကောင်မလေးတစ်ယောက်သူ့ကို(ဘာမှန်းမသိ)ကပ်ပြော၏။ ရွှေမိုးသည်းက ခေါင်းတငြိမ့်ငြိမ့်နှင့်နားထောင်သည်။ ဆရာလစ်သည်နှင့် ကောင်မလေးက ကသုတ်ကယက်အခန်းပြင်လှမ်းထွက်၏။ နောက်ကော်ရစ်တာရှေ့ရပ်နေသော ကျွန်တော့်ကိုကျော်ဖြတ်၍ ဒရောသော ပါးပြေးသွားမိ၏။

အော်. . . သူ့ခမျာ ဆရာမိသွားမှာစိုးထင့်. . . ဘာဖြစ်သွားသည်ကိုတော့မသိ။

ဆရာကျောင်းသားများဘက် ပြန်လှည့်လာသည်။ နောက်မျက်မှောင်ကျုံ့ပြီး

'ရွှေမိုးသည်း. . . ညည်းနားကရတနာခင် ဘယ်ကိုသွားလဲ. . .'

'ဗိုက်ဆာလွန်းလို့ သွားစားဦးမယ်တဲ့ဆရာ. . .'

ရွှေမိုးသည်းအဖြေကြောင့် ဆရာ့မျက်နှာကြီးတင်း သွား၏။နောက် ဘာမှဆက်မပြောဘဲ ခေါင်းတငြိမ့်ငြိမ့်လုပ်ပြီး စာကိုသာစိတ်ရှည် လက်ရှည်ဆက်သင်သည်

သိပ်မကြာလိုက်ပါ. . . ရတနာခင်ဆိုသော ကောင်မလေး ကသုတ်ကယက်နှင့်ပြန်ရောက်လာသည်။ ပြီးတော့ ဆရာ့အလစ်တွင် အခန်းထဲလှစ်ခနဲဝင်၏။

ဖြစ်ချင်တော့ ဆရာလှည့်ကြည့်ချိန်နှင့်ဆုံသွားပြီး. . .

'ရတနာခင်. . .'

ရတနာခင်ဆိုသော ကောင်မလေး ဆရာ့ခေါ်သံကြောင့် တွန့်သွားသည်။ခြေလှမ်းတွေရပ်သွား၏။ကြောက်ရွံ့ လွန်၍ထင့်။ မျက်နှာလေးကငယ်လို့. . .။

'ရတနာခင် ခုနကဘယ်သွားတာလဲ. . .'

www.burmeseclassic.com



ရတနာခင်ကြောက်ရွံ့စွာခေါင်းငုံ့လိုက်ပြီး. . .

'အိမ်သာသွားတာပါဆရာ. . .'

သူ့အဖြေကြောင့် တစ်ခန်းလုံးဝါးခနဲပွဲကျသွား၏။ ဆရာပင်မျက်ခုံးကြီးမြင့်တက်သွား၏။

ဟုတ်သည်လေ. . . ခုန ရွှေမိုးသည်းကိုမေးတော့ ဗိုက်ဆာလို့သွားစားဦးမယ်တဲ့. . . ရတနာခင်ကိုမေးတော့ အိမ်သာတဲ့. . . ကျောင်းသားတို့၏ရယ်သံက အတောမသတ်။ ရတနာခင် ကြောင်တောင်တောင်နှင့် ကျောင်းသားအားလုံးကို လိုက်ကြည့်သည်။ ပြီးတော့ အားလုံးကိုဝေ့ကြည့်ပြီး. . .

'ဟီး ဟီး. . .'

ဘာမှန်းညာမှန်းမသိ။ သူပါ ရောယောင်ရယ်နေ သည်။ သူရယ်တာမြင်တော့ ကျောင်းသားအားလုံးထပ်ရယ် ပြန် ၏။ ဒေါသကြီးသည့်ဦးမြတ်လှပင်ပြုံးစိစိ. . .

'ကဲ. . . ကဲ. . . ဝခဲ့ရဲ့မဟုတ်လား. . .'

ဆရာ့အမေးကိုရတနာခင်ကဘုမသိဘမသိနှင့် ခေါင်း ငြိမ့်ပြီး. . .

'ဝခဲ့ပါတယ်ဆရာ. . .'

ကျောင်းသားအားလုံး ဝါးခနဲပြန်ရယ်ကြပြန်သည်။

'ကဲ. . . ဒါဆိုလဲ ခုံမှာငြိမ်ငြိမ်လေးပြန်ထိုင်. . .'

'ကဲ. . . ညဏ်ကြီးရှင်လေးထပါဦး. . .'

ဆရာ့အသံကြားတော့ အားလုံးအသံတိတ်သွားပြန် ၏။ မည်သူ့ကိုပြောမှန်းမသိပေမယ့် ရွှေမိုးသည်းက မတ်တပ်ထရပ် သည်။

'ကဲ. . . ဆိုစမ်းပါဦးညဏ်ကြီးရှင်လေး. . . ညည်းက ညဏ်ကြီးရှင်ဆိုတော့ ခုနဆရာသင်ခဲ့တဲ့အထဲကခက်တဲ့မေး

www.burmeseclassic.com



ခွန်းတစ်ခုမေးရမယ်. . .'

'နေဟာ ဘယ်အရပ်ကထွက်တာလဲ. . .'

ရွှေမိုးသည်းတစ်ချက်စဉ်းစားလိုက်ပြီး. . .

'အနောက်အရပ်ကပါဆရာ. . .'

သူ့အဖြေကြောင့် ကျောင်းသားတွေအားလုံး ဝါးခနဲထရယ်ပြန်သည်။ ဆရာကသာ မျက်နှာတည်သွားပြီး. . .

'ရွှေမိုးသည်း ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေစမ်း. . . နေဟာ အရှေ့အရပ်ကထွက်တယ်ဆိုတာ ကလေးကအစသိတယ်. . .'

'ကျွန်မသိတာ ပြောပါရစေဆရာ. . .'

ဆရာမျက်မှောင်ကျုံ့လိုက်သည်။ ပြီးတော့ မေးဆတ်ပြ၏။ သဘောကတော့ ပြောဆိုသည့်သဘော. . .

'ဒီလိုပါဆရာ. . . အမှန်တော့ နေဟာ အရှေ့အရပ်ကနေပြီး ကမ္ဘာကြီးထဲဝင်လာတာပါဆရာ. . . သူထွက်သွားတာမဟုတ်ပါဘူး'

'ဘာ. . .'

ဆရာမျက်မှောင်ကြီးကျုံ့ပြီး မရှင်းသလိုထအော်၏။

'ဒီလိုပါဆရာ. . . ကမ္ဘာကြီးဟာ အိမ်ကြီးတစ်လုံးဆိုပါတော့. . . နေဟာ လူတစ်ယောက်ထားပါတော့. . . နေဟာ အိမ်ပေါ်လှမ်းတက်တယ်ဆိုရင်. . . အဲဒါ နေဟာ အိမ်ထဲဝင်လာတာလား ထွက်သွားတာလားဆရာ. . .'

ရွှေမိုးသည်းစကားကြောင့် ဆရာအပါအဝင် ကျောင်းသားအားလုံး ကြောင်သွားကြ၏။ ဒါကို ရွှေမိုးသည်းမှပင်ဆက်၍ ပြောသည်။

'ဒီလိုပါပဲဆရာ. . . အဲဒီနေဟာ အိမ်နောက်ဖေးကနေ

www.burmeseclassic.com



ဆင်းသွားရင်သူဟာ ဝင်လာတာလား ထွက်သွားတာလား. . .'

ဆရာမျက်မှန်ချွတ်၍ ရွှေမိုးသည်းကိုစိုက်ကြည့်၏။ ရွှေမိုးသည်း ကတော့ခပ်တည်တည်ပင်. . . .။

'အဲဒါကြောင့် နေဟာ အရှေ့ဘက်ကကမ္ဘာကြီး ဆီဝင်လာပြီး၊ အနောက်ဘက်ကနေ ပြန်ထွက်သွားတယ်လို့ ရွှေမိုးထင်ပါတယ်. . .'

အားလုံးကြောင်ငေးပြီး သူ့ကိုငေးကြည့်နေကြသည်။ အတန်ကြာမှ ဆရာကသက်ပြင်းချပြီး မျက်မှန်ကိုပြန်ကောက်တပ်လိုက်သည်။

'ရွှေမိုးသည်း. . .'

'ရှိပါတယ်ဆရာ. . .'

'နေဟာ အရှေ့အရပ်ကဝင်တယ် ဟုတ်လား'

'ဟုတ်ပါတယ်ဆရာ. . . ရွှေမိုးမလိမ်ပါဘူး. . .'

'အေး. . . ဒါဆို ဆရာ့ရုံးခန်းလိုက်ခဲ့. . .'

'ဟုတ်ကဲ့ဆရာ. . .'

ဆရာ ကျောင်းသားများကိုလှည့်မကြည့်တော့ဘဲ အခန်းထဲမှစာရွက်စာတမ်းများယူပြီး လှည့်ထွက်သွား၏။ မျက်နှာကတော့နီမနေပါဘူး. . .။ဒါပေမယ့် အနည်းငယ်တော့တင်းနေတယ်. . .။

ဆရာ့နောက်မှ ရွှေမိုးသည်း။ အခန်းပေါက်ရောက်တော့ ကျွန်တော့်ကိုတစ်ချက်ငဲ့ကြည့်၏။ ပြီးတော့ ခေါင်းကိုမော့ရင်ကိုကော့၍ ဆရာ့နောက်လိုက်သွားလေ၏။

ကျွန်တော်ကသာ သူ့အနောက်မှနေ၍. . .

× × ×

www.burmeseclassic.com

ရုံးခန်းအဝရောက်တော့ သူကျွန်တော့်ကိုတစ်ချက် ဝေ့ကြည့်ပြန်သည်။ သူ့အကြည့်မှာ ကျွန်တော့်ခြေလှမ်းတွေရပ်။ ဘာမှမပြောပါဘူး. . . ဆရာ့အခန်းထဲလှည့်ဝင်သွားတယ်။ ကျွန်တော်ကသာ အခန်းဝမှာ ငေါင်စင်းစင်း. . .။ အခန်းထဲမှာ ဘာတွေပြောနေတယ်တော့ မကြားဘူး. . .။ ဒါပေမယ့် ဆရာ ကရွှေမိုးသည်း ကိုဆူနေပုံရတယ်။ ဆရာ့အသံက တိုးတိုးအုပ် အုပ်ပေမယ့် မာမာထန်ထန်. . .

ရွှေမိုးအသံကသာ တိုးညှင်းစွာ. . .

ကျွန်တော့်မှာသာ အခန်းနားလည်းမကပ်ရဲ. . .

ထွက်သွားဖို့ကလည်းအခက်မို့ သည်အတိုင်းသာ ရပ်နေမိ၏။

ဤသို့သာပေါ့ ရွှေမိုးသည်းရယ်. . .

ဝိုးတဝါးပါပဲ. . . ယိမ်းထိုးလှုပ်ခတ်သွားမှသိလိုက်ရ။ ဟောင်း နွမ်းလှတဲ့စကားလုံးဟာ ငါ့အတွက်အသစ်လိုခံစားနေရ။ ရိုးရိုး ရှင်းရှင်းလေးပါပဲ. . .။ ချစ်တယ်ပေါ့။ ဒါပါပဲ. . .။

www.burmeseclassic.com



ဟစ်ခေါ်သံတွေ မိုးသားထဲဆူညံ. . . တစ်နေရာဆီရှိနေတုန်းမှာ အထီးကျန်မှုကို စတင်ခံစားရပြီလေ။ မြင်သာ ထင်သာတဲ့ အိပ်မက် တွေဆက်မက်ရင်း. . . အဝေးကြီးကို လွင့်မျောကြဦးမှာလား။ မသေချာခြင်းတွေနဲ့ပဲ ကြွေကျကြရမှာလား. . . ။

ငါမင်းအတွက် စိုးရိမ်တယ်. . . ရွှေမိုးရယ်. . . ။

ယုံကြည်မှုတွေဖြေလျှော့ထားချင်တယ်ကွယ်. . . ဒါပေမယ့် ပိုပို မြန်လာတဲ့ ရင်ခုန်သံတွေကို ဘယ်လိုထိန်းသိမ်းရမှာလဲ. . . ငါ မင်းကိုချစ်တယ်. . . ။ ဒီအခြေအနေကလေးနဲ့ပဲ ရောင့်ရဲနေပါစေ. . . ။ အရာရာပြည့်စုံပြီပေါ့. . . ။

အိပ်မက်များ ပြည့်စုံပြီပေါ့. . . ။

ဘဝတစ်ခု. . .

× × ×

www.burmeseclassic.com

ကျွန်တော့်အတွေးမဆုံးမီဆရာ့အခန်းမှ တံခါးဖျတ်ခနဲပွင့်လာ၏။

'ရွှေမိုး. . .'

အို. . . သူ့မျက်ဝန်းမှာမျက်ရည်စတွေ. . .

ကျွန်တော်အံ့အားသင့်သွားသည်။

'ရွှေမိုး. . .'

သူကျွန်တော့်ကိုဝေ့ပင်မကြည့်ဘဲ ခပ်သွက်သွက်လှမ်းထွက်သွား ၏။ ကျွန်တော်ကသာ စိုးရိမ်စိတ်တို့ဖြင့် သူ့နောက်ကအပြေးလှမ်းခဲ့မိ. . .။

'ရွှေမိုး. . . ဘာ. . . ဘာဖြစ်လို့လဲဟင်. . . .'

ကျွန်တော့်အမေးကိုသူအဖြေမပေးဘဲ မျက်ရည်စများကိုသာ သူ့လက်ကလေးနှင့်သုတ်ဖယ်ပစ်လိုက်၏။ ကျွန်တော်ကသာ စိုးရိမ်စိတ်တို့ဖြင့် သူ့ရဲ့အနားကပ်လိုက်နေမိ. . .။

'ရွှေမိုး ဆရာကဆူလိုက်လို့လားဟင်. . .'

သူကျွန်တော့်ကိုလှည့်ပင်မကြည့်။ လွယ်အိတ်ကို ပခုံး

www.burmeseclassic.com



ပြောင်းလွယ်လိုက်၏။ ခြေလှမ်းကလဲသွက်နေဆဲ. . . မျက်ရည်များစီးကျနေဆဲ. . . ရှိုက်သံတော့မကြားရ. . .။

ကော်ရစ်တာကိုချိုးလိုက်ပြီးကျောင်းမိန်းလမ်းမ တစ်လျှောက်ထွက်လိုက်သည်။

'ရွှေမိုး. . . နင်. . . နင်ဘာလို့ငိုတာလဲဟင်. . .'

သူ ကျွန်တော့်ကိုလှည့်ကြည့်၏။ မျက်ဝန်းမှာမျက်ရည်တို့စီးကျဆဲ. . . မျက်နှာကတော့ ရှုံ့မဲ့ခြင်းမရှိ။

'ရွှေမိုး. . . နင်စိတ်ငြိမ်သွားအောင် တစ်နေရာမှာထိုင်လိုက်ပါလား မျက်ရည်တွေနဲ့လျှောက်သွားနေရင် မကောင်းဘူး'

ကျွန်တော့်စကားဆုံးသည်နှင့် လမ်းမပေါ်ငုတ်တုပ်ထိုင်ချလိုက်၏။

'အဲ'

သူ့အပြုအမူကြောင့် ကျွန်တော်ဘာလုပ်ရမှန်းမသိ။ သူ့လိုပဲ ငုတ်တုပ်ထိုင်ချလိုက်ရမလား. . . ဆွဲပဲထူရမလားနှင့်ကုန်း ကုန်းကွကွ ကြီးဖြစ်နေတော့၏။ အတန်ကြာမှသတိရပြီး. . .

'ရွှေမိုး. . . ငါပြောတာ ဒီမှာမဟုတ်ဘူး. . . ဟိုလေ. . . ဟိုနားကခုံတန်းမှာ. . .'

သူဖျတ်ခနဲပြန်ထပြီးအရှေ့မှနေ၍ လျှောက်သွားပြန်၏။ ကျွန်တော်အနောက်မှလိုက်ရပြန်၏။ခုံတန်းတစ်ခုရောက်တော့သူထုံးစံအတိုင်း ဆိုးဆိုးဆတ်ဆတ်ဝင် ထိုင်လိုက်၏။ ပြီးတော့အနောက်မှသစ်ပင်ကြီးကိုမှီလိုက်သည်။ မျက်ရည်တို့ကစီးကျဆဲ. . .။

ကျွန်တော် ခုံတန်းမှာဝင်မထိုင်ဘဲ သူ့အရှေ့ရပ်၍. . .

'ရွှေမိုး. . . နင်ဘာတွေစိတ်မကောင်းဖြစ်နေရ တာလဲ. . . ငါ. . . ငါ့ ကိုပြောပြပါလားဟာ. . . ငါကူညီနိုင်ရင်

www.burmeseclassic.com



ကူညီပါ့မယ်. . .’

သူ့ခန္ဓာလေး တသိမ့်သိမ့်တုန်ရင်လာ၏။ နောက် ရှိုက်သံ့သံ့. .

ငိုသံများ. . . ငိုသံများ. . . တိုးတိုးဖွဖွငိုသံများ. . .

‘ရွှေမိုး. . .’

‘ရွှေမိုး. . .’

သူ့မျက်လုံးများမှိတ်နေဆဲ. . .

ကျွန်တော်သာ ခြေမကိုင်မိ၊ လက်မကိုင်မိ ကတုန်ကရင်နှင့်. . .

‘ရွှေမိုး. . .’

ငိုကြွေးနေဆဲ. . .

‘ရွှေမိုး. . .’

ရှိုက်သံများ. . .

‘ရွှေမိုး. . .’

မျက်ရည်များ. . .

‘ဟင်. . . ရွှေမိုး သွေး. . . သွေးတွေ. . .’

ကျွန်တော်အံ့အားသင့်သွားသည်။ ကြည့်နေရင်းမှပင် သူ့နှာခေါင်း မှစီးကျလာသော သွေးစများ. . . သွေးစများ. . .

‘ရွှေမိုး သွေး. . . သွေးတွေ. . .’

ကျွန်တော့် အသံကြားလား. . . မကြားလားမသိ ငိုကြွေးနေဆဲ. . . သည်းထန်စွာ ငိုကြွေးနေဆဲ. . .

မျက်ရည်နှင့်သွေးစများစီးကျဆဲ. . .

စီးကျဆဲ. . .

စီး ကျ ဆဲ

စီး. . . ကျ. . . ဆဲ

× × ×

www.burmeseclassic.com

ည

အဆင်းငယ်'လှ'သောည. . . မှေးမှိန်သောကြယ်စင်တို့ဟိုး. . . အဝေးမှာတည်။

ည. . . .

အလင်းငယ်မှိန်သောည. . .။ ကောင်းကင်မှကြယ်စင်များကိုပြုစား. . .။ အလင်းရှင်ဖန်ဆင်းထားသောည. . .။ မှေးမှိန်သိမ်ငယ်မှုထဲပျော်မွေ့၊ဘဝမေ့ဆဲ. . .။ မည်းမှောင်သောအရိပ်တို့စိုးဝင်၊ အရာရာကိုဖုံးလွှမ်းချိန်. .။ အမှောင်ကို အန်တုၡဖျတ်ခနဲမြင်လိုက်ရသောအလင်း. . .။

အလို. . .

ကြယ်စင်တစ်ပွင့်. . .

ဝေးကြည့်နေစဉ်ခဏ. . . ကြွေကျသောကြယ်စင်. . '

အို. . . ည. . .

ချောက်ချားတဲ့တိမ်ညိုများရဲ့နောက်က အလင်းတန်းကို

www.burmeseclassic.com



ခေါ်ဆောင်သောကြယ်စင်. . . ဘာကြောင့်များခြွေချနေတာပါလဲ. . .

အိုည. . .

ကြယ်စင်တွေကို ညတိုင်းလင်းလက်ခွင့်ပေးပါ. . . အို. . . ည. .

ကြယ်တွေကြွေကျတိုင်းငိုနေရသူငါ. . .

ဆို့နင့်. . .

ရှိုက်သံများ. . .

ကြယ်ကြွေမြင်တိုင်း. . .

× × ×

www.burmeseclassic.com

'မင်းဂျူနီယာလေး ကျောင်းမှာမတွေ့တာ အတော်ကြာပြီ နော်. . .'

ကိုသူရဲ့စကားကြောင့် သတိရစိတ်တို့ပို၍ မြှင့်တင်ပေး လိုက်သလိုဖြစ်သွားရ၏။ နေမှကောင်းရဲ့လား ရွှေမိုးသည်းရယ်. .။

ဤသို့သာပေါ့ ရွှေမိုးသည်းရယ်. သတိရစိတ်ဆိုတာ တိတ်တိတ် ကလေးပါပဲ. . . တဖွဖွခြေသံနဲ့အတူ ရင်ခွင်ထဲ ဆိုက်ကပ်ခဲ့. . တွန်းလှန်နိုင်တဲ့အင်အားမရှိတဲ့ငါ့မှာ မင်းရဲ့ပုံရိပ် ကလေးတွေသာ အိပ်မက်ထဲထုတ်ထုတ်ကြည့်ရင်း အလွမ်းဖြေ ရ. . .

တစ်ခါတစ်ရံတော့လဲလေ. . မင်းနဲ့ဝေးနေတဲ့အချိန် တွေမှာ နိဗ္ဗာန်ရောက်နေသလို ခံစားရလေရဲ့. . . ဒါပေမယ့် ဒါတွေဟာ မကြာခင်ပဲ ငရဲဖြစ်ဖြစ်လာတယ်. . .။

သေချာစွာမသိရတဲ့နေ့ရက်တချို့ဟာ ပြောမပြတတ် အောင်တော့ကြည်နူးမိပါတယ်။ အမှန်အတိုင်းဝန်ခံရရင် ငါ့ရဲ့ ဘဝဟာ မင်းလက်ထဲမှာ ခေတ်ပေါ်ကဗျာတစ်ပုဒ်လိုပါပဲ. . . ကာရန်ယူ ချင်တဲ့အခါယူ၊ မယူချင်တဲ့အချိန်တွေမှာ မေ့ပစ်ခြင်း ခံရသူပေါ့. . . ရွှေမိုးသည်းရေ. . .

ကောင်းကင်မှာလည်း တိမ်တိုက်တွေဖုံးလွှမ်းလာပြီ လေ. . . ငါဆုတောင်းမိပါရဲ့. . .။

ရွှေမိုးရယ်သည်းပါတော့. . .။

× × ×

www.burmeseclassic.com

ဗိုလ်ချုပ်ဈေးဘက်သွားရအောင်. . .

မဆီမဆိုင်ပြောလာသော ကိုသူရဲ့စကားကြောင့် အတွေးတို့ပြတ်တောက်. . .

'အေး. . . ကောင်းတယ်. . . ကောင်မလေးတွေ လိုက်ကြည့်ရအောင် ဟီဟိ. . .'

မျက်လုံးမကောင်းသောဘအေးက မျက်မှန်ကလေး ပင့်ကာပင့်ကာနှင့် ထောက်ခံ၏။

'ညီကျော်. . . မင်းလိုက်ခဲ့ပါလား. . .'

ကျွန်တော် စိတ်ညစ်သွားမိ၏။ ကိုသူကတော့ ကျွန်တော့်ကို မျှော်လင့်ချက်တောက်ပသောမျက်လုံးတို့နှင့် စိုက်ကြည့်လို့. . . ကျွန်တော်ကသာ ခေါင်းကိုခပ်သွက်သွက်ယမ်းခါလိုက်ပြီး. . .

'ဟာကွာ. . . ရှုပ်ရှုပ်ယှက်ယှက်. . . ဘာသွားလုပ်မှာလဲ. . .'

ကျွန်တော်၏စကားကို ဘအေးကမျက်မှန်ပင့်တင်ရင်း. . .

'ဟ. . အသက်ရှည်ပါတယ်ဆိုနေမှ. . .'

'မရှည်ချင်ပါဘူးကွာ. . .'

www.burmeseclassic.com



ကျွန်တော့် စိတ်ပျက်လက်ပျက်စကားကို ကိုသူက ကြားဖြတ်၍. .

'လာပါကွာ. . . လေကောင်းလေသန့်ရပါတယ်. . . စိတ်ပြေလက်ပျောက်ပေါ့. . .'

'ကျွတ်. . .'

'လာပါကွာ ညီကျော်ရာ. . . မင်း ဒီအတိုင်း ငေါင်စင်းစင်းထိုင်ပြီး ရောဂါတိုးနေမယ့်အစား. . . စိတ်ပြောင်းသွားအောင်လျှောက်လည်တာက တန်ဖိုးရှိမှာပါ. . . လာပါ. . ကဲ. . ဘအေး'

'ဟ. . . ဟ. . . ဟော့ကောင်တွေ. . .'

နှစ်ယောက်သား ကျွန်တော့်လက်ကို ပြိုင်တူဆွဲလိုက်၏။

ကျွန်တော် မငြင်းသာတော့. . . ငြင်းလို့လဲမရတော့ သူတို့နှစ်ယောက်က ကျွန်တော့်လက်တစ်ဖက်စီကို ဆွဲထားပြီကိုး။ ဆွဲတာကမှ ရိုးရိုးမဆွဲ။ ညာဘက်က ဘအေးက ကျွန်တော့်ဘယ်လက်။ ဘယ်ဘက်က ကိုသူက ကျွန်တော့်ညာလက်ကြီးကို နှစ်ယောက်လုံးခြေကန်ဆွဲထားတာဆိုတော့ လည်ပင်းပါအစ်နေ၏။ ကိုယ့်မေးစေ့ တောင်ကိုယ့်ပခုံးနှင့်ပြန်မလွတ်ချင်. . .

'ဟ-ကောင်တွေ လွှတ်ပါဟ. . . လိုက်မှာပါဟ. . . လူကို ဂျင်ရုပ်များမှတ်နေလား. . . ဟာ ဟာ လွှတ်ပါဟ. . .' ကျွန်တော့်မှာသာ ယက်ကန်ယက်ကန်. . . နှစ်ယောက်သား ဂရုမစိုက်ဘဲ ထိုအတိုင်းကျွန်တော့်ကို ရှုပ်တိုက်ဆွဲချသွား၏။

× × ×

www.burmeseclassic.com

အဖြူ၊ အပြာ၊ အနီ၊ အဝါ၊ မရမ်း၊ လိမ္မော်၊ နီတျာတျာ၊ ခရမ်း၊ မီးခိုး၊ အသည်းကွဲ၊ အုတ်ခဲ၊ သုံးဘီး၊ ဖက်ဖူး၊ နက်ပြာ၊ ပြောင်ခေါင်း စိမ်း၊ မြင်းချေး၊ နွားချေး အဲလေ. . . ကမ္ဘာပေါ်တွင်ရှိရှိသမျှ အရောင်အသွေးအားလုံးကို စုံညီစွာတွေ့လိုက်ရသလို လူရောင်စုံများကိုကြည့်ပြီး ကျွန်တော့်မျက်စိနောက်ချင်ချင်။ ဘအေးနှင့် ကိုသူတို့ကတော့ ဘောင်းဘီအိတ်ထဲ ကိုယ်စီလက်နှိုက်ပြီး မြူးနေကြ၏။

'တောက်. . . ဘယ်ကောင်မလေးကြည့်ကြည့် လှနေပါရော့လား ကွာ. . .'

'အေးဆို. . .'

ဘအေး၏စကားကို ကိုသူကထောက်ခံ၏။ ဒါကို ဘအေးက မျက်မှောင်ကျုံ့ပြီး. . .

'မင်းကဘယ်သူ့ကိုပြောတာလဲ. . .'

'ဟိုမှာလေ ခရမ်းရောင်ဝမ်းဆက်နဲ့. . .'

ဘအေးက ခေါင်းကိုခပ်သွက်သွက်ရမ်းပြီး. . .

www.burmeseclassic.com



'ဟာ. . . ငါက ဟိုကအပေါ်အဖြူအောက်အနီနဲ့ ကောင်မလေးကိုပြောတာ. . .'

ဘအေးညွှန်ပြရာကို သူလှည့်ကြည့်လိုက်ပြီး. . .

'ဟာ. . . အဲဒါ ခတ်တိုင်ကြီး'

'အင်. . .'

ဟုတ်သား ဘအေးစိုက်ကြည့်နေတာက လမ်းပလက်ဖောင်းတွင် ခတ်မတ်မတ်စိုက်ထူထားသော အဖြူအနီကြားခတ်တိုင်အိုကြီး။ အောင်မာ. . . ခုနက ဘအေးအဟုတ်မှတ်ပြီး မျက်စိတောင်မှိတ် ပြနေသေး. . . သူ့ဟာနှင့်သူတော့ ဟုတ်သလို. . .

'ဟော့ကောင်. . . ဟိုအင်္ဂလိပ်မလေး. . . မိုက်တယ်ဟ. . .'

ဘအေး တစ်နေရာသို့မေးငေါ့ရင်း ပြောပြန်သည်။ ဒါကို ကိုသူက ဝေ့ကြည့်ပြီး. . .

'ဟာ. . . အဲဒါဆိုင်ရှေ့မှာထောင်ထားတဲ့ အလှပြအရုပ်ကြီး. . .'

ဘအေးက ဖွဲခနဲရယ်လိုက်ပြီး. . .

'အဟဲ. . . ငါသိပါတယ်ဟ. . . မင်းမျက်စိကောင်းရဲ့လားလို့ စမ်းကြည့်တာ. . .'

'အောင်မာ. . . မင်းကများ. . .'

နှစ်ယောက်လုံးအူမြူးနေ၏။

'ကဲ. . . အထဲတစ်ပတ်လောက်ပတ်ကြည့်ရအောင်. . .'

'အေးဆို. . .'

'ဟာ. . . ငါမလိုက်ချင်ဘူးကွာ. . .'

ကျွန်တော့်ရဲ့ငြင်းဆန်စကားကြောင့် နှစ်ယောက်လုံး

www.burmeseclassic.com



ဘယ်တစ်ယောက် ညာတစ်ယောက် ခရော်ဇင်ဖမ်းဆွဲလိုက်ရာ. . .

'ဟ. . . ဟ. . . မလုပ်ပါနဲ့ဟ. . . ဈေးလယ်ခေါင်ကြီးနော်. . . မလုပ်နဲ့နော်. . . ဟေ့ကောင်တွေ. . .'

'မရဘူး. . . မင်းမလိုက်ရင် ဒီအတိုင်းဆွဲခေါ် မှာပဲ. . .'

'ကြာတယ်ကွာ. . . ဆွဲ ဆွဲ. . .'

'ဟ. . . ဟ. . . လိုက်မှာပါကွ. . . ဟ. . . ဟေ့ကောင်တွေ. . . ငါ့ဖာသာငါလိုက်ပါရစေ. . .'

ကျွန်တော်တို့ ဈေးလယ်ခေါင်ကြီး ရုန်းရင်းဆန်ခတ်ဖြစ်နေ၏။ ထိုစဉ်. . .

'ဟဲ. . . ညီကျော်. . . ညီကျော်'

ခေါ်သံကြား၍ကြည့်လိုက်တော့. . .

'ဖြူပြာ. . .'

အောင်မာ. . . ဖြူပြာက မှုန်တွေဘာတွေတေ့ပြီး ဝင်းမှည့်နေတာ။ သူ့ခမျာဈေးလာမည်ဆို၍ မတတ်တတ်အောင် ရှုကိုတင်းထားပုံရ၏။

'ဟာ. . . ဖြူပြာ. . . နင်ဘယ်ကလှည့်လာတာတုံး. . .'

ဒီလိုနေရာမှာ ဒီလိုပုံစံမျိုးနှင့်ဖြူပြာကိုမြင်တော့ ကျွန်တော်ဝမ်းသာသွားမိ၏။ ဟိုနှစ်ကောင်ကတော့ ကျွန်တော့်လက်မလွှတ်သေး။ ဖြူပြာကသာ ကျွန်တော်တို့၏ထံ ခပ်သွက်သွက်လှမ်းလာပြီး. . .

'အေး. . . ဒီမှာဈေးဝယ်လာတာ. . . ဟဲ့ နင်တို့ကရော. . .'

'အဟဲ. . .'

www.burmeseclassic.com



'ဟီးဟီး. . .'

'အဟင့်. . . အဟင့်. . .'

သုံးယောက်လုံး ဘာပြောလို့ပြောရမှန်းမသိဘဲ သွားဖြဲကြီးတွေနှင့်ဖြစ်ကုန်၏။ ဟုတ်တယ်လေ. . . လာရင်းကိစ္စကိုပြောလို့မှမဖြစ်တာ။ ရည်ရွယ်ချက်က အဲဒီလိုကြီးမားတာ။ ဖြူပြာကသာ ဘေးဘီဝေ့ကြည့်ရင်း. . .

'ဟဲ့. . . ရွှေမိုးကိုတောင် ငါတွေ့လိုက်သေးတယ်. . .'

'ဟင်. . .'

ဖြူပြာ၏စကားကြောင့် ကျွန်တော့်မျက်လုံးတွေပြူးထွက်သွား၏။ ဆံပင်များထောင်သွားရ၏။ ခြေဖျားပင်ထောက်မိသွား၏။ အလုပ်ဆင်းခေါင်းလောင်းထိုးသံကြားရတဲ့ အလုပ်သမားလေးလို ရင်ထဲမှာတော့ လှိုက်ခနဲ. . .

'ဘယ်. . . ဘယ်မှာတွေ့တာလဲ. . . ဘယ်မှာတွေ့တာလဲ. . .'

ကျွန်တော်၏ အလောတကြီးအမေးကို ဖြူပြာဈေးအတွင်းဘက် မေးငေါ့ပြပြီး. . .

'အတွင်းထဲဘက်ဝင်သွားတာပဲ. . . ဟဲ့ ဟဲ့. . . ဘယ်လိုဖြစ်တာလဲဟဲ့. . . ညီကျော်'

'ဟဟ. . . ဟေ့ကောင် ဘယ်လိုဖြစ်တာလဲ. . .'

'ဟဟ. . . လုပ်ကြပါဦးဟ. . . လုပ်ကြပါဦး. . .'

ကျွန်တော်ဖြူပြာ့စကားကို ဆုံးအောင်နားမထောင်နိုင်တော့။ ဟိုနှစ်ကောင်၏လက်ကိုသာ ဘယ်ညာပြန်ဖမ်းဆွဲရင်း ဈေးအတွင်းဘက်သို့ ဒုန်းစိုင်းချသွား၏။ အံကြီးကြိတ်ထားမှာသေချာ၏။ ဟို နှစ်ကောင်ကတော့ တဟေ့ဟေ့ တဟဟနှင့် ယက်ကန်ယက်ကန် ပါလာသည်။

www.burmeseclassic.com



ဗိုလ်ချုပ်ဈေး၏အတွင်းဘက်ရောက်သောအခါ မျက်လုံးကို ဘယ်ညာထောင့်ကပ်၍ အသည်းအသန်လိုက်ရှာသည်။ မတွေ့။ ရွှေမိုးသည်းနှင့်တူတာဆိုလို့ အနံ့ပင်မရ. . .။ အတွင်းဘက်သို့ အနည်းငယ်ထပ်ဝင်မိ၏။ ဟိုနှစ်ကောင်က တော့ တဟော့ဟော့တဟာဟာနှင့်ပါလာတုန်း. . .။

မျက်လုံးကို ဘယ်ညာအလျင်အမြန်ထောင့်ကပ်လိုက်ပြန်သည်။ မတွေ့။ လာလေ့ နောက်တစ်စုံ. . .။ မရှိ. . .။

'ဟ. . . ဟော့ကောင်. . .'

အကြည့်မဆုံးမီမှာပင် ဘအေး၏အော်သံကြောင့် ကျွန်တော်သူ့ကို ကြည့်မိသည်။

'ဟိုမှာ. . .'

ဘအေးမှ ကျွန်တော့်အရှေ့တည့်တည့်မေးဆတ်ပြ၏။ သူညွှန်ပြ ရာကြည့်လိုက်တော့. . .

'ဟယ်. . .'

'ရင်ကိုအေးသွားတော့တာပါပဲ. . .'

ဟုတ်ပါသည်။ ကျွန်တော့်၏ ချစ်လှစွာသောဂဠုန်လေးပါ. . .။ ဒီနေ့မှမကြုံစဖူး အံ့ဖွယ်ထူးအောင် ထူးထူးမြိန့်မြိန့် ဘူးပါတိတ် ခရမ်းရောင်နှင့် လူတကာငမ်းချင်လောက်အောင် လှနေပါတော့သည်။ အရှေ့ကမော့တော့မော့တော့သွားနေသည်မို့ ကျွန်တော်တို့ကိုမြင်ပုံမရ. . .။

ကျွန်တော့်ရင်တွင်းမှာသာ ရင်ခုန်သံတို့ ကုလားဗုံစတီး၏။ ခြေအစုံသည်လည်း မြင်းရိုင်းသဖွယ် ဒုန်းစိုင်းခုန်ပေါက်ချင်လာ၏။ ပါးစပ်ကလည်း အလုပ်မရှိပါဘဲ အလိုလိုပြုံးချင်လာ၏။ မျက်လုံးကတော့သနားစဖွယ် ကလယ်ကလယ်နှင့်. . .။

www.burmeseclassic.com



'ဟာ. . . ဟော့ကောင်. . .'

ခြေလှမ်းစရန်ပြင်တုန်းမှာပင် ဘအေး၏အော်သံကြောင့် ခြေလှမ်းတို့ရပ်တန့်သွားရပြန်၏။

'ဟိုမှာ. . .'

သူနောက်တစ်ကြိမ်မေးဆတ်ပြ၏။ သူညွှန်ပြရာကြည့်လိုက်တော့

'ဟင်. . . ဟတ်ကော့ကြီး. . .'

အလုပ်ကဆင်းပြီး ဘတ်စ်ကားကြပ်ကြပ်ထဲ တိုးရခါနီးလို ရင်ထဲမှာဆို့သွား၏။

ဟုတ်ပါသည်။ ကြက်ဝပ်ရှော့ (ကြက်မွေးမြူရေးနှင့်ဝပ်ရှော့လုပ်သော) ကိုဟတ်ကော့ပါ။ သူကတော့ ရွှေမိုးသည်းနားကပ်ပါ တွတ်ထိုးရင်းမြူးလို့. . .။ ရွှေမိုးသည်းကလဲ ကိုဟတ်ကော့ကြီးပြောရာကို သဘောကျသလို ရယ်လို့မောလို့. . .။

ခုနကကျွန်တော့်မျက်လုံးတွေ ရွှေမိုးတစ်ယောက်တည်းကိုသာ ခရော်ပင်ဖြတ်ထားသည်မို့ ဟတ်ကော့ကြီးကို မမြင်မိခြင်းပင်. . .

'မိုးမမြင်လေမမြင်ပါပဲလား. . .'

ကိုသူ၏စကားကြောင့် ကျွန်တော့်စိတ်ထဲတင်းခနဲ. . . စိတ်ထဲတွင် လည်းထောင်းခနဲ. . .

'လာကွာ. . . အနောက်ကလိုက်ရအောင်. . .'

ကျွန်တော့်စကားကို ဘအေးမျက်လုံးပြူးသွားပြီး. . .

'ဟာ. . . မလိုက်ပါနဲ့ကွာ. . . သူတို့ဖာသာသူတို့ မိုးလေဝသအခြေအနေကောင်းနေတာကို. . .'

'ဟုတ်သား. . .'

ကိုသူကထောက်ခံ၏။ ကျွန်တော်ကသာ အလျှော့

www.burmeseclassic.com



မပေးချင်သေးဘဲ။ သူတို့လက်ကိုဆွဲရင်း. . .

‘လာပါကွာ. . . သူတို့ဘယ်အခြေအနေဆိုတာ သိချင်လို့ပါ. . .’

ကျွန်တော့်ရဲ့စကားကို ကိုသူကမျက်နှာရှုံ့မဲ့လိုက်ပြီး. . .

‘ဟာကွာ. . . ဒီအခြေအနေကိုကြည့်တာနဲ့ သိသာပါတယ်ကွာ. . သူတို့သမီးရည်းစားဖြစ်သွားကြပြီထင်တယ်ကွ. . .’

‘ဟေ. . .’

‘အေးလေကွာ. . . ကြည့်ပါလား နှစ်ယောက်သားပြုံးလို့ပျော်လို့. . .’

‘ဟင်. . .’

ကိုသူရဲ့စကားကို ဘအေးကထောက်ခံ၏။ သူတို့၏စကားများက ကျွန်တော်၏တင်းထားသောစိတ်ကို ဝုန်းခနဲပြိုလဲသွားစေ၏။ ခြေ လှမ်းတို့ယိုင်နဲ့. . . အမြင်အာရုံများဝမ်းနည်းမှုတို့နှင့် ဝေဝါးလာသည်။ ဆုံးရှုံးမှုတို့ရဲ့အစပေပဲလားဆိုတဲ့စိတ်က ရင်ထဲကိုတင်းကြပ်စွာစိုးမိုးစေ၏။ သူတို့သမီးရည်းစားဖြစ်သွားပြီလား. .

ဖြစ်လည်းဖြစ်နိုင်ပါသည်။ နှစ်ယောက်လုံးမှ ပခုံးချင်းထိမတတ်နီး ကပ်စွာလျှောက်လှမ်းနေပြီး၊ တစ်ခါတရံ၌ ရွှေမိုးက ဟတ်ကော့၏ လက်မောင်းကို ပျော်ရွှင်စွာလှမ်းရိုက်နေသေး၏။ ဟတ်ကော့ကြီး၏ ပါးစပ်နားရွက်နှစ်ဖက်တက်ချိတ်မတတ်ဖြဲကားလို့။ ကျွန်တော့် ရင်ထဲမှာသာ ကျဉ်ခနဲကျဉ်ခနဲ။ စိုးရိမ်စိတ်တို့လဲ ဖုံးဖိမရနိုင်တော့

‘ဘယ်လိုလဲရွှေမိုးသည်းရယ်. . .။ ငါ့မှာတော့

www.burmeseclassic.com



အိပ်မက်တွေတစ်ပွေ့တစ်ပိုက်နဲ့. . .'

'ဟော. . . ဟိုဘက်ကိုကွေ့ဝင်သွားပြီ. . .'

ဘအေး၏စကားကြောင့် ကျွန်တော်အလန့်တကြား ကြည့်မိသည်။

ဟုတ်ပါသည်။ ရွှေမိုးသည်းနှင့်ကြက်ဝပ်ရှော့ကြီး ဈေးလမ်းကြား တစ်ခုထဲချိုးဝင်သွားသည်ကို တွေ့လိုက်ရ၏။

'လာကွာ. . . လိုက်ကြည့်ရအောင်. . .'

စိတ်ကိုအနိုင်နိုင်တင်းရင်းပြောလိုက်သော ကျွန်တော့် စကားကိုကိုသူနှင့်ဘအေးနှစ်ယောက်လုံး မျက်မှောင်ကျုံ့ပြီး. . .

'ဟာ. . . ဘာလိုက်ကြည့်မှာလဲ. . . သူတို့ဟာသူတို့ ပျော်နေတာကို. . .'

'ဟုတ်သား. . . မင်းကလဲလွှတ်ပေးလိုက်ပါ. . . သိချင်ရင်လဲ နောက်မှမေးပေါ့. . .'

'မဟုတ်ပါဘူးကွာ. . . လာပါ. . . ငါအခုလိုက် ကြည့်ချင်လို့ပါ. . . လာပါကွာ. . . နော်'

မျက်နှာပျက်ပျက်နှင့် ပြောနေသောကျွန်တော့် ကိုကြည့်ပြီး နှစ်ယောက်လုံးကြောင်ငေးသွားကြသည်။ နောက် တော့ သနားသွားသလားတော့ မပြောတတ်။ နှစ်ယောက်လုံး သက်ပြင်းကို ခပ်မျှင်းမျှင်းချပြီး. . .

'ကဲ. . . ဒါဆိုလဲလိုက်ကြည့်ကြတာပေါ့. . .'

သူတို့စကားကြောင့် ကျွန်တော်အားတက်သွားပြီး. . .

'အေးပါ. . . ခဏပါပဲ. . . လာပါ. . . မြန်မြန်သွားရ အောင်. . .'

ကျွန်တော်တို့ခြေလှမ်းတွေ တဆိတ်သွက်လွန်းလှသည် ထင့်. . .။ သိပ်မကြာခင်အချိန်အတွင်းမှာပင် ရွှေမိုးသည်းတို့

www.burmeseclassic.com



ကွေ့ဝင်သွားသောလမ်းချိုးကိုရောက်လာ၏။ အတွင်းထဲ လိုက်မဝင်သေးဘဲ လမ်းချိုးထဲငဲ့ကြည့်လိုက်တော့. . .။

'ဟင်. . .'

'ဟယ်. . .'

'အလို. . .'

ကျွန်တော်တို့သုံးယောက်လုံးစီမှ အာမေဋိတ်သံ ကိုယ်စီထွက်သွားရ၏။ နောက် ဘာဆက်ပြောရမှန်းမသိအောင် ပါးစပ်အဟောင်းသားနှင့် ကြောင်ငေးကြည့်နေမိကြသည်။ မြင်ရသည်က လမ်းနှစ်ဖက်နှစ်ချက်ပြည့်အောင် တည်ခင်းရောင်း ချနေသော အမျိုးသမီးများအတွင်းပစ္စည်းဆိုင်များ။ ပစ္စည်း တွေကစုံလို့. . . သုံးယောက်လုံးအမြင်တွေကျယ်နေ၏။

အတန်ကြာမှ ဘအေးထံမှဂလုခနဲ တံတွေးမျိုချသံ ကြားရ၏။ နောက်ဖားရေငတ်နေသလို ပါးစပ်ကြီးဟစိဟစိ နှင့်. . .။

'ပေါက်စီတွေ တွဲလောင်းဆွဲထားတာများလား. . .' ဘအေးစကားကို ကိုသူကလည်း မျက်တောင်ပင်မခတ်ဘဲစိုက် ကြည့်နေရာမှ

'ဒီလောက်များတဲ့မျက်မှန်တွေ ငါတစ်ခါမှမမြင် ဖူးဘူး. . .'

ဘာတွေကိုကြည့်ပြီး ဘာတွေပြောနေမှန်းမသိ။ ပါးစပ်က ဗလုံးဗထွေးနှင့်. . . ကျွန်တော်ကသာ ကမန်း ကတမ်းဆိုင်ခန်းများကို ငဲ့ကြည့်လိုက်သည်။ မတွေ့. . .။ ရွှေမိုးသည်းနှင့်ဟက်ကော့ကြီးကို မတွေ့ရ။ ဘယ်ရောက်သွား ကြပါလိမ့်. . .။

သူတို့ကိုမတွေ့လေ ရင်ထဲတွင်စိုးရိမ်စိတ်ရော သိချင်

www.burmeseclassic.com



စိတ်ပါ လွမ်းမိုးလေဖြစ်လာ၏။

'လာကွာ. . . အထဲဝင်ရအောင်. . .'

ကျွန်တော့်ရဲ့စကားကြောင့် နှစ်ယောက်လုံးမျက်လုံး ပြူးသွားပြီး

'ဟာ. . . အထဲတော့မဝင်ရဲဘူးဟေ့ကောင်. . .'

'ဟုတ်တယ်. . . ဟေ့ကောင်ကြည့်ပါဦး. . . ယောက်ျားနဲ့တူတာဆိုလို့ ဘိုကေတောင်မတွေ့ဘူးနော်. . .'

နှစ်ယောက်လုံး အကြောက်အကန်ငြင်း၏။ ကျွန်တော် ကသာအ လျှော့မပေးဘဲ. . .

'လာပါကွာ. . . ဟိုဟတ်ကော့ကြီးတောင်လိုက် ဝင်သေးတာပဲ. . .'

'ဟာ. . . ဟိုလူဝင်တိုင်း ဒို့မဝင်ရဲဘူးဟေ့ကောင်. . . သူက မိန်းကလေးအဖော်ပါတယ်. . . ဒို့က ကျားသက်သက် ကြီး. . .'

'အေးလေ. . . နောက်ပြီး ဟိုလူကခြောက်နေလားမှ မသိတာ။ ဒို့က စစ်စစ်ကြီး. . .'

နှစ်ယောက်လုံး ခေါင်းတခါခါလည်တခါခါနှင့် ငြင်းဆန်၏။ ကျွန်တော့်တွင်လဲ သိချင်စိတ်၊ အလျှော့မပေး ချင်စိတ်တို့ကလည်း တဖွားဖွားပေါ်နေတုန်းမို့. . .

'လာ. . . လာပါကွာ. . . ငါ့ကိုဒီ. . . ဒီတစ်ခါတော့ လိုက်လျောပေး ပါကွာ. . . နောက်. . . နောက်ဆုံးပဲ ဖြစ်ဖြစ်ပေါ့. . .'

နှစ်ယောက်လုံး မျက်နှာငယ်လေးနှင့်ဖြစ်နေသော ကျွန်တော့်ကို ကြည့်၍. . .

'ဟာကွာ. . . မင်းကလဲ'

www.burmeseclassic.com



'မသင့်တော်လို့ပါကွာ. . .'

နှစ်ယောက်လုံးငြိမ်သက်သွားကြသည်။ နောက် မျက်နှာငယ်ကလေးနှင့် မျက်ရည်လည်နေသော ကျွန်တော့်ကို ကြည့်ပြီး သနားသွားကြပုံရ၏။ အတန်ကြာမှ ကိုသူက သက်ပြင်းကို ခပ်မျှင်းမျှင်းချပြီး. . .

'အေးလေ. . . လိုက်ဆိုလဲလိုက်တာပ. . . ဒါပေမယ့် ခဏပဲနော်. . .'

ကိုသူ၏စကားကို ဘအေးကတံတွေးကိုဂလုခနဲမျိုချပြီး ခေါင်းငြိမ့်၏။ သူတို့၏ခွင့်ပြုစကားကြောင့် ကျွန်တော်လဲအား တက်သွားပြီး

'အေး. . . အေးပါ. . . ခဏပါပဲ. . . ခဏလိုက် ကြည့်ပြီးပြန်ထွက်ကြတာပေါ့. . .'ဟုဆိုပြီး လမ်းချိုးလေးထဲ ကွေ့ဝင်လိုက်သည်။

လမ်းကြားလေးထဲချိုးဝင်လိုက်သည်နှင့် ကြက္တိုယများ ၏မျက်လုံးများက ကျွန်တော်တို့အပေါ် စုပြုံကျလာသည်။ တချို့လည်း မခို့တရို့ကြည့်ရင်း. . .

'ဒီကောင်တွေ ဘာသဘောလဲ'

ဟူ၍ တွတ်ထိုး လက်တို့ကြကုန်၏။

ကျွန်တော်တို့မှာသာ သူတို့ကိုပြန်ပြီးတော့ပဲ ပြုံးပြ ရမလား။ ပြန်ပြီးတော့ပဲ စိုက်ကြည့်ရမှာလားမသိဘဲ ရှိန်းတိမ်း ဖိန်းတိမ်းမျက်နှာပျက်ကြီးနှင့် အတွင်းဘက်သို့ ကြန္ဒြေမရစွာ လှမ်းဝင်လိုက်သည်။

'ဟေ့ကောင်. . . မြန်မြန်ရှာကွာ. . . ငါရှက်လွန်း လို့သေးတောင် ထွက်တော့မယ်. . .'

'ဟုတ်ပ. . . ဒီမှာလည်း တဲတဲလေး. . .'

www.burmeseclassic.com



ကိုသူ၏အသံတုန်ရင်ချိနဲ့စွာကြားရ၏။ ဘအေးက ထောက်ခံ၏။ နှစ်ယောက်လုံး ဖင်လေးတွေရှုံ့လို့။ သူတို့နှစ်ယောက်မျက်လုံးများ တောင်မကြည့်ရဲ၍လည်း ဖြစ်လိမ့်မည်။ ကျွန်တော်ကသာအားလုံးကို ခြုံငုံသုံးသပ်မိအောင် ကမန်းကတမ်းဝေ့ရှာမိ. . .

‘တွေ့ပြီလားဟေ့ကောင်. . .’

‘မတွေ့သေးဘူးကွ. . . မင်းတို့လည်း ဝိုင်းရှာပေးစမ်းပါ. . .’

‘ဟာကွာ. . .’

အာမေဋိတ်သံနှင့်အတူ နှစ်ယောက်လုံး ခေါင်းအနည်းငယ်ထောင်လာ၏။ နောက်. . . ဘအေးထံမှ အလန့်တကြားအသံက. . .

‘ဟ. . . ဟေ့ကောင်. . . ဟိုမှာကွ ဒီဘက်ကိုလာနေပြီ. . .’

ဘအေးညွှန်ပြရာကြည့်လိုက်တော့. . . မော့တော့မော့တော့နှင့် ကျွန်တော်တို့ရှိရာဘက်သို့ ချီတက်လာသောရွှေမိုးသည်း. . .။ သူ့နောက်ကမှ အထုပ်နှစ်ထုပ်ကိုလက်မှာဆွဲရင်းသွားဖြိုးကြီးနှင့်အပြေးတစ်ပိုင်းလိုက်နေရသောဟတ်ကော့ကြီး. . .။

သူတို့ကိုမြင်တော့ ကျွန်တော်တို့အားလုံး ပြာပြာသလဲဖြစ်သွား၏။ ဟုတ်တယ်လေ။ သူတို့မြင်သွား၍မဖြစ်။ ကျွန်တော်တို့အကြောင်းမရှိအကြောင်းရှာ အနောက်ကလိုက်ချောင်းနေကြောင်း သိသွားမည်မဟုတ်ပါလား. . .။

‘ဘယ်လိုလုပ်မလဲဟေ့ကောင်. . . မြင်သွားရင်တော့ဒုက္ခ’

www.burmeseclassic.com



'ဒီဘက်လှည့်နေလိုက်. . . ဒီဘက်လှည့်နေလိုက်'

ကိုသူ၏လှုံ့ဆော်မှုကြောင့် ကျွန်တော်တို့ဆိုင်တစ်ဆိုင် ဘက်လှည့်၍ လမ်းမကိုကျောပေးလိုက်သည်။ ပြီးတော့ မသိချင် ယောင်ဆောင်၍ ဆိုင်ထဲမှပစ္စည်းများကို ဝယ်မယောင်ပြု၍ ကိုင်ကြည့်နေလိုက်၏။

ဆိုင်ရှင်အမျိုးသမီးကြီးကတော့ မျက်လုံးအပြူးသားနှင့် ကျွန်တော်တို့ကို ကြောင်ငေးကြည့်နေသည်။ ဟုတ်လိုဟုတ်ငြား။ ကျွန်တော် သူ့ကိုမျက်နှာချိုသွေးလိုက်၏။

'ဟီးဟီး. . .'

'ဟီးဟီး. . .'

'ဟီးဟီး. . .'

ကျွန်တော်မျက်နှာချိုသွေးသံနှင့်ကပ်လျက် ဟိုနှစ်ကောင်၏မျက် နှာချိုသွေးသံများပါ ပေါ်ထွက်လာသည်မို့ မျက်နှာချိုသွေးသလို မဟုတ်ဘဲ မြင်းဟီသံနှင့်ပင်တူနေ၏။ သို့သော် မတတ်နိုင်၊ မျက်နှာချိုသွေးလက်စနှင့် ပီယဝါစာပါ ဆက်ပြောလိုက်မိသည်။

'ဟီးဟီး ပေါ့ပေါ့ပါးပါးနဲ့ ကိုင်ရတာကိုအိနေတာပဲ နော်. . .'

'ဟီးဟီး. . .'

'ဟီးဟီး. . .'

ကျွန်တော့်စကားနောက်ကထွက်ပေါ်လာသော ဟိုနှစ်ကောင်၏ မြင်းဟီသံကြောင့် မိန်းမကြီး၏ပါးစပ်ကြီး ခြောက်လက်မအကျယ်ခန့် ကျယ်ထွက်လာ၏။ ကျွန်တော်တို့ လက်များက ရောင်းချနေသော ကုန်ပစ္စည်းများပေါ်တရွရွပြေး နေတုန်း။

www.burmeseclassic.com



ကျွန်တော်လည်း ပါးစပ်ဟနေသောမိန်းမကြီးကို ဂရုမစိုက်တော့ဘဲ အံကြိတ်သံဖြင့်

'ဟေ့ကောင်. . . အနောက်လှည့်ကြည့်ဦး. . . ရွှေမိုးသည်းတို့ရှိသေးလားလို့. . .'

ဘအေးကိုင်ထားသောပစ္စည်းကိုမလွှတ်ဘဲ. . ဂျိုင်းအောက်မှနေ၍ အနောက်သို့ငုံ့ကိုင်းကြည့်သည်။ ပြီးတော့ အံကြိတ်သံနှင့်. . .

'ရှိနေတုန်းပဲဟေ့ကောင်. . . အောင်မာ လက်မောင်းကိုတောင် လှမ်းဆိတ်လိုက်သေး. . . ဟော. . . ဒီဘက်လှည့်ကြည့်နေတယ်. . . ဟဟလာပြီဟ. . . ဒီဘက်ကိုလာပြီ. . .'

ဘအေး၏စကားကြောင့် ကျွန်တော်လည်းပြန်ထူပူပြီး ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ ကိုင်ထားသည့်ပစ္စည်းကိုသာ ဆုပ်ခြေနေမိ၏။ ဆိုင်ရှင်မိန်းမကြီးကတော့ ခြောက်လက်မကျယ်သောပါးစပ်၊ အပြင်ထွက်လုနီးနီးပြူးကျယ်နေသော မျက်ဝန်းအစုံနှင့်ငေးကြည့်နေတုန်း. . .

'လာပြီဟ လာပြီ. . .'

ဘအေးသတိပေးသံနှင့်အတူ တဖွဖွခြေသံ. . . ကျွန်တော်တို့နားရောက်တော့ရပ်တန့်. . .။ ကျွန်တော်တို့လှည့်မကြည့်ရဲသေး။ သူတို့ထံမှ တိုးဖွဖွအသံက. . .

'မောင် **Royal** နှုတ်ခမ်းနီဝယ်ပေးရမယ်နော်. . .'

ရွှေမိုးသည်း၏ ကန္တဲ့ကလျှအသံ။ မောင်ဟူသောသူ့စကားက ကျွန်တော့်နားထဲမိုးကြိုးပစ်သလိုမြည်ဟီး. . . နောက် ဟတ်ကော့ထံမှ ခွေးအိုကြီးအရိုးနင်သလို ကပိုကအိုအသံကြီးက. . .

'ဘယ်. . . ဘယ်လိုခေါ်လိုက်သလဲ. . .'

www.burmeseclassic.com



'မောင်. . . လို့'

ရွှေမိုးသည်း၏ ခပ်ချွဲချွဲအသံ. . .

'အောင်မရေး. . . ဝမ်းတာရိုက်တာ. . . ဝယ်ပေးရမှာပေါ့တည်းရယ်. . . ဝယ်ပေးရမှာပေါ့. . . ဟီဟီး. . . ခစ်. . ရာ. . တွားရအောင်. . . ဟီးဟီး ခစ်ခစ်. . .'

ဟတ်ကော့ကြီးမည်မျှဝမ်းသာသွားသည်မသိ။ စကားပင်မပီတော့. . .။ ကျွန်တော့်မှာသာ ဒေါသဖြင့်တဆတ်ဆတ်တုန်. .။ ခြေသံများခြေသံများ. . . ဝေး၍. . . ဝေး၍။

သောကစိတ်တို့ ဒီရေအလားတိုး. . . လို့. . . မတိုးခံနိုင်ရိုးလား။

ကြည့်စမ်း. . . ရွှေမိုးသည်းက ဟိုကောင့်ကို မောင်. . . တဲ့။ ဘယ်လိုလဲအခြေအနေ. . . ဘယ်အထိဖြစ်နေပြီလဲ. . .။

တွေးရင်းတွေးရင်း ဒေါသတို့တလိပ်လိပ်။ အလိုလိုမျက်ဝန်းမှမျက် ရည်တို့ဝေသီ။ အတွေးထဲတွင်တော့ သူတို့၏ပုံရိပ်များ ဖြိုးခနဲ ဖျတ်ခနဲ။

မြင်မြင်သမျှအရာအားလုံး အံကြိတ်ဆုပ်ခြေထားမိ။ သို့သော် မေ့ပျောက်ဖို့တော့ခက် လှပေါ့. . .။ ရွှေမိုးသည်းရေ ငါ့ခံစားမှုတွေကို မင်းမြင် လှည့်ပါ. . အသည်းကွဲတယ်ဆိုတာ လွယ်တယ်ပဲပြော ပြော. . . ငါခံနိုင်မှုစွမ်းအားမဲ့ခဲ့ပေါ့. . .။

ငါဘယ်လိုနေရမှာလဲ ရွှေမိုးသည်းရယ်. . . သဲထဲရေသွန်ချ လိုက်သလို ငါ့ရဲ့ အိပ်မက်တွေပျောက်ဆုံးခဲ့ပြီ။ ခဏတာအတွင်းမှာပဲ မင်းရဲ့ စကားသံတို့ကိုနာကျည်းမိပြီ။ ချစ်ခဲ့မိတာကိုက ငါ့အပြစ် ပါ ရွှေမိုးသည်းရယ်။ မင်းလိုလည်းတယ်တယ် ကောင်မလေးကို ချစ်မိတယ်ဆိုကတည်းက

www.burmeseclassic.com



အရှုံးတွေကိုရင်ဆိုင်လိုက်ရသည်။ အခုတော့ သောကတွေ ဒေါသတွေသာ တစ်ပွေ့တစ်ပိုက်နဲ့ ကြေကွဲ . . . ဟောဒီဒေါသ တွေကို ငါဘယ်လို ထုပ်ပိုး ထားရမှာလဲ. . . ဟောဒီဒေါသတွေ ငါဘယ်လိုသိမ်းဆည်း ရမှာလဲ. . .။

ရွှေမိုးသည်းရေ. . . မစားရတဲ့အမဲ သဲနဲ့ပက်တယ်ပဲ ဆိုဆို. . . အခုလောလောဆယ်တော့ မင်းတို့နှစ်ယောက်လုံးကို ဟောဒီလို ဟောဒီလို စုတ်ပြတ်သွားအောင် ဆုပ်နယ်ခြေမွပစ် ချင်ရဲ့. . .။ မင်းတို့ရဲ့ဘဝတွေ တစ်စစီဖြစ်သွားအောင် ဟောဒီလို. . . ဟောဒီလို အံကြိတ်ချေပစ်ချင်ရဲ့. . .။ မင်းတို့ အိပ်မက်တွေပျက်စီးသွားအောင် ဟောဒီလို. . . ဟောဒီလို

'အောင်မလေးတော့. . . အောင်မလေး ဒီမှာကြည့်စမ်း ပါဦး အရပ်ကတို့ရဲ့. . .'

'ဟင်. . .'

မော့ကြည့်လိုက်တော့ ကျွန်တော်တို့ကို မီးဝင်းဝင်း တောက်မျက်လုံးနှင့် ခါးထောက်စိုက်ကြည့်နေသော ဆိုင်ရှင် မိန်းမဝဝကြီး သူ့မျက်နှာပေါ်ဒေါသခိုးတွေတလူလူ။ ပတ်ဝန်း ကျင်ဝေ့ကြည့်လိုက်တော့ အားလုံး၏မျက်ဝန်းက ကျွန်တော်တို့ အပေါ်မှာ စုပြုံလို့. . .

ဘာဖြစ်တာလဲ. . . ဘာဖြစ်သွားတာလဲ စဉ်းစားလို့ ပင်မဆုံးလိုက် ဆိုင်ရှင်မိန်းမကြီးက လက်ဖဝါးတစ်ဖက်ကို လက်ခုံနှင့်တဖြန်းဖြန်းရိုက်ပြီး. . .

'အောင်မလေး. . . ရုပ်ကြည့်တော့သနားကမား လေးတွေပါတော်. . . ကျုပ်က သူတို့ဘာလုပ်မလဲ ဘာလုပ်မလဲ နဲ့ကြည့်နေတာ. . . ဘယ်ဟုတ်မလဲတော် လာဝင်ညှစ်နေတာ တော်ရေ့. . . လာဝင်ညှစ်နေတာ. . . အားရပါးရတော်၊

www.burmeseclassic.com



အံကြီးကြိတ်ပြီး ဟောဒီလို. . . ဟောဒီလို. . .'

မိန်းမကြီးက သူ့လက်ကြီးနှင့် မုန့်ညှစ်သလို အားရပါးရညှစ်ပြ သည်။

'ဟိုက်. . .'အရှက်တော့ကွဲပြီ။ ကြိတ်လက်စ အံသွား. . .။ မျက်လုံးကြီးကပြူးလို့. . . ရုတ်တရက်မို့ ရှက်ရှက်နှင့်ထိုအတိုင်းငေ့ ကြည့်လိုက်တော့ ဝိုင်းကြည့်နေသော ကောင်မလေးနှစ်ယောက် အလန့်တကြားနောက်ဆုတ်သွား၏။ ကျွန်တော့်ပုံက တကယ်လုပ်မည့်ပုံဖြစ်နေပြီ။ ဒါကိုဆိုင်ရှင် မိန်းမကြီးက မလျှော့သေးဘဲ လက်ခုံနှင့် လက်ဖဝါး တဖြန်း ဖြန်းရိုက်ပြီး အားလုံးကြားအောင် အသံမြှင့်၍

'အောင်မလေး. . . ကျန်တဲ့နှစ်ယောက်ကရော နေ မယ်ထင်နေလို့လား၊ ဇာဘော်လီကြီးကို ဆိုက်ကားဟွန်း ဘော်ဘုများမှတ်နေလား မသိဘူးတော်. . . တစ် ယောက်တစ်လှည့်ညှစ်နေကြတာ. . . ညှစ်နေကြတာ. . . ဆိုက်ကားကြီးမီးပွိုင့်မိနေတဲ့အတိုင်း. . . ကြည့်ပါတော်. . . ဒီမှာ. . . ဒီမှာ. . . မဟုတ်ရင်ဘုရားစူးရစေ့. . .'

ဟိုနှစ်ကောင်ကိုကြည့်လိုက်တော့ ဆိုက်ကားဟွန်း ဘော်ဘုကြီး တစ်ယောက်တစ်လုံးနှင့်ညှစ်လက်စ. . .။ မျက်နှာကမီးပွိုင့်မိနေသလို နီရဲ. . . သွားကြီးကဖြဲ. . .။

'ဝင်လာတုန်းကရုပ်တွေက ဂျပန်ဆာမူရိုင်းတွေ လိုပါပဲတော်. . . တွေ့တဲ့လူတွေဆွဲထုတ်ပြီး ခုတ်တော့မဲ့ပုံစံ မျိုးနဲ့. . . ဟင်း. . . နောက်တော့ဘယ်ဟုတ်မှာလဲ. . . ဝင်ညှစ်နေတာတော်ရေ့ . . . ဝင်ညှစ်နေတာ. . . တွေ့ ကရာဝင်ညှစ်နေတာ . . . ဟောဒီမှာကြည့်ကြပါ ဦးတော်. . . ကြည့်ပါဦး. . . အားလုံးပေါင်းသုံးယောက်တောင်. . . အောင်

www.burmeseclassic.com



မလေး. . . ဟောဒီလို ဟောဒီလို တော်ရေ့. . .'

မိန်းမကြီးက အံကြိုးကြိတ်၊ မျက်လုံးကြီးပြူးပြီး၊ အားရပါးရညှစ်ပြ ၏။

'ဟော့ကောင်. . . အရှက်တော့ကွဲပြီ. . .'

ကိုသူက ညှစ်လက်စကိုဆက်ညှစ်ရင်း အံကြိတ်၍ ပြောသည်။

'အေး. . . ဟော့ကောင်လစ်ရအောင်. . .'

ဘအေးက ပြောလဲပြောရင်း ခေါင်းငိုက်စိုက်နှင့်လှည့်ထွက်သည်။ ကျွန်တော်တို့လည်း ဘာမှဆက်မပြောဘဲ မျက်နှာနီကြီးနှင့် သူ့နောက်က လိုက်ထွက်လာသည်။

သို့သော်. . . မည်သို့ဖြစ်သည်မသိ. . .။ မျက်လုံးကြီးပြူး၊ အံကြိုးကြိတ်ထားတာကိုပြန်ဖြေလို့မရ. . .။ ထိုအတိုင်းပင်ပြန်ထွက်လာပြီး ထိုမျက်နှာကြီးနှင့်ပင်၊ ပတ်ဝန်းကျင်ကိုဝေ့ကြည့်လိုက်တိုင်း လူတွေရှဲခနဲရှဲခနဲ. . . ကောင်မလေးတွေဆိုလည်း ရင်လေးတွေဖိပြီး ကြောင်ကြည့်လို့. . .။ ဆိုင်ရှင်မိန်းမကြီးကတော့ အော်ဟစ်ညှစ်ပြနေတုန်း. . .။

'ဟောဒီလို. . . ဟောဒီလိုတော်ရေ့. . . ဟို. . . သုံးယောက်'

'တောက်. . . အရှက်ဆိုတာ အဲဒီလိုကွဲတာ. . .'

× × ×

www.burmeseclassic.com

'တောက်. . .'

'တောက်. . .'

'ခွပ်. . .'(တောက်မခတ်တတ်သောဘအေး၏ သွားချင်းခုတ်သံ)

နောက်တစ်နေ့ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ သုံးယောက်ဆုံတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ရင်းရီဝေ. . .။ မနေ့က ကွဲခဲ့သောအရှက်တို့က တစ်စစီ. . . မျက်လုံးထဲတော့ ဆက်ပြီးဝဲပျံနေ၏။ ကျွန်တော် မရမက လိုက်ဖမ်းနေသည်။ မမိ. .။ မိမယ့်မိတော့ ဆိုင်ရှင် မိန်းမဝဝကြီးရှေ့မှာ. . .

'တောက်. . .'

'တောက်. . .'

'ခွပ်. . .'

ကျွန်တော့်တောက်ခတ်သံနှင့် မရှေးမနှောင်း ဟိုနှစ်ကောင်ကပါ တောက်လိုက်ခတ်သောကြောင့် အားလုံးကြောင်ပြီး

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက်ငေ့ကြည့်မိကြသည်။ မျက်နှာတွေ က ထုံထုံထိုင်းထိုင်း၊ မှုန်မှုန်မှိုင်းမှိုင်း. .

သူတို့၏မျက်ဝန်းထဲတွင်လည်း ဘော်ဘုကြီးဝဲပျံ့နေပုံရ၏။ နောက် ကိုယ့်အတွေးနှင့်ကိုယ် ပြန်လည်ငြိမ်သက်။

အမှန်တော့ ဘယ်သူ့မှာအပြစ်ရှိပါသလဲ. . .။

ဆိုင်ဘက်လှည့်နေဖို့ပြောတဲ့ကိုသူ့မှာလား. . .။ လာနေပြီ။ ဒီဘက်ကိုလာနေပြီလို့ပြောတဲ့ ဘအေးမှာလား. . .။ ရွှေမိုးသည်းရဲ့ မောင်ဆိုတဲ့ခေါ်သံမှာလား။ ဟတ်ကော့ကြီးရဲ့ သွားဖြီးကြီးမှာလား အရှေ့မှာအခန့်သင့်ချိတ်ထားသည့် ဘော်ဘုမှာလား။ ထအော်သည့်ဆိုင်ရှင်မိန်းမဝဝကြီးမှာလား။ ရွှေမိုးသည်းနောက် အသည်းအသန်လိုက်ချင်နေသော ကျွန်တော့်မှာလား. . .။

နောက်ဆုံးတော့ ရွှေမိုးသည်းရယ်. . .

မင်းကိုချစ်မိအပြစ်ရှိသလို. . . ဟိုဟာကြီး ညှစ်မိတာလဲ အပြစ်ရှိပါတယ်လို့သာ ပြောလိုက်ချင်တော့တယ်. . . တစ်ခါမှားမိပါတယ် ခိုးသားငါးရာနဲ့. . .

တစ်ခါနားမိပါတယ်. . . လုံ့ထိပ်ဖျားမှာ. . .

အေးလေ. . . ပုံပြင်တောင်ရှိရဲ့. . . ပုဇင်းထိုးက သူ့ဖာသာသူလုံ့ထိပ်ဖျားမှာနားနေတဲ့ဟာကို ကျီးကန်းက ဘာကိစ္စနဲ့ ဘာမဆိုင် ညာမဆိုင် ဖင်ကျိန်းနေတာလဲဆိုတာမျိုး. . .

အခုလဲရွှေမိုးသည်းက ဟိုကောင့်ကို မောင်လို့ခေါ်ပါတယ် ကိုယ်ကဘာကိစ္စနဲ့ ဘာမဆိုင်ညာမဆိုင်. . .

'ဟော့ကောင်. . . ဟိုမှာရွှေမိုးသည်းလာနေပြီကွ. . .'

မျက်နှာနီကြီးနှင့်ထအော်သော ဘအေး၏အော်သံ

www.burmeseclassic.com



ကြောင့် ကျွန်တော်တို့အနောက်လှည့်ကြည့်မိကြသည်။ ဟုတ်ပါသည်။ ရွှေမိုးသည်းပါ. . .။ ပြုံးစစမျက်နှာလေးနှင့် ကျွန်တော်တို့ရှိရာ တည့်တည့်သို့ဦးတည်နေပါပြီ. . .။

'ဟိုက်. . . လုံ့ထိပ်ဖျားတော့ နားမိပြန်ပြီ. . .'

သူ့ကိုမြင်တော့ ကျွန်တော်တို့ခေါင်းတွေ တိုင်ပင်မထားဘဲ ငုံ့ကျကုန်၏။

'တောက်. . . တစ်ရှက်ကနေနှစ်ရှက် ဖြစ်ဦးမယ်ထင်တယ်. . .'

ဘအေးကမျက်နှာကြီးကို လက်နှစ်ဖက်နှင့်ကန့်လန့်ဖြတအုပ်ရင်းပြောသည်။

ရွှေမိုးသည်း၏ခြေလှမ်းက ဦးတည်ချက်မပြောင်းဘဲ ကျွန်တော်တို့ဆီသာ. . .

ကျွန်တော်တို့ရှေ့မှာလာရပ်၏။ သူ့ခြေခုံဖြူဖွေးဖွေးမှာ မွေးညှင်းနုလေးတွေ. . .။

'ဟော့ ဒီမှာ. . .'

သူ့ခေါ်သံကြောင့် သုံးယောက်လုံးမော့ကြည့်လိုက်သည်။

'ဝရား. . . ဝရား. . . ဝရား. . .'

လက်နှစ်ဖက်ကို ကွေးချည်ဆန့်ချည်လုပ်ပြီး **Lion King** ထဲက ခြင်္သေ့ပေါက်ကမြေခွေးကို ပြောင်သလိုလုပ်ပြ သည်။

'ဝရား. . . ဝရား. . . ဝရား'

နောက်တစ်ကြိမ်ထပ်လုပ်ပြသည်။ ပြီးတော့ ဘာမှဆက်မပြောဘဲ ကော့ပက်ကော့ပက်နှင့်ထွက်သွား၏။

သူ့ကိုကြည့်ပြီး သုံးယောက်လုံး ပါးစပ်အဟောင်းသား. . .။

www.burmeseclassic.com



'တောက် . . . ဒါ တမင်သက်သက်လာပြောင်တာ. . .'

မနေ့ကကိစ္စကို အခြေခံပြီး တမင်လာလုပ်ပြသွားတာ . . .။

တွေးရင်းတွေးရင်း ရှက်တာရော. . . မွန်တာရော စုံလာ၏။

'ငါလိုက်သွားမယ်ကွာ. . .'

ဟုဆို၍ ကျွန်တော်လက်ဖက်ရည်ဆိုင်မှ ထထွက်လိုက်သည်။ ဟိုနှစ်ယောက်ကတော့ ဘာတွေအာစေးမိနေသည် တော့မပြောတတ်။ ကျွန်တော့်ကိုလည်းမတား။ တိုက်လည်း မတိုက်တွန်းဘဲ ကြောင်ငေးငြိမ်သက်ရီဝေ တွေးမှိုင်ကျန်ရစ်ခဲ့လေသည်။

သူတို့၏ မျက်ဝန်းထဲ ဆိုက်ကားနှစ်စင်း ခေါင်းချင်းဆိုင် အပြိုင်ရပ်ပြီး ဆိုက်ကားဟွန်းဘော်ဘုကြီးကို သူနိုင်ကိုယ်နိုင် အပြိုင်ညှစ်နေကြသလားတော့ မပြောတတ်. . .

× × ×

www.burmeseclassic.com

'ရွှေမိုး. . .'

ထုံးစံအတိုင်း သူလှည့်မကြည့်ပါ. . .

'ရွှေမိုးခဏနေဦး. . .'

သူ့ခြေလှမ်းတွေရပ်တန့်သွား၏။ သူ့လက်ထဲပိုက်ထားသော စာအုပ်ကျွန်တော့်ကိုထိုးပေး၏။ ကျွန်တော်လည်း ယောင်နနနှင့် လှမ်းယူလိုက်သည်။

'မနေ့ကကိစ္စပြောစရာရှိလို့. . .'

'ငါမြင်ပါတယ်ဟ. . . ဘာလဲ အဲဒါနင်တို့ဝါသနာလား. . .'

'အဲ. . .'

ဘာဆက်ပြောရမှန်းမသိတော့. . . မျက်နှာကြီးလဲ ဖရိုဖရဲဖြစ်နေလိမ့်မည်။

'နင်တို့ကလဲဟယ်. . . ဝါသနာပါရင်လဲ ကိုယ့်အိမ်မှာကိုယ်ဝယ်ထားကြပေါ့. . . အခုလို လူကြားထဲမှာဆိုတော့ ရှက်စရာကြီး. .'

'အင်း. . .'

www.burmeseclassic.com



သူ့စကားကြောင့် ကျွန်တော်ဘယ်လိုနေရမှန်းမသိဖြစ်သွားရ၏။ အစကတော့ ရန်တွေ့မလို့ပါပဲ. . . အခုတော့ လက်ထဲကိုင်ထားသောစာအုပ်ကို လွှတ်ချရမလား သူ့ကိုပဲပြန်ကမ်းပေးရ မလား မသိဖြစ်နေမိ၏။ အတန်ကြာမှ စိတ်ကိုငြိမ်အောင်အနိုင်နိုင်ထိန်းပြီး. . .

'မဟုတ်ဘူးဟ. . . ငါမေးချင်တဲ့ မနေ့ကကိစ္စဆိုတာ. . .'

သူ ကျွန်တော့်ကို မျက်မှောင်ကျုံ့၍ကြည့်သည်။ ပြီးမှ

'ဘာလဲ. . .'

'ဟိုလေ. . . နင့် ဟိုကောင်ကြီးကို မောင်. . . မောင်လို့ ခေါ်တဲ့ကိစ္စ' သူဘာမှပြန်မပြောဘဲ ခပ်တည်တည်နှင့်ခေါင်းမော့၍လှည့်ထွက်သွား၏။ ကျွန်တော်ကသာ အနောက်ကလိုက်ရပြန်ပြီ. . .။

'အဲ. . အဲဒါ ငါသိချင်လို့. . . နင်တို့ ရည်းစားဖြစ်သွားကြပြီလား'

ဘာကြောင့်ရယ်မသိ သူ့ခြေလှမ်းတွေယိုင်နဲ့သွား၏။ နောက်ခြေ လှမ်းတွေ တုန့်ခနဲရပ်သွား၏။ ပြီးတော့ ကျွန်တော့်ကိုဖျတ်ခနဲပြန်လှည့်ကြည့်သည်။ ထိုတော့မှ သူ့ကိုအသေအချာကြည့်လိုက်တော့. . .

'အို. . .'

သူ့နှုတ်ခမ်းတွေက ဖြူဖျော့ပြီးအက်ကွဲနေသည်။ သူ့မျက်လုံးတွေက မှုးနေသူတစ်ယောက်လို ရီဝေနေသည်။

'ရွှေမိုး. . .'

သူ့ကိုကြည့်ပြီး ကျွန်တော်အလန့်တကြား အော်မိသည်။

www.burmeseclassic.com



ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ. . . စိုးရိမ်စိတ် များ ရင်ထဲကြီးစိုးလာ၏။

သူကတော့ ကျွန်တော့်ခေါ်သံကို မကြားသလိုကြောင် ပြီး ရပ်နေ၏။ နှစ်ယောက်လုံးစကားသံတိတ်ဆိတ်. . .။ နောက်ပြေးလာသောခြေသံများ. . .။

ကြည့်လိုက်တော့. . .

ကိုဟတ်ကော့ကြီး. . .

ကျွန်တော်တို့နားရောက်တော့ ကမန်းကတမ်း ရွှေမိုး သည်းလက်ကို လှမ်းဆွဲလိုက်ပြီး. . .

'ဟာ. . . ရွှေမိုးသည်း. . . ဘယ်တွေလျှောက်သွား နေတာလဲ. . . လိုက်ရှာလိုက်ရတာ. . . လာလာ. . . ကားပေါ်မှာ ဦးလည်းပါတယ်. . .'ဟုဆို၍ ရွှေမိုးသည်းလက် ကို ဆွဲခေါ်သွားသည်။

ရွှေမိုးသည် ကိုဟတ်ကော့ကြီးဆွဲခေါ်ရာလိုက်သွားရင်း ခြေလှမ်းလေးငါးဆယ်လှမ်းခန့်တွင် ကျွန်တော့်ဘက်ဖျတ်ခနဲ လှည့်ကြည့်သည်။

'ဟင်'

သူ့နှာခေါင်းထဲမှ စီးကျလာသောသွေးစများ. . .။

'ရွှေမိုး. . .'

တခြားခေါ်သံ. . . သူဖျတ်ခနဲပြန်လှည့်သွားသည်။

သွေးစတချို့ လွင့်ခနဲ. . .

နောက်မလှမ်းမကမ်းတွင် ရပ်ထားသောကားတစ်စီး ပေါ်သို့. . .။

အခါမဟုတ်ပါဘဲ မိုးက ဝုန်းခနဲရွာကျလာ၏။

× × ×

www.burmeseclassic.com

မနေ့ ညကမြောက်ပြန်လေ သံမဏိခေါးသွားလိုပင် အေးမြရှတနေ၏။ လူများသည် သစ်ကိုင်းစများ သစ်ရွက် သစ်ခက်များဖြင့် ခိုကိုးရာဖန်တီးကြ၏။ ထိုသေးနုတ်လှသော ခို ကိုးရာသည် အခိုက်အတန့်အတွင်း သူတို့၏အရေးပါဆုံးဖြစ် နေပြီ. . .။

သို့သော် နံနက်အလင်းရောင်မထွက်ပြူခင်မှာပင် လူ တို့သည် သူတို့၏ပိုင်ဆိုင်ရာများကို သိမ်းဆည်းကာ ထိုအရပ် မှခွာရန် ပြင်ဆင်ကြပြီ. . .

ယခုချိန်အတွက် အရေးအကြီးဆုံးအလုပ်မှာ သူတို့၏ ခဏတာ ခိုကိုးရာကို စွန့်ခွာခြင်းပင်။

(ရာဘင်န်ဒြာနတ်တဂိုး)

× × ×

www.burmeseclassic.com

'မင်း ရွှေမိုးသည်းလေးပျောက်နေပြန်ပြီနော်. . .'

ဝေ့တက်လာသော လေပြေနှင့်အတူ ပေါ်ထွက်လာသော သန်းအောင်၏စကားသံကြောင့် ကျွန်တော်သက်ပြင်းချမိသည်။ သတိရစိတ်က တိုးလို့တန်းလန်းပြန်ပေါ်လာ၏။

'ရွှေမိုးရေ. . .'

တိမ်းရှောင်လို့မရတဲ့ ကံကြမ္မာမှာ ကြည်လင်တဲ့မျက်ဝန်း လေညှင်းမြမြကို ငါမေ့လို့ရမယ်တဲ့လား. . .။

ထပ်တူအစားထိုးဖို့မရှိတော့တဲ့ မင်းရဲ့လုပ်ကွက်တွေမှာ ပျော်ပျော်ကြီးကြေကွဲနေမယ့်သူဟာ ငါပဲပေါ့. . . ဘယ်လိုမှ မစိုပြည်နိုင်ပေမယ့် နှစ်သိမ့်နိုင်သူပါ. . .။

တစ်ခါတလေတော့ အဝေးဆုံးကိုထွက်ပြေးသွားချင်လေရဲ့. . .။ ဒါပေမယ့် သတိရစိတ်တွေ မင်းအနားမှာပဲအမြဲတမ်းပျော်မွေ့နေမှာပါ. . .။

'ရွှေမိုးသည်းရေ. . .'

အချိန်တိုင်းပါပဲ ဘယ်သူတွေဘယ်လိုပြောပြော ငါ့ကို

www.burmeseclassic.com



ချည်နှောင် ထားတဲ့ကြိုးက တဆိတ်ခိုင်မာလွန်းခဲ့ပ၍ . .

‘သူနေမကောင်းဖြစ်နေတာလား မသိဘူးနော်. . . သနားပါတယ်’

မိုးစက်များတဖွဲဖွဲကျလာ၏။ ထိုမိုးစက်များကြားမှ သူမ၏ဖြူဖျော့ ဖျော့နှုတ်ခမ်းများ ပြန်လည်မြင်ယောင်. . . .။

‘မင်း. . . သူ့အိမ်သွားမကြည့်ဘူးလား. . ’

ကျွန်တော် သက်ပြင်းချမိသည်။

‘မသွားတော့ပါဘူးကွာ. . . သူ့အနားမှာ. . . ’ ဆက်ပြောရန်စကားစတို့ ပျောက်ဆုံးနေ၏။ မျက်ဝန်းထဲမှာ ကြက်ဝပ်ရှော့ဟတ်ကော့ကြီး၏မျက်နှာက ပြုံးဖြီးဖြီးနှင့်ပေါ်လာ ၏။

‘သူပြည့်စုံမှာပါ. . . ’

ကျွန်တော့်အသံတွေ တုန်ရီနေမှာပါ။ သန်းအောင် ထံမှ ခပ်လေးလေးသက်ပြင်းချသံကြားရ၏။ နှစ်ယောက်လုံး အတွေးကိုယ်စီနှင့်ငေးရီ. . . အတန်ကြာမှ သန်းအောင်က. . .

‘ကဲကွာ. . . စိတ်ပြေလက်ပျောက် အတန်းသွားတက်ရအောင်’

ကျွန်တော်မငြင်းမိ. . .။ ရွှေမိုးသည်းမရှိသည့်နောက် လုပ်စရာဘာမှမရှိတာ. . .။

× × ×

www.burmeseclassic.com

'ညီကျော်. . .'

စာသင်ခန်းထဲဝင်ရန်ပြင်စဉ်မှာပင် ခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့. . . ဆရာဦးမြတ်လှကို တွေ့လိုက်ရသည်။

'ဟုတ်ကဲ့ဆရာ. . . ပြောပါဆရာ. . .'

ဆရာမျက်မှန်ပေါ်မှ ကျွန်တော့်ကိုကျော်ကြည့်ပြီး. . .

'အေး. . . မင်းကိုတွေ့ချင်လို့တဲ့. . . ဧည့်သည်တစ်ယောက် ဆရာ့ ရုံးခန်းထဲကစောင့်နေတယ်. . .'

'ဟုတ်ကဲ့ဆရာ. . . ကျွန်တော်သွားတွေ့လိုက်ပါမယ်. . .'

ဆရာ့ကိုအားနာလို့ ဘယ်သူလဲ၊ ဘယ်ကလဲမမေးလိုက်တော့ပါဘူး။ မေးလို့မှမကောင်းတာဘဲ. . .။ ဆရာ့ရှေ့ခေါင်းလေးငုံ့ပြီး ကျော်ဖြတ်၍ ရုံးခန်းဆီသို့. . .။

× × ×

www.burmeseclassic.com

ဆရာ့ရုံးခန်းထဲတွင် နေ့စဉ်သတင်းစာတစ်စောင်ကို စိတ်ပါလက်ပါ ထိုင်ဖတ်နေသော လူကြီးတစ်ယောက်ကိုမြင်တော့ စိတ်ထဲဇဝေဇဝါဖြစ်သွားမိ၏။

ထိုလူကြီးကိုလည်း တစ်နေရာရာမှာ တွေ့ခဲ့ဖူးသလိုလို။ ဘယ်နေရာမှာတွေ့ဖူးသလဲတော့ မသေချာ. . .။ ထို့ကြောင့်. . .။

'ကျွန်တော် ညီကျော်ပါခင်ဗျာ. . .'

လူကြီး ဖျတ်ခနဲမော့ကြည့်သည်။ သူ့အကြည့်က တစ်ယောက်ယောက်နှင့်တူသလို လူကြီးသတင်းစာကို ပိတ်လိုက်သည်။

'ဦးက ရွှေမိုးသည်းတို့အဖေပါ. . .'

'ခင်ဗျာ. . .'

ကျွန်တော်အံ့အားသင့်သွားရသည်။ ဒါကြောင့် တွေ့ဖူးသလိုဖြစ်နေတာ. . .

'အော်. . . ဟုတ်ကဲ့. . . ဟိုလေ. . . နှုတ်ခမ်းနီ

www.burmeseclassic.com



မပါတော့ ရုတ်တရက်မမှတ်မိဘူး. . .’

လူကြီးယောင်ပြီး သူ့နှုတ်ခမ်းကိုသူပြန်စမ်းကြည့် သည်။ ပြီးမှ သတိရသွားပြီး. . .

‘အော်. . . အဟင်း. . . ရွှေမိုးသည်းကတော့ အဲဒီလို ပဲ. . . သိပ်စတတ်တာ. . . အေးလေ. . . အိမ်မှာကလဲ သူ့ကိုပဲ ဂရုစိုက်နေရတာကိုး. . .’

လူကြီးအဝေးကြီးကို ငေးကြည့်နေသည်။

‘အခု ကျွန်တော့်ကို တွေ့ချင်တာ ဘာကိစ္စပါလဲ ဦး. . .’

လူကြီးသက်ပြင်းချသည်။

‘ဒီနေရာမှာပြောလို့မကောင်းလောက်ပါဘူး. . . တစ်နေရာရာမှာ တစ်ခုခုစားသောက်ပြီး အေးအေးဆေးဆေး ပြောကြတာပေါ့. . .’

‘ဟုတ်ကဲ့. . . ရပါတယ် ဦး. . .’

× × ×

www.burmeseclassic.com

မိုးရိပ်မိုးငွေ့များ လေထဲပျံ့သန်းနေသည်။ သစ်ပင်တို့သည်လည်း ချိန်ခွင်ကိုင်းသဖွယ် ကိုင်းညွတ်ကျနေကုန်၏။ သစ်အယ်ပင်၏ အရိပ်သည် မျက်မှန်နက်တပ်ဆင်ထားသော မိုးရိပ်အောက်အေးစိမ့်၍ လေးဖက်ပတ်လည် ပြာရီနေအောင် စွမ်းဆောင်နေသည်။

ဝါရီရီသစ်ရွက်သစ်ခက်များသည် ဘဝသစ်တစ်ခုအစပျိုးရန်အ တွက် မြေပြင်သို့ခုန်ပေါက်ဆင်းသက်နေ၏။ ကတိုက်ကရိုက်တိုး တိုက်နှင်လာသော လေပြေရိုင်းတို့ သတ္တိ၊ ဗလ၊ ဂုဏ်အင်ပြ၍ ခပ်ရိုင်းရိုင်းကျီစယ်ရင်း ပျော်မွေ့စွာဖြတ်သန်းနေလေသည်။

လူကြီး၏ သက်ပြင်းချသံနှင့်အတူ ကောင်းကင်မှသစ်ရွက်တစ် ရွက်ကြွေလွင့်လာ၏။ လေထဲလူးလွန့်နေသောသစ်ရွက်ကလေးသည် မှောက်ခုံဖြစ်လိုက်၊ ပက်လက်ဖြစ်လိုက်နှင့် ဖြည်းညင်းစွာဆင်းသက်လာ၏။ ကျွန်တော် ထိုသစ်ရွက်ကလေးကို ခေါင်းနှင့် ပန်းခွဲလိုက်သည်။ ပြီးတော့ သစ်ရွက်ကလေးကို

www.burmeseclassic.com



ခေါင်းဘက်မှ လောင်းကြေးထပ်လိုက်၏။

ထိုအဖြစ်အပျက်ကိုမသိသော သစ်ရွက်ကလေးကတော့ ခေါင်းဖြစ်လိုက်ပန်းဖြစ်လိုက်နှင့် အလိုက်သင့်ကြွေကျဆဲ. . .။

'ခေါင်း. . .'

'ပန်း. . . .'

'ခေါင်း. . .'

'ပန်း. . . .'

'ဟော. . . သစ်ရွက်ကလေးက ကျွန်တော်တို့စားပွဲခုံတည့်တည့် ကြွေကျလာပြီ. . .'

'ခေါင်း. . .'

'ပန်း. . . .'

သစ်ရွက်ကလေးက ကျွန်တော့လက်ပေါ် တည့်တည့်. . .

'ခေါင်း. . .'

ကျွန်တော်လောင်းကြေးထပ်ထားရာ ခေါင်းပင်ကျ၍ ဝမ်းသာသွားမိ၏။ သို့သော် ဖျတ်ခနဲတိုက်ခတ်လာသော လေပြေ၏အရှိန်ကြောင့် သစ်ရွက်ကလေးတစ်ပတ်လည်သွား၏။

'ပန်း. . .'

ကျွန်တော်စိတ်တိုစွာ သစ်ရွက်ကလေးကိုချေမွပစ်လိုက်၏။ တစ်ဆက်တည်း လူကြီး၏သက်ပြင်းချသံကြွေကျလာပြန်၏။ ထိုသက်ပြင်းကိုမြင်ရပါက ကျွန်တော်ခေါင်းပန်းလောင်းလိုက်ချင်သေး၏။ ဒီတစ်ခါ ကျွန်တော်လောင်းမှာက ပန်းဖြစ်ပေလိမ့်မည်။

'မောင်ရင်. . . ရွှေမိုးသည်းကိုဘယ်လိုမြင်သလဲ. . '

'ပန်း. . . အဲ. . . ဟိုလေ. . . မှောက်လျက်. . .

www.burmeseclassic.com



အဲလေ ဟုတ်ပေါင် ဘယ်လို. . .'

ရုတ်တရက် မေးလိုက်သောစကားကြောင့် ကျွန်တော် ကြောင်သွားမိ၏။ လူကြီးသဘောထားကြီးစွာပင် ထပ်မေး၏။

'အော်. . . ဟိုလေ. . . ရွှေမိုးသည်းကိုဘယ်လိုမြင် လဲလို့. . .'

'ဟို. . . ဘယ်လိုမြင်လဲဆိုတော့ ဘယ်လိုပြောရမှန်း မသိဘူး. . .'

'ဒါကတော့. . . မောင်ရင်မြင်သလိုပေါ့. . .'

ကျွန်တော် ခေါင်းကုတ်လိုက်မိ၏။

'ကျွန်တော့်အမြင်ပြောရရင်တော့. . . အဲ. . . ဟိုလေ. . . ပွင့်ပွင့်လင်းလင်းပြောရရင်ပေါ့နော်. . . ရွှေမိုးက လူတွေကိုစတတ်တယ် စကားလည်းကြွယ်တယ်. . . ဉာဏ် လည်းကောင်းတယ်. . . အဲနောက်ပြီး သူကအမြဲပျော်နေတယ် လို့ထင်တာပဲ. . .'

လူကြီးထံမှ သက်ပြင်းချသံထပ်ကြားရ၏။ ခေါင်းလား၊ ပန်းလား ကျွန်တော်မသိတော့ပါ။ သူကတော့ ဟိုးအဝေးကြီးကို ငေးကြည့် နေ၏။ ကျွန်တော်လည်း ပြောစရာစကားကုန်ပြီမို့ သူ့ကိုသာပြန်ငေးကြည့်နေမိ၏။ အတန်ကြာမှ သူက-

'လူတွေအားလုံးကတော့ ဒီလိုပဲထင်ကြတယ် လေ. . . .'

'ဗျာ. . .'

လူကြီး၏စကားကြောင့် ကျွန်တော်ကြောင်သွားမိ၏။

'မောင်ရင်အံ့ဩသွားတယ်ထင်တယ်။ ဟုတ်တယ် ကွယ်. . . တကယ်တော့ သူ့ဘဝဟာ ကန္တာရထဲက စက္ကူလှေ ကလေးလိုပါပဲ။ နောက်ဆုံးတော့ ဘယ်ကိုမှမရောက်ဘဲ သဲထဲ

www.burmeseclassic.com



ကိုသာနစ်မြုပ်သွားရမှာပါ. . .'

'ဘယ်လို ဦး. . .'

ကျွန်တော့်ရဲ့ အံ့သြတကြီးအမေးကို လူကြီးက အသက်ကိုခပ်ပြင်းပြင်းရှူသွင်းလိုက်၏။ နောက် ဆို့နင့်တုန်ရင်စွာဖြင့်. . .

'သူ. . . မကြာခင်. . .'

လူကြီးစကားစဖြတ်လိုက်သည်။ အသံများတိတ်ဆိတ်။ စိမ်းလဲ့သောသစ်ရွက်တစ်ရွက်သာ အရွယ်မတိုင်ခင် လေထဲဝေ့လည်. . ။ ကြွေကျ. . . ။

လူကြီး ကျွန်တော့်ကိုဖျတ်ခနဲပြန်ကြည့်သည်။ အလို. . . သူ့မျက် ဝန်းမှာကြေကွဲခြင်းတွေ. . . ။ နောက် တဖြည်းဖြည်း တစ်ဖက်သို့လှည့်သွားပြီး၊ တိုးညှင်းဆို့နင့်စွာဖြင့်. . .

'သူ မကြာခင်သေဆုံးရတော့မယ်. . .'

'ဗျာ. . .'

နားထဲ ကျယ်လောင်စွာကြားလိုက်ရသောတိုးညှင်းသောအသံ. . အမြင်အာရုံကို ပြူးကျယ်ဝေဝါးသွားစေ၏။

ဖျတ်ခနဲဆိုသလိုပဲ၊ ခုနကြွေကျလာသော အစိမ်းရောင်သစ်ရွက်တို့ ရင့်ရော်သွားစေ၏။ ပဲ့တင်ထပ်နေသော စကားသံနှင့်အတူ သစ်ပင်ကြီးများ တရိပ်ရိပ်နှင့်လည်ပတ်လာ၏။ အမြင်အာရုံများတရိပ်ရိပ်နှင့် အထပ်လိုက်အထပ်လိုက် ပူးကပ်ကုန်၏။

'သူ. . . သေဆုံးရတော့မယ်။ သူ. . . သေဆုံးရတော့မယ်တဲ့. . .

ဘာ. . . ဘာဖြစ်လို့လဲဟင်. . . သူဘာဖြစ်လို့

www.burmeseclassic.com



သေဆုံးရမှာလဲ. . .’

ကျွန်တော်၏အလောတကြီးစကားကို ရုတ်ချည်းအဖြေမပေးသေးဘဲ လူကြီးရေနွေးခွက်ကိုလှမ်းယူလိုက်၏။ သူ့လက်နှင့်ရေနွေးခွက်လွဲနေ၏။ သူ့အမြင်အာရုံထဲ၌ ဘာမှမြင်ပုံမရ. . . သို့သော် သူရေနွေးခွက်ကို ဆက်လက်စမ်းလိုက်ပြီး. . .

‘သူ့မှာ. . .’

. . . . . . . . .

‘သူ့မှာ သွေးကင်ဆာရောဂါစွဲကပ်နေပြီ. . .’

‘ဗျာ. . .’

ကျွန်တော့်အာမေဋိတ်သံနှင့်အတူ လူကြီး၏လက်နှင့်တိုက်မိပြီး ဖန်ခွက်တစ်ခု‘ခွမ်’ခနဲကျကွဲသွား၏။

ထိုဖန်ခွက်အတွင်းမှကျလာသော ရေများကို ရွှေမိုးသည်း၏နှာ ခေါင်းများမှစီးကျနေသောသွေးများ အဖြစ်မြင်မိ၏။ နောက် ဖြူဖျော့အက်ကွဲနေသော သူ့နှုတ်ခမ်းများ၊ ရီဝေဝေမျက်ဝန်း. . .

‘သူ. . . အမြဲတမ်း သွေးသွင်းနေရတယ်လေ. . . သွေးမသွင်းနိုင်ရင်. . .’

လူကြီး၏နောက်ဆက်တွဲစကားများ ဘာမှဆက်မကြားနိုင်တော့။ ရွှေမိုး၏ သွေးစုပ်ဖုတ်ကောင်. . သွေးစုပ်ဖုတ်ကောင်ဟူသော စကားများသာ နားထဲလျှံကျနေ၏။

‘ရွှေမိုးက သူသေရတော့မယ်ဆိုတာသိတဲ့အချိန်ကစပြီး သူ့ဖာသာသူ ပျော်စရာတွေကိုဖန်တီးယူတော့တာပဲကွယ်. . . အင်း. . သတ္တိတော့ အင်မတန်ကောင်းတဲ့မိန်းကလေးပါပဲကွယ်. . .’

စကားသံများ ပြန်လည်တိတ်ဆိတ်သွား၏။ ခုနက

www.burmeseclassic.com



ကျကွဲသွားသော ဖန်ခွက်ကို စားပွဲထိုးလေးတစ်ယောက်က လာရောက်သိမ်းဆည်း၏။ ဖန်ခွက်ကလေးက တိတိကျကျနှစ်ခြမ်းသာကွဲသွားပြီး ကျန်သည့်အမှုန်အဖွဲ့လေးများသာ ဖြာကျနေ၏။

'သူက ငယ်ငယ်ကတည်းက သိပ်ပြီးသွက်လက်ဖျတ်လတ်တဲ့မိန်းကလေးပါပဲကွယ်. . . ဉာဏ်ကလဲသိပ်ကောင်းတယ်. . .။ ဆယ်တန်းစာမေးပွဲကို ဆေးတက္ကသိုလ်အမှတ်မီအောင်ဖြေနိုင်ခဲ့တယ်. . .။ ဒါပေမယ့် အဲဒီနှစ်မှာပဲ သူ့ရဲ့အမေဟာ ဒီရောဂါနဲ့ ပဲဆုံးခဲ့တယ်. . . နောက်ပြီး. . . သူ့မှာလဲ. . .'

သစ်ရွက်တွေတစ်ပင်လုံးကြွေနေ၏။ ကျွန်တော့်မျက်ဝန်းမှာလဲ မိုးရိပ်တို့စွတ်စို. . .။ ကျွန်တော့်မျက်ရည်မိုးကြောင့် ဘယ်သစ်ပင် များရှင်သန်နိုင်မှာလဲ. . .။ အခုတော့ မြူမှုန်ငယ်လောက်တောင် မရှင်သန်သေး. . .။

အခုတော့. . . အခုတော့. . .

အခုတော့ကွယ်. . .

လူကြီးခေါင်းငုံ့ကျသွား၏။ ပြီးတော့ တုန်ရင်ဆို့နင့်စွာ. . .

'သူ့ရောဂါက ကျွမ်းနေပြီလေ. . .'

'ခင်ဗျာ. . .'

မိုးစက်များ ဖြန်းခနဲမျက်နှာကိုလာစင်သည်။ ထိုမိုးစက်နှင့်အတူ မိုးစက်အတုတို့ မျက်ဝန်းပေါ်ရီးလေးခို. . . ပြောစရာစကားတွေ ရင်ထဲမှာဆို့နင့်. . . ဘယ်သူကများ လောကကြီးကိုတန်ဖိုးထားနိုင်တော့မှာလဲ. . .

'သူသိပ်အထီးကျန်ဆန်လွန်းနေတယ်ကွယ်. . .'

www.burmeseclassic.com



လူကြီးအသက်ကိုခပ်ပြင်းပြင်းရှူသွင်းပြီး စကားကိုဆက်၏။ သူ့ခမျာလဲ အားတင်းပြီးပြောနေရသည့်ပုံ. . .။

'ဟုတ်တယ်ကွယ်. . . သူ့မှာဒီရောဂါဆိုးက မလွတ်နိုင်မှန်းသိတော့ ဘယ်သူကအနားလာချင်တော့မှာတဲ့လဲ. . .။ ဒါကိုလဲ ဦးနားလည်ပါတယ်လေ. . . ဘယ်သူမဆို ဒီရောဂါသည်မျိုးကို ဘယ်ချစ်ချင် ကြင်နာချင်ကြတော့မှာလဲလေ. . .'

'ကျွန်. . . ကျွန်တော်နားလည်ပါတယ် ဦး. . . ကျွန်တော်နားလည်ပါတယ်. . . ဦးတို့မှခွင့်ပြုတယ်ဆိုရင် ရွှေမိုးသည်းရဲ့ နောက်ဆုံးနေ့ရက်တွေကို ကျွန်တော်အတတ်နိုင်ဆုံးဖြည့်စွမ်းပါရစေ. . . ကျွန်တော့်ကိုခွင့်ပြုပါဦး. . . ကျွန်တော်တောင်းပန်ပါတယ်. . .'

လူကြီး ကျွန်တော့်ကိုဖျတ်ခနဲငေ့ကြည့်၏။ ပြီးတော့ မျက်ရည်များဝေ့လည်လာပြီး. . .

'ကျေးဇူးတင်လိုက်တာကွယ်. . . ကျေးဇူးတင်လိုက်တာ. . . အေးလေ နောက်ဆုံးနေ့. . . နောက်ဆုံးနေ့တွေပေါ့. . .'

× × ×

www.burmeseclassic.com

ဝုန်းခနဲရွာကျလာသောမိုး. . . ဘာမိုးများလဲကွယ် . . .

ကမ္ဘာမြေပေါ်မှ ပန်းများကိုပွင့်စေသလို . . . ငါတို့၏မျက်ရည်ကိုလည်း ကြွေလွင့်စေခဲ့. . . လေပြင်းရဲ့တိုက်ခတ်မှုများသည်လည်း သင်္ကေတများနှင့်ဖွဲ့သီအပ်သောလွမ်းတေးတစ်ပုဒ်သဖွယ် ကျူးရင့်နေလေပြီ. . . .။

သေဆုံးမည့်သူတစ်ယောက်၏ ညနေခင်းကို မည်သို့အမည်တွင်ပါသနည်း. . .။ ထိုအချိန်တွင် ရွာကျနေသောမိုးကို မည်သို့ခေါ်ဆိုရမည်နည်း. . .။

'အို. . . မိုးဒေဝါ. . . ငါ၏ချစ်ခြင်းကိုပေးပါ. . . ငါ၏အလိုဆန္ဒကိုဖြည့်ဆည်းပေးပါ. . .'

ယခုရွာနေသောမျက်ရည်မိုးများအစား. . . ပျော်ရွှင်ခြင်းမိုးစက်များသာ အလိုရှိပါသည်။ ထာဝရမချုပ်ငြိမ်းနိုင်သောသစ္စာတရား၊ နိဂုံးသို့ရောက်နေပြီဖြစ်သောရှင်သန်မှု၊ ပြီးပြည့်စုံနိုင်ခြင်းမရှိသေးသော မျှော်လင့်ချက်များကိုယ်စား တစ်ခုသာတောင်းဆိုလိုပါသည်။

'ရွှေမိုးရယ် သည်းပါတော့. . . . လို့. . .'

× × ×

www.burmeseclassic.com

အိမ်ထဲလှမ်းဝင်လိုက်သည်နှင့် အိမ်ရှေ့အုတ်ခုံတွင် ဝမ်းနည်းကြေကွဲဖွယ်ကောင်းသောမျက်နှာလေးနှင့် ငွေမိုး ကိုမြင်တော့ ကျွန်တော့်ရင်ထဲဆို့နင့်သွား၏။ သူက ကျွန်တော့်ကို တစ်ချက်မော့ကြည့်လိုက်ပြီး. . .

'ရွှေမိုးအထဲမှာရှိတယ်. . .'

ဝမ်းနည်းစိတ်ကြောင့်ထင်သည်. . . သူ့အသံက တုန် ရင်နေ၏။ ပြီးတော့ပြန်လည်ငေးရီ. . . ကျွန်တော်လည်း ဘာ မှဆက်မပြောတော့ဘဲ အိမ်တွင်းသို့လှမ်းဝင်လိုက်၏။

'သူ့အခန်းက ဟိုဘက်မှာညီကျော်. . . ဦးတော့ ဒီမှာပဲ ထိုင်နေတော့မယ်ကွယ်. . .'

ရွှေမိုးသည်းအဖေက ရွှေမိုးသည်း၏အခန်းကိုညွှန်ပြပြီး ဧည့်ခန်းထဲတွင်ထိုင်နေလိုက်၏။ သူ့ခမျာလဲ သူ့သမီး၏ဝမ်း နည်းကြေကွဲဖွယ်မြင်ကွင်းကို မြင်လိုဟန်မရ။

ကျွန်တော်ကသာ တစ်ယောက်တည်း ရွှေမိုးသည်းအခန်း သို့. . .။

× × ×

www.burmeseclassic.com

ခုတင်ပေါ်မှာ တစ်ယောက်တည်းလဲလျောင်းနေသော ရွှေမိုးသည်းကိုမြင်တော့ ကျွန်တော့်ရင်ထဲ ဝမ်းနည်းမှုတို့လှိုက်တက်လာ၏။ သူ့ခန္ဓာကိုယ်တွင် အရောင်မှိုင်းသောစောင်တစ်ထည်လွှမ်းခြုံထားပြီး သူ၏လက်ထဲတွင်တော့ လက်ကိုင်ဂိမ်းစက်အမည်းလေးတစ်ခုကိုင်၍ ဆော့ကစားနေ၏။

ကျွန်တော်အခန်းဝရောက်သည်အထိ သူသတိထားမိပုံမရသေး။ သူ့အာရုံက တတီတီနှင့်မြည်နေသောဂိမ်းစက်ပေါ်မှာသာ စုပြုံကျနေပုံရ၏။

'ရွှေမိုး. . .'

ကျွန်တော့်ရဲ့တိုးညှင်းခေါ်သံကြောင့် သူဖျတ်ခနဲငဲ့ကြည့်သည်။ ပြီးတော့ သူ့မျက်လုံးတွေ ဂိမ်းစက်ပေါ်ဖျတ်ခနဲပြန်ရောက်သွား၏။ သူ ကျွန်တော့်ကိုလုံးဝပြန်လှည့်မကြည့်တော့. . .

'အို. . .'

သူ့အသားတွေက ဖြူဖျော့ပြီး သူ့နှုတ်ခမ်းတွေက

www.burmeseclassic.com



ခြောက်သွေ့အက် ကွဲနေပါရော့လား. . .

‘ရွှေမိုး. . .’

ကျွန်တော် သူ့ခုတင်နားကပ်သွားပြီး နံဘေးမှခုံတစ်လုံးပေါ် ထိုင် လိုက်သည်။ သူ ကျွန်တော့်ကိုလှည့်မကြည့်သေး. . .။ သူ့မျက်လုံးတွေက တတီတီမည်နေသောဂိမ်းစက်အပေါ်က မရွေ့. . .။ ကျွန်တော်ကသာသူ့ကိုငေးရီ. . .။

ကြည့်နေရင်းကြည့်နေရင်းနှင့်မှ သူ့မျက်ဝန်းပေါ် မျက်ရည်တို့ ဝေ့သီလာ၏။ ဂိမ်းစက်မှတတီတီအသံများ ပို၍မြန်လာသည်။ နောက် သူ့နှုတ်ခမ်းတွေကွေးညွတ်။ လက်ထဲမှဂိမ်းစက်ခလုတ်ကိုလဲ ထင်ရာလိုက်နှိပ်နေပုံရ၏။ တတီတီအသံတို့ မြန်ဆန်ပြင်းထန်။ နောက်. . . သူ့မျက်ဝန်းမှာ. . .

‘ရွှေမိုး. . .’

အလန့်တကြား ကျွန်တော် သူ့လက်ကိုဆွဲကိုင်လိုက်သည်။

သူ့ထံမှ ရှိုက်သံတချို့လွင့်ပျံ့. . .

မျက်ရည်တို့. . . တဖြည်းဖြည်း. . . တဖြည်းဖြည်း သူ ကျွန်တော့်လက်ကိုအားရပါးရ ပြန်လည်ညှစ်ဆွဲထား၏။

ရှိုက်သံများ. . .

ရှိုက်သံများ. . .

. . . . . . . . . . .

. . . . . . . . . . .

. . . . . . . . . . .

ဆို့နင့်. . . .။

× × ×

www.burmeseclassic.com

ဖြစ်တည်ခြင်းဟူသည် နိစ္စတရား၏ တသွင်သွင်စီး ထွက်နေသော ရေပန်းကြီးပင်။ သင်တို့၏စိတ်ဝိညာဉ်များကို ထိုရေပန်းမှရေများဖြင့် ဆေးကြောသန့်စင်ကြလော့. . .။

နံနက်ခင်းတွင် ပွင့်အာလာသောပန်းပွင့်ကလေးနှင့် သင့်အသက်သည် အတူတူပင်ဖြစ်ကြောင်းနားလည်ထားပါ။ ယခုမှလတ်လတ်ဆတ်ဆတ်အဖန်ဆင်းခံရသော လူသား၏မျက်နှာမျိုးနှင့် လတ်ဆတ်မှုမျိုးကို ယူဆောင်လိုက်စမ်းပါ။ ဒါမှ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကို အစဉ်မြူဖုံးအောင်မှိုင်းတိုက်ထားနိုင်သည့်အရာမှ လွတ်မြောက်နိုင်ပေလိမ့်မည်။

ဇရာနှင့်မရဏကို အစစ်အမှန်ဟုနားလည်ပါလျှင် ကလေးငယ်သည် ပြုံးပျော်ရွှင်မြူးနိုင်ပါဦးမည်လော. . .။ ထာဝရချုပ်ငြိမ်းနိုင်သော ဘဝသစ္စာ၊ နိဂုံးမချုပ်နိုင်သေးသော ရှင်သန်မှု၊ အစဉ်သစ်လွင်နေသောပြီးပြည့်စုံမှု၊ မျှော်လင့်ချက်တို့ဖြင့်သာ ပျော်ရွှင်မှုကို တည်ဆောက်ထားလိုက်ပါ။

(ရာဘင်န္ဒြာနတ်တဂိုး)

× × ×

www.burmeseclassic.com

ဒါဟာ အပြစ်တစ်ခုလို့ဆိုရင် ငါ့အတွက်တော့အမှန်တရားသာ ဖြစ်လိမ့်မယ်. . .

ငါ. . . ဘောလုံးပွဲအကြောင်းနားမလည်ဘူး. . .

ကော်ဖီမဖျော်တတ်ဘူး. . .

လျှပ်စစ်မီးတီထွင်တဲ့လူ ငါမသိဘူး. . .

အချစ်ဆိုတာကိုနားမလည်ဘူး. . .

ငါ့ရဲ့အမှန်တရားတစ်ခုကို ပြောပြပါဆိုရင်. . .

တနင်္ဂနွေနေ့မှာ ရေမချိုးဘူး. . .

တစ်လမှာတစ်ကြိမ်တော့ လှိုက်လှိုက်သည်းသည်းငိုတယ်. .

အင်မတန်အေးတဲ့ရာသီတွေမှာပေါ့. . .

ဒါဟာ ငါ့ရဲ့အမှန်တရားပဲ. . .

သေရမှာမကြောက်တဲ့အခါတိုင်း

ငါပျော်ရွှင်နေတတ်တယ်. . .။

ဒါကို အပြစ်တစ်ခုလို့ပြောရင်လဲ. . .

အမှန်တရားပဲဖြစ်လိမ့်မယ်. . .

(ရွှေမိုးသည်း)

www.burmeseclassic.com

'နင်နေကောင်းရဲ့လားရွှေမိုး. . .'

ကျွန်တော့်ရဲ့အမေးကြောင့် သူခေါင်းထောင်ထလာပြီး. . .

'လာလေ. . . တစ်ယောက်ချင်း ကြက်ဖခွပ်ပြိုင်လိုက်ရအောင်'

'အဲ. . .'

သူ့စကားကြောင့် ကျွန်တော်ဘာဆက်ပြောရမှန်းမသိတော့. . .

'ဟိုလေ. . . ငါပြောတာက ဒီလိုလေ. . . နင့်ကျန်းမာရေး'

'လုပ်မနေပါနဲ့. . . နင်ငါနဲ့ ကြက်ဖခွပ်ပြိုင်ရဲလား. . . မရဲဘူးလားပြော. . .'

သူ့စကားကြောင့်ကျွန်တော် အတော်လေးကိုတွေဝေသွားမိ၏။ သူက စိတ်မရှည်သလိုဟန်မျိုးနှင့်. . .

'ပြောလေ. . . ပြိုင်မှာလား မပြိုင်ဘူးလား'

'ဟာ. . . မ. . . မပြိုင်ရဲပါဘူးဟာ. . .

'အေး. . . မပြိုင်ရဲရင် ဘာမှပြောမနေနဲ့. . .'

သူ့ခေါင်းအုံးပေါ် ပြန်လည်မှီလှဲချလိုက်သည်။ သူ့မျက်ဝန်းတွေက ရီဝေဝေ. . . သူ့နှုတ်ခမ်းတွေက တိကျပြတ်သားမှုကိုဖော်ပြနေတုန်း. . .

× × ×

www.burmeseclassic.com

'ငါက. . . ငါသေရမယ်ဆိုတဲ့အတွက် ဘယ်တော့မှ ဝမ်းနည်းလေ့မရှိဘူး ညီကျော်. . .'

ခန်းဆီးစကိုကျော်လွန်၍ ကသုတ်ကယက်ဝင်ရောက်လာသော မိုးရေစက်များကို သူ့လက်ဖဝါးနှင့် ခံယူလိုက်သည်. . .။

'ငါဝမ်းနည်းနေတာက. . .'

သူ့လက်မောင်းမှာ ဆေးထိုးအပ်ရာတွေပွစိတက် နေ၏။

'ငါဝမ်းနည်းနေတာက ငါ့ကိုချစ်တဲ့ခင်တဲ့လူတွေ ဝမ်းနည်းပူဆွေး ကျန်ရစ်ရမှာကိုပဲ. . . တွေးမိတိုင်းဝမ်းနည်းမိတယ်. . .'

သူ့ဆံနွယ်စတွေ ရှုပ်ထွေးပွေလီနေ၏။ ဖြစ်နိုင်လျှင် ထိုဆံနွယ်စများကို ကျွန်တော်ရှင်းလင်းပေးချင်သည်။ အဝတ်အစားများကတော့ မနေ့ကဝတ်ထားသည့်အတိုင်း မှုန်မှုန်မှိုင်းမှိုင်း. . .

× × ×

www.burmeseclassic.com

'ငါ နင့်အတွက် ပန်းသီးတွေဝယ်လာတယ် ရွှေမိုး . . .'

သူ ကျွန်တော့်ကိုဖျတ်ခနဲဝေ့ကြည့်သည်။ ပြီးတော့ သူ့စာရေးစားပွဲကို မေးငေါ့ပြပြီး. . .

'အေး. . . ဒါဆို. . . ဟိုမှာ. . . စာရေးစားပွဲပေါ် မှာ နင့်ကုန်ကျ စရိတ်တွေမှတ်ထားတဲ့စာအုပ်ရှိတယ်. . . အဲဒီ ထဲနင်ကိုယ်တိုင် ကုန်ကျစရိတ်ရေးထည့်လိုက်. . . ငါမထ ချင်လို့. . .'

ကျွန်တော် သူ့ကိုကြောင်ငေးကြည့်မိနေတုန်း. . .

'ဟဲ့. . . ပြောနေတာမကြားဘူးလား. . . နားထိုင်းရဲ့. . .'

ခပ်ငေါက်ငေါက်အော်သံ။ ကျွန်တော် သူ့ကိုသာ ကြောင်ငေးနေမိ၏။

'အာ. . . ပြောနေကြာတယ်. . . ဖယ်စမ်း ငါ့ဖာသာ ငါထယူတော့မယ်. . .'

ဟုဆို၍ အိပ်ရာထဲမှကုန်းထ၍ ကျွန်တော်ကပင်

www.burmeseclassic.com



သူ့အရင်ဦးအောင် အလျှင်အမြန်ထပြီး. . .

‘နေနေရွှေမိုး. . . ငါ. . . ငါထယူလိုက် ပါ့မယ်. . .’

ဟုပြောပြီး စာအုပ်ကိုထယူလိုက်သည်။ သူအိပ်ရာထဲပြန်လှဲလိုက်ပြီး. . .

‘အေး. . . အဲဒီစာအုပ်ထဲ ပန်းသီးဖိုးထည့်ရေးလိုက်. . . လိမ်တော့မရေးနဲ့နော်. . . ငါပြန်စစ်လို့ စာရင်းမှားနေရင် နင်နဲ့ငါတွေ့မယ်’

စာအုပ်ကိုဖွင့်လိုက်သည်။ ထိုအထဲတွင် သူရေးထားသော ကျွန်တော့်ကုန်ကျစရိတ်စာရင်းများ အစီအရီ. . .။

ထိုစာရင်းများကိုကြည့်ပြီး ကျွန်တော့်မျက်ဝန်းထဲမျက်ရည်များ ဝေ့သီလာ၏။ ထိုမျက်ရည်များမှာ တစ်ခါတုန်းကလို ကျွန်တော်၏ ကုန်ကျစရိတ်စာရင်းကိုမြင်ရ၍တော့ မဖြစ်နိုင်။

‘ပန်းသီးဖိုး ၁၅၀၀’

ဟု တုန်ရင်သောလက်အစုံနှင့် စာရင်းရေးသွင်းချိန်. . . မျက်ရည်တစ်စက် တစ်ဂဏန်းပေါ်ခုန်ချသွား၏။ မှင်စိုဘောလ်ပင်တို့ မှင် များမျက်ရည်၏သယ်ဆောင်ရာလိုက်ပါရင်း ငါးဂဏန်းကိုပါ ခြေဖျက်လိုက်၏။ ထိုဘောလ်ပင်လေးမှာ ကျွန်တော့်ထံမှ ‘ရပ်လို့မရ တော့ဘူး. . . ရပ်လို့မရတော့ဘူး’ဟုဆို၍ သူယူသွားသော ဘောလ်ပင်ဖြစ်ကြောင်းပြောနေရန်လိုမည်မထင်. . .။

‘ဟဲ့. . . ကြာလှချည်လား. . . ဘာတွေရေးထည့်နေတာ လဲ. . .’

သူမ၏ခပ်ငေါက်ငေါက်စကားသံကြား၍ ‘ပြီးပါပြီ’ဟုဆိုပြီး စာအုပ်ကိုဖျတ်ခနဲလှမ်းပိတ်လိုက်၏။

www.burmeseclassic.com



မျက်ရည် များပါပြန်လည်သိမ်းဆည်းရင်းပေါ့. . .

ပန်းသီးဖိုး 'သုညသုည'ကိုမြင်ပါက သူဘာပြောမည်တော့မပြောတတ်. . .။

ကျွန်တော် သူ့ကိုလှမ်းကြည့်လိုက် သည်။ သူကတော့ပြတင်းပေါက်တံခါးဝတွင်တင်ထားသောနှင်းဆီပန်းကိုငေးကြည့်နေ၏။

× × ×

www.burmeseclassic.com

ထိုနှင်းဆီပန်းသည် တစ်နေ့ကအနီရောင်ဖြစ်သော်လည်း ဒီနေ့တွင် အဖြူရောင်ဖြစ်နေ၏။ နှင်းဆီပန်း သွေးဆုတ်သွားတာလားဟု ကျွန်တော်စဉ်းစားလိုက်မိ၏။

သူ့ထံမှတိုးညှင်းသောစကားသံကြားရ၏။

'တကယ်တော့ လူ့ဘဝဆိုတာ လေကောင်းလေသန့်ကို ကိုးကွယ်ရသလိုပါပဲ. . .။ ခဏလေး ရှူသွင်းလိုက်ပြီး ခဏလေးပြန်ထွက် ပျောက်ကွယ်သွားရတော့တာပါပဲ. . .'

သူ့မျက်ဝန်းများ သူဝတ်ထားသောရှပ်အင်္ကျီအတိုင်း မှိုင်းဝေနေ၏။ ဖြစ်နိုင်လျှင်သူ့ကို ဗိုလ်ချုပ်ဈေးမှာတွေ့ခဲ့ရစဉ်အတိုင်း လှလှပပဝတ်ထားစေချင်၏။

'ငါတို့အသက်ရှင်နေတယ်. . . ဒါထက်ပိုပြီး ဘာမှ မလုပ်နိုင်ကြပါဘူး. . .။ ဒီထက်လဲ ဘယ်သူမှဝေးဝေးမသွားနိုင်ပါဘူး. . . နောက်ဆုံးတော့ အလိုလိုနေရင်း မရဏရဲ့ အချိန်စေ့ပြီဆိုတဲ့ ခေါင်းလောင်းသံကြားလိုက်ကြ ရတာပါပဲ . . . ဒါပါပဲ. . .'

www.burmeseclassic.com



ဆရာဝန်၏ ‘မရတော့ပါဘူးဗျာ. . .’ဟူသောစကားသံများသာ အထပ်ထပ်ကြားနေရ၏။

သူကတော့ ဘာမှမဖြစ်သလိုတည်ငြိမ်. . .။ သူ့အသားအရေတွေက ပို၍ဖြူဖျော့ပြီး သူ့အသံတွေပို၍တိုးတိမ်နေ၏။

‘နင် မနက်ဖြန်ဘာစားချင်လဲဟင်. . .’

‘ငါ. . . ကွမ်းယာစားချင်တယ်. . .’

‘ဟင်. . .’

ကျွန်တော် သူ့ကိုအံ့သြတကြီးကြောင်ငေးကြည့်နေမိသည်။

‘ဟုတ်တယ်. . . ငါကွမ်းစားချင်တယ်. . .။ ဒါမှ ငါ့ခန္ဓာကိုယ်မှာ မရှိတော့တဲ့သွေးတွေကိုယ်စား ကွမ်းသွေးတွေကို ငါ့သွေးတွေအဖြစ်မြင်ယောင်ပြီး ငါကိုယ်တိုင်ထွေးထုတ်ပစ်ချင်တယ်. . .’

သူ့လက်ထဲက ပုတီးတစ်လုံးလွတ်ချလိုက်၏။

× × ×

www.burmeseclassic.com

သူ့လက်ထဲကပုတီးတစ်လုံးလှွတ်ချလိုက်သည်။ ကွမ်းယာကို တဖြည်းဖြည်းဝါးနေ၏။

'မျှော်လင့်ချက်ဆိုတာ ဖြစ်နိုင်တဲ့အရာတွေ လောက်ကိုသာ မျှော်လင့်ချက်ထားတာကောင်းတယ်. . .။ မျှော်လင့်ချက်ဆိုတာကလဲ စိတ်ကူးယဉ်ခြင်းတစ်မျိုးပဲမဟုတ် လား။ မျှော်လင့်ချက်နဲ့လူတွေဟာ အသက်ရှင်နိုင်ပါတယ်. . .' ဒါပေမယ့် မဖြစ်နိုင်တာကို စိတ်ကူးယဉ်နေတာကတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေနေခြင်းတစ်မျိုးပါပဲ. . .။

သူ့ဘေးမှာလဲလျောင်းနေသော ဂိမ်းစက်အမည်းလေးကတော့ **Game Over** ဟူသောစာတမ်းကို ညွှန်ပြနေ၏။ သူကွမ်းသွေးများ ကို ထွေးခံထဲအားရပါးရထွေးထုတ်လိုက်သည်။ ပြီးတော့ ကျေနပ်စွာစိုက်ကြည့်နေ၏။

ငွေမိုး၏ရှိုက်သံတို့ တစ်စစီ. . . တစ်စစီ. .။ တိုးတိတ်စွာဆူညံ၏။

× × ×

www.burmeseclassic.com

'မနက်က ငါအစောကြီးနိုးလို့ တစ်ယောက်တည်း အိပ်ရာထဲကထပြီး ဂါဝန်လေးမကာမကာနဲ့. . . အိမ်ရှေ့ ဘက်ထွက်ပြီး ပန်းပင်တွေ ရေလောင်းတာပေ့ါ. . . မိုးကလဲ ဖွဲဖွဲ. . . ဖွဲဖွဲရွာနေတော့ . . . ငါလဲ ဂါဝန်လေးမကာမကာနဲ့ သွားရတာပေ့ါ. . . အဲဒီမှာဟယ် . . . သိလား နှင်းဆီပန်းဆူး တွေကလဲပေါ်တော့ ငါလဲဂါဝန်လေး. . .'

'ဟာ. . . တော်ပါတော့. . . နင် ဂါဝန်မနေတာ ဒူး အထက်ကို တောင်ရောက်နေပြီ. . . ဆက်'မ'နေရင် ငါနား မထောင်ရဲတော့ဘူး. . .'

သူရယ်ပါသည်။ သူ့နှုတ်ခမ်းတွေအက်ကွဲနေသည်မို့ ခပ်ဟဟရယ်၍မရပါ။ အမှန်တော့ဤနေ့မှ သူဂါဝန်အသစ်ဝတ် ထားကြောင်းကြွားလိုတာဖြစ်မည်။ ဂါဝန်လေးကအသစ်ပါ. . . ဒါကို သူက ကျွန်တော်မမြင်မြင်အောင် ဂါဝန်လေးမကာမကာ လုပ်ပြနေခြင်းဖြစ်သည်။

'ရွှေမိုး. . . ဆေးသောက်ရမယ်နော်. . .'

www.burmeseclassic.com



ငွေမိုး၏ တိုးလျှတုန်ရင်သောအသံ. . .။ သူမဘာမှ ပြန်မပြော. . အဝေးသို့သာငေးရီ. . .။ အတန်ကြာမှ အနီးရှိပုတီးကိုလှမ်းယူလိုက်ပြီး. . .

'မလိုတော့ပါဘူးဟာ. . . ငါ့အတွက်တော့ဘာမှ မလိုတော့ပါဘူး. . ရည်ရွယ်ချက်မရှိ၊ အဓိပ္ပာယ်မရှိဘဲ ခရီးလမ်းဆုံးနေတဲ့ငါ့အတွက် ဘာမှမလိုအပ်တော့ပါ ဘူး. . . သေမင်းရဲ့ပါးပြင်ကိုသာ ကိုယ့်ချစ်သူရဲ့ပါးပြင်လေးလို တရှိုက်မက်မက်နမ်းရှိုက်တတ်တဲ့နည်းကိုသာ လိုချင်ပါတော့တယ်။ ဒါမှ သေခြင်းတရားနဲ့ ငါ ထပ်တူကျမှာ. . .'

ပုတီးစေ့လေးတစ်လုံးလွှတ်ချလိုက်သည်။ ငွေမိုးထံမှ ရှိုက်သံသဲ့သဲ့ ရွှေမိုးအသံကန္တဲ့ကယ့်. . .။

'ဒါပေမယ့်. . . လောကကြီးကိုပုံမပြောင်းဘဲ ဒီအတိုင်းပစ်ထားရတဲ့အတွက်ပဲ. . . ငါစိတ်မကောင်းဘူး. . .' ဝုန်းခနဲ. . . မိုးတို့ရွာကျလာသည်။

ဘာမိုးလဲ. . .

ဘာမိုးလဲ. . .

ဘာမိုးများလဲကွယ်. . .

× × ×

www.burmeseclassic.com

ဆရာဝန်တစ်ယောက် အခန်းထဲ ကမန်းကတမ်းပြေးဝင်လာ၏။ ပြီးတော့ သူ့ဆေးအိတ်မှသွေးပေါင်ချိန်သောကိရိယာများထုတ်လိုက်သည်။ ပြီးနောက် ရွှေမိုး၏ပုတီးကိုင်ထားသောလက်ကိုဆွဲ၍ သွေးပေါင်ချိန်ကြည့်သည်။ ရွှေမိုး၏လက်မှပုတီးကလေးတစ်လုံး ချောက်ခနဲကျသွား၏။

ဆရာဝန် သူ့သွေးပေါင်ချိန်ကိရိယာကို သူ့လက်နှင့်ရိုက်ပုတ်လှုပ်ခါသည်။

နောက်. . . သက်ပြင်းချသံ. . .

ဆေးအိတ်ကိုဖွင့်သည်။

ဆေးထိုးအပ်များဆေးပုလင်းများထုတ်၍ ဆေးထိုးပေးသည်။

'သမီး. . . နေကောင်းသွားမယ်နော်. . . ဘာမှမစိုးရိမ်နဲ့. . . '

ဆရာဝန်ကဆေးအိတ်ကိုပိတ်ပြီး. . . အပြင်ပြန်ထွက်၏။

www.burmeseclassic.com



အခန်းဝတွင်ရပ်နေသော ရွှေမိုး၏အဖေကို တိုးတိတ်စွာ တစ်စုံတစ်ခုလှမ်းပြော၏။ လူကြီးတစ်ချက်ယိုင်သွားပြီး အခန်းဝကိုလှမ်းကိုင်လိုက်သည်။ ရွှေမိုး၏အသံကသာ တိုးတိမ်စွာထွက် ပေါ်လာ၏။

'ညီကျော်. . . ငါ. . . ငါမရှိတဲ့နောက်မှာ. . . နင်အိမ်ထောင်ပြုရမယ်နော်. . .'

'ရွှေ. . . ရွှေမိုး. . . နင်. . . နင်ဘာတွေပြောနေတာလဲ. . . ဘာတွေပြောနေတာလဲဟင်. . .'

သူ့မျက်ဝန်းတွေ မှိုင်းဝေနေ၏။ ကျွန်တော့်မျက်ဝန်းမှာရော. . .။

'နင်. . . အိမ်ထောင်ပြုမယ်လို့. . . ငါ့ကိုကတိပေးပါလားဟယ်. . .'

ကျွန်တော့်မျက်ဝန်းပေါ်မှမျက်ရည်တို့ စီးကျလာ၏။

'ညီကျော်. . . နင် ငါ့ကိုနောက်ဆုံးအနေနဲ့တောင်ကတိမပေးနိုင်ဘူးလားဟင်. . .'

သူ့ထံမှ အားမလိုအားမရ ငိုမလိုအသံ၊ ကျွန်တော်သူစိတ်ချမ်းသာအောင် ခေါင်းငြိမ့်ပြရင်း. . .။

'နင်. . . နင်စိတ်ချမ်းသာမယ်ဆို. . . ငါ. . . ငါကတိပေးပါတယ်ဟာ. . . ကတိပေးပါတယ်. . . ငါ. . . ငါအိမ်ထောင်ပြုပါ့မယ်. . .'

သူကျေနပ်သွားသလို သက်ပြင်းချ၏။ ပြီးမှ သူအဝေးသို့ငေးရီရင်း

'နင်အိမ်ထောင်ပြုပြီး မိန်းကလေးမွေးခဲ့ရင် ငါ့နာမည်ကိုပေးပါလား ညီကျော်ရယ်. . .'

ကျွန်တော့်ရင်ထဲဆို့နင့်သွား၏။ ဘာဆက်ပြောရမှန်း

www.burmeseclassic.com



လဲမသိတော့။ မျက်ရည်ကိုသာထိန်းသိမ်းရင်း ခေါင်းငုံ့နေမိ၏။

'မိန်းကလေးမွေးရင် ရွှေမိုးသည်းဆိုတဲ့နာမည်ပေးမှာလားဟင်'

'ပေး. . . ပေးမှာပါဟာ. . . အမှတ်တရအနေနဲ့ ရွှေမိုးသည်းဆိုတဲ့ နင့်နာမည်ပေးမှာပါ. . . နင်ကျေနပ် နော်. . .'

သူ ကျေနပ်စွာပြုံးလိုက်သည်။

'ယောကျ်ားလေးမွေးရင်သာ. . .'

စကားစမဆက်သေးဘဲ သူအဝေးကြီးငေးနေသည်။ သူ့နှုတ်ခမ်းက ပြုံးလို့ . . . အတန်ကြာမှ. . .

'ယောကျ်ားလေးမွေးရင်လေ. . .'

ကျွန်တော့်မျက်ရည်တွေ သူမကြည့်ပါ. . .။ သူ့စကားကိုပြန်ဆက်သည်။

'ငါ့ ငယ်ရည်းစားကိုမိုးတိမ်. . . ဆိုတဲ့နာမည်ပေးနော်. . .'

သူ့စကားကြောင့် ကျွန်တော်က ငိုရမလိုရယ်ရမလိုဖြစ်ပြီး. . .

'ဟာ. . . ရွှေမိုးကလဲဟာ. . . နင်ကလဲ. . . ဘယ်လိုကြီးလဲဟာ'

သူမပွင့်တပွင့်ရယ်ပါသည်။ နှုတ်ခမ်းကွဲနေသောကြောင့် သူအားရပါးရမရယ်နိုင်ပါ။

'အလကားပြောတာပါ. . . ငါ့မှာ ဘယ်တုန်းကမှ ရည်းစားမရှိခဲ့ပါ ဘူး. . . နင်ဝမ်းနည်းနေတာ ကြည့်ပြီး. . . ငါသနားလို့ပြောတာပါ မငိုနဲ့တော့နော်. . .'

သူ သည်းထန်စွာရွာသွန်းနေသော မိုးရေစက်များကိုငေးကြည့်နေ၏။ အတန်ကြာမှ . . .

www.burmeseclassic.com



'လူဆိုတာ အေးစက်နေတဲ့ လေဝဲကတော့ထဲ ချာချာလည်နေတဲ့ စက္ကူအပိုင်းအစကလေးတွေပဲပေါ့. . . ဒီဝဲကတော့ကြီးထဲမှာပဲ တစ်ခုနဲ့တစ်ခုဆုံတွေ့ကြတယ်. . .။ ပြီးတော့. . . အားလုံး ပျောက်ကွယ်သွားကြတာချည်းပါပဲ. . .'

ဝုန်းခနဲမိုးသည် သည်းသည်းမည်းမည်းရွာ၏။ မိုးစက်တို့အလောတကြီးအခန်းထဲပြေးဝင်လာ၏။ ရှိုက်သံများ တဝုန်းဝုန်းနှင့်စီညံ. . လျှပ်ပန်းလျှပ်နွယ်တို့ ပြိုးခနဲပြက်ခနဲ. . .။

ဘာမိုးလဲ. . .

ဘာမိုးလဲ. . .

ဘာမိုးလဲကွယ်. . .

× × ×

www.burmeseclassic.com



'ရွှေမိုးတွေ သည်းလာပြီနော်. . .'

သူမ၏တိုးညှင်းသောအသံ. . .။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

မျက်ရည်တို့ကြွေလွင့်. . .။

နောက်. . .

သူမ. . .

. . . . . . . . . . .

. . . . . . . . . . .

ငြိမ်သက်. . .

. . . . . . . . . . . .။

**အကြည်တော်**

www.burmeseclassic.com

